www.burmeseclassic.com

ဗုဒ္ဓဘုရားရှင် လက်ထက်တော်ကတည်းက အိပ်မက်ကြီးများ
ရှေးမြန်မာမင်းများ၏ သမိုင်းဝင်အိပ်မက်များ
ကမ္ဘာ့လူမျိုးခြားတို့၏ အိပ်မက်အယူအဆများ
အဓိပ္ပာယ်မဲ့အိပ်မက်နှင့် အဓိပ္ပာယ်ရှိအိပ်မက်များ

# အိပ်မက်နိမိတ်ပေါင်းချုပ်

အောင်မြတ်ဦး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## မာတိကာ

နိဒါန်း၊ သို့မဟုတ်
ကျွန်တော်နှင့် နိမိတ်မြင်အိပ်မက်များ ... ၁၇
၁။ အိပ်မက်မက်ခြင်းအကြောင်း ... ၂၁
၂။ အိပ်မက်မက်ခြင်းနှင့် ချင့်ချိန်စဉ်းစားသင့်သည့်အချက်များ ... ၂၄
၃။ အိပ်မက်နှင့်ပတ်သက်သည့် အယူအဆများ ... ၂၇
၄။ ရှေးရိုးစဉ်လာ အိပ်မက်အကျိုးပေးပုံ အယူအဆများ ... ၂၉
- ကျမ်းစာအဆိုနှင့်မှုကွဲများ
၁ - ဓာတုက္ခောဘမက်ခြင်း ... ၃၁
၂ - အနုဘူတပုဗ္ဗမက်ခြင်း ... ၃၁
၃ - ဒေဝတာဝသံတာရမက်ခြင်း ... ၃၁
၄ - ပုဗ္ဗနိမိတ္တမက်ခြင်း ... ၃၂

အပိုင်း - ၁
ကျမ်းဂန်များမှပြဆိုသည့် အိပ်မက်နိမိတ်များ ... ၃၃
၅။ နိပါတ်တော်လာ အိပ်မက်နိမိတ်များ ... ၃၅
နိမိတ်အိပ်မက် ၁၆ ချက် ... ၃၅



www.burmeseclassic.com

www.burmeseclassic.com

၆။ နိပါတ်တော်လာ အိပ်မက်နိမိတ်ကောက်ပုံများ ... ၃၆
က - မဟာသုပိလဇာတ်တော်လာ
အိပ်မက်နိမိတ်ကောက်ပုံများ ... ၃၆
ခ - စူဠကလိင်္ဂဇာတ်တော်လာ
အိပ်မက်နိမိတ်ကောက်ပုံ ... ၄၀
၇။ ဝိဒေဟရာဇ်မင်းကြီး၏ အိပ်မက် ... ၄၃
မင်းကြီးမြင်မက်သည့်အိပ်မက်၏ လက္ခဏာများ ... ၄၄
သေနကအမတ် အိပ်မက်နိမိတ်ကောက်ယူပုံနှင့် အကျိုးဆက် ... ၄၅
၈။ မဒ္ဒီဒေဝီ၏အိပ်မက် ... ၄၈
၉။ သီရိမဟာမာယာဒေဝီ၏အိပ်မက် ... ၅၁
၁၀။ ဘုရားအလောင်း၏အိပ်မက်ကြီး ၅ ပါး ... ၅၃
၁၁။ မင်းကေရာဇ်တို့၏အိပ်မက်များ ... ၅၇

အပိုင်း - ၂
**အိပ်မက်နိမိတ်ကျမ်း သို့မဟုတ်**
**ခေတ်သစ်အိပ်မက်တိတ္ထုံကျမ်း** ... ၆၃
၁၂။ အိပ်မက်မက်ခြင်းအမျိုးမျိုး ... ၆၇
၁၃။ အိပ်မက်မက်သည့်အခါများနှင့် မှုကွဲများ ... ၆၈
၁၄။ အိပ်မက်မကောင်း ပျောက်အောင်ကုနည်းနှင့် မှုကွဲများ ... ၇၀
၁၅။ အက္ခရာစဉ် အိပ်မက်နိမိတ်အဟောများ ... ၇၁

အပိုင်း - ၃
**ဂျစ်ပစီအိပ်မက်နိမိတ်၊ သို့မဟုတ်**
**အဓိပ္ပာယ်ရှိသော အိပ်မက်နိမိတ်များ** ... ၁၃၇
၁၆။ အိပ်မက်ပုံစံနှင့် အယူအဆများ ... ၁၃၉
၁၇။ အိပ်မက်နှင့် အိပ်မက်အမျိုးအစား ... ၁၄၂
၁၈။ အဓိပ္ပာယ်ရှိသောအိပ်မက်နှင့် နိမိတ်အဖွင့် ... ၁၄၅

အပိုင်း - ၄
**အရှေ့လာမ်လောကီအိပ်မက်နိမိတ်ကျမ်း** ... ၁၇၇
၁၉။ အိပ်မက်မှန်ရာ, မမှန်ရာ နေ့ရက်များ ... ၁၇၉
၁ - ကောင်းကင်နှင့်ဆိုင်သည့် အိပ်မက်အဖွင့် ... ၁၈၀
၂ - မြေကြီးနှင့်ဆိုင်သည့် အိပ်မက်အဖွင့် ... ၁၈၁
၃ - ရေနှင့်ဆိုင်သည့် အိပ်မက်အဖွင့် ... ၁၈၂
၄ - မြို့ရွာအဆောက်အအုံနှင့်ဆိုင်သည့် အိပ်မက်အဖွင့် ... ၁၈၃
၅ - သစ်ပင်, အသီးအပွင့်နှင့်ဆိုင်သည့် အိပ်မက်အဖွင့် ... ၁၈၄
၆ - ကုန်းတိရိစ္ဆာန်နှင့်ဆိုင်သည့် အိပ်မက်အဖွင့် ... ၁၈၄
၇ - ရတနာနှင့်ဆိုင်သည့် အိပ်မက်အဖွင့် ... ၁၈၅
၈ - အိမ်ထောင်မှုပစ္စည်းနှင့်ဆိုင်သည့် အိပ်မက်အဖွင့် ... ၁၈၆
၉ - စားခြင်းသောက်ခြင်းနှင့်ဆိုင်သည့် အိပ်မက်အဖွင့် ... ၁၈၆
၁၀ - အထွေထွေအိပ်မက်များအဖွင့် ... ၁၈၇
၂၀။ အိပ်မက်နှင့်ပတ်သက်၍ သိဖွယ်မှတ်ဖွယ်ရာများ - ... ၁၉၀

* ကျမ်းကိုးစာရင်း - ... ၁၉၁

www.burmeseclassic.com

- ရတနာ ၃ ပါး
- အနန္တောအနန္တ ၅ ပါးနှင့်
- ဘဝတစ်ကွေ့ ခဏတွေ့ရသော
    - ထမင်းတစ်လုတ် ကျွေးခဲ့ဖူးသူ၊
    - ရေတစ်မှုတ် တိုက်ခဲ့ဖူးသူ၊
    - စကားတစ်ခွန်း ညွှန်းဆိုခဲ့ဖူးသူများနှင့်
    - ချစ်သူ၊ မုန်းသူတို့အား
    
    ထာဝရဂါရဝဖြင့်





# နိဒါန်း
# သို့မဟုတ်
# ကျွန်တော်နှင့် အိပ်မက်နိမိတ်များ

၁

ကျွန်တော်သည် မောင်မောင်မြင့်အေး (ရောင်ပြန်)၏ တိုက်တွန်း နှိုးဆော်မှုကြောင့် အတိတ်နိမိတ်တဘောင်အကြောင်းများအား အတော်များများ ရေးဖြစ်ခဲ့၏။

ယင်းသို့ရေးဖြစ်ရာတွင် နိမိတ်နှင့်ပတ်သက်သည့် အိပ်မက်နိမိတ် အကြောင်းများအား အလိုလိုလေ့လာမိလျက်သား ဖြစ်သွားခဲ့သည်။

စင်စစ်မူ အိပ်မက်အကြောင်းသည် စိတ်ဝင်စားဖွယ် အကြောင်းတစ်ခုပင်။

ထိုကြောင့် အိပ်မက်အကြောင်းအား စူးနစ်စွာလေ့လာဖြစ်ခဲ့သည်ကို ဝန်ခံရမည်။ အိပ်မက်အကြောင်း အတော်များများကိုလည်း မဂ္ဂဇင်းတွင် အလျဉ်းသင့်သလို ရေးသားဖြစ်ခဲ့၏။

ယင်းအိပ်မက်အကြောင်းများအား တစ်နေ့တွင် စာတစ်စောင်ပေတစ်ဖွဲ့ အဖြစ်ရေးမည်ဟုလည်း စဉ်းစားဆုံးဖြတ်မိခဲ့သည်။

၂

ကိုသစ်၏ တိုက်တွန်းမှုကြောင့် နိမိတ်တဘောင်ကို ရေးသားဖြစ်ခဲ့ပြီး ထိုစာအုပ်အား ပင်မြင့်မာလာ စာပေတိုက်မှ ပြန်လည်ရိုက်နှိပ်ခဲ့သည့်အခါ ပေါက်ပေါက်၏ တိုက်တွန်းမေတ္တာရပ်ခံမှုကြောင့် ဖြည့်စွက်ချက်အနေနှင့် အိပ်မက်နိမိတ်ကျမ်းအား ဖြည့်ဆည်းရေးပေးဖြစ်ခဲ့သည်။

ထိုစာအုပ်ထွက်ခဲ့သည့်အခါ ပရိသတ်တို့ထံမှ 'အိပ်မက်နိမိတ်ကျမ်း' သီးခြားရေးသားပေးရန် တောင်းဆိုသံများကို ကြားခဲ့ရ၏။

www.burmeseclassic.com

ကျွန်တော့်ရင်ထဲတွင် 'အိပ်မက်နိမိတ်ကျမ်း' တစ်စောင် ရေးသားလိုသည့်ဆန္ဒရှိသော်လည်း အထွေထွေမအားလပ်မှုများကြောင့် မရေးဖြစ်ခဲ့။

ကျွန်တော်သည် စာပေသုတေသီတစ်ဦးပီပီ အိပ်မက်နိမိတ်နှင့်ပတ်သက်သည့်အကြောင်းများကိုသာ စုဆောင်းရင်း ရေးဖြစ်ချိန်ကိုစောင့်ခဲ့၏။

၃

ဤ 'အိပ်မက်နိမိတ်ပေါင်းချုပ်' သည် ကျွန်တော့်ဆန္ဒကို ဖြည့်ဆည်းပေးသည့် စာအုပ်တစ်အုပ် ဖြစ်၏။ ထိုစာအုပ်ရေးဖြစ်ရန် တိုက်တွန်းပြီး အစစအကူအညီပေးခဲ့သည့် စာရေးဆရာ ကိုရွှေသိမ်းမင်း (ယုန်းရွှေပြည်စာအုပ်တိုက်)အား အထူးကျေးဇူးတင်ရပေမည်။

ဤစာအုပ်ရေးဖြစ်သည်မှာ ကိုရွှေသိမ်းမင်း၏ကျေးဇူးကြောင့် ဖြစ်၏။ အိပ်မက်နိမိတ်ကျမ်းရေးသားရန် တိုက်တွန်းခဲ့သည့်၊ အကြံပြုခဲ့သည့် စာဖတ်ပရိသတ်တို့အားလည်း ကျေးဇူးအနန္တဖြင့်

စာဖတ်သူတို့၏ အကြံပြုဝေဖန်မှုကို ကြိုဆိုလျက်····

စာဖတ်သူတို့ရဲ့
**အောင်မြတ်ဦး**
၃/၂/၀၉
၃၇-က· မန္တလေးလမ်း၊ ၁၁ ရပ်ကွက်
လှိုင်သာယာမြို့



BURMESE CLASSIC .com

# အိပ်မက်နိမိတ်ပေါင်းချုပ်

## အောင်မြတ်ဦး



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## ၁- အိပ်မက်မက်ခြင်းအကြောင်း

ဤလောက၌ အိပ်မက်နှင့်ကင်းသူ ဟူ၍မရှိနိုင်။ လူနှင့်အိပ်မက်သည် အစဉ်အမြဲ ယှဉ်တွဲဆက်စပ်နေသည်ဟု ဆိုရမည်။ လူတိုင်းသည် အိပ်မက် မက်ဖူးကြ၏။

အိပ်မက်၏ပုံရိပ်သည် ပကတိဖြစ်စဉ်နှင့် တူ၏။ ကောင်းသောအိပ်မက်မြင်မက်လျှင် 'ညက အိပ်မက်ကောင်းလိုက်တာ။ သိပ် မင်္ဂလာရှိတာပဲ' ဟုအားပါးတရပြောကြ၏။ အိပ်မက်မကောင်းလျှင် စိုးထိတ်နေတတ်၏။

ထိုအတူ 'အိပ်မက်ကောင်းကို ဘယ်နေရာတွင် မပြောရ' ဟု ပညတ်ချက် များလည်း ရှိ၏။ အိပ်မက်အကြောင်းအရာက များပြားသလို၊ အိပ်မက်၏ အယူအဆ, အတွေးအမြင်များကလည်း များပြားလှ၏။

တချို့က အိပ်မက်အကြောင်းပြောပြီး 'ဘာဖြစ်သလဲဟင်' ဟုမေးတတ်ကြ၏။ အိပ်မက်ကောင်းလျှင် ကောင်းနိမိတ်ယူပြီး ပီတိဖြစ်ကြ၏။ အိပ်မက်နိမိတ်ဟုစွဲမှတ်ယူကြ၏။

အိပ်မက်တိတ္ထုံကျမ်းများ၌ အိပ်မက်သဘော များစွာပါ၏။ ပုံသေသောနည်း တွေ့ရှိသည်။ ဤကျမ်းပါဟောချက် မှန်, မမှန်ဟူသည်ကား ကိုယ်ပိုင်ဉာဏ်ဖြင့် သုံးသပ်ရမည့်အရာ ဖြစ်၏။ သို့သော် အိပ်မက်တိတ္ထုံကျမ်းများ၌ အသုံးချပစ္စည်းများနှင့်ပတ်သက်၍ သဘောထား ဟောချက်များပါသည်ကိုမတွေ့ရချေ။



www.burmeseclassic.com

www.burmeseclassic.com

သို့စေကာမူ အိပ်မက်တွင် ခေတ်ပေါ်ပစ္စည်းပစ္စယများပါ ပါဝင်မက်သည်မှာ အထင်အရှားရှိ၏။

"အိပ်မက်ကို ဘာကြောင့်မက်တာလဲ"

သည်မေးခွန်းကို အိပ်မက်မက်သူတိုင်း မေးတတ်ကြ၏။ သည်မေးခွန်းသည် အိပ်မက်မက်သူတိုင်း ဖြေကြည့်ဖို့လိုသည့် မေးခွန်းဖြစ်၏။ ယေဘုယျအားဖြင့်မူ အိပ်မက်မက်ခြင်းတွင် အကြောင်းအမျိုးမျိုးရှိကြောင်းကို တွေ့ရ၏။

အိပ်မက်သုတေသီတို့က အိပ်မက်မက်ခြင်းနှင့်ပတ်သက်သည့်

က - အစာမကြေ၍မက်ခြင်း

ခ - သွေးဒေါသ, သလိပ်ဒေါသဖြင့်မက်ခြင်း

ဂ - နတ်တို့၏လှည့်စားမှုဖြင့် မက်ခြင်း

ဃ - ရှေးဖြစ်မည့်နိမိတ်ကို နတ်တို့နိုးဆော်သဖြင့်မက်ခြင်း - စသည်ဖြင့် ဖွင့်ဆိုအဆိုပြုကြ၏။ ထို့အတူ အိပ်မက်နှင့်ပတ်သက်၍ လေ့လာလျှင် အိပ်မက်မက်ခြင်းအကြောင်းနှင့်အတူ ကာလပိုင်းခြားမှုများ ရှိနေသည်ကိုလည်း သတိပြုရမည်။

အိပ်မက်မက်ခြင်းတွင် ကာလ ၃ ပါး ပိုင်းခြားမှုရှိ၏။

၁ - အတိတ်ကို အာရုံပြု၍မက်ခြင်း

၂ - ပစ္စုပ္ပန်ကို အာရုံပြု၍မက်ခြင်း

၃ - အနာဂတ်ကို အာရုံပြု၍မက်ခြင်း - ဟုဖြစ်၏။

စင်စစ်မူ အိပ်မက်ထူးခြားမှုများ ရှိ၏။ တစ်ခါတစ်ရံ အံ့သြစိတ်ဝင်စားဖွယ်များနေ၏။ ထိုအိပ်မက်တွင်း၌ သိပြီးကြားပြီးသည့်ကိစ္စများ များပြားနေတတ်၏။ နေ့လယ်ကတွေ့ခဲ့သည့်ကိစ္စ၊ မကြာမီက ဖြစ်ပျက်ခဲ့သည့်ကိစ္စနှင့်အတူ ငယ်စဉ်က ကိစ္စ၊ မိဘ, အဆွေအမျိုးများ အတိတ်ဘဝဟောင်းမှ ဖြစ်ခဲ့သည့် အဖြစ်အပျက်များအထိ ပါဝင်တတ်၏။





အိပ်မက်မက်ခြင်းသည် စိတ်စွဲ၍မက်သည်လည်း ရှိ၏။ မရည်ရွယ်ဘဲ စိတ်သဘောအရ အာရုံပြု မက်သည်လည်း ရှိ၏။ သို့သော် စိတ်စွဲ၍မက်သည့် အိပ်မက်ကမူ သိသာလှ၏။

နေ့ခင်းကအဖြစ်အပျက်များကိုပင် အိပ်မက်ထဲ၌ ပြန်တွေ့ရ၏။

မည်သို့ဆိုစေ၊ အိပ်မက် ဟူသည် ပကတိ အစစ်အတိုင်းမက်သည် မဟုတ်။ အဖြစ်မှန်တစ်ဝက်နှင့် ထူးဆန်းသော, သဘာဝမတူညီသော ဖောက်ပြန်ပြောင်းလဲခြင်းများ ရောယှက်ကာ မက်တတ်သည့်သဘောရှိသည်ကို လေ့လာတွေ့သိခဲ့ရ၏။


www.burmeseclassic.com

www.burmeseclassic.com

## ၂- အိပ်မက်မက်ခြင်းနှင့် ချင့်ချိန်စဉ်းစားသင့်သည့်အချက်များ

အိပ်မက်၏ဖြစ်စဉ်များသည် အစဉ်အမြဲ ရိုးစင်းခြင်းနှင့် ဆန်းကြယ်ခြင်း ယှဉ်နေသည်မှာ ဓမ္မတာပင်။

အိပ်မက်ထဲ၌ လက်နက်စွဲကိုင်၍ ရန်သူနှင့် သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်နေခဲ့သည်လည်း ရှိ၏။

အိပ်မက်ထဲ၌ အသူတရာချောက်ထဲ ပြုတ်ကျပြီး လန့်နိုးခဲ့သည်လည်း ရှိ၏။

အိပ်မက်ထဲ၌ ရွှေငွေရတနာရပြီး လန့်ကာ ပီတိဖြစ်ခဲ့သည်လည်း ရှိ၏။

အိပ်မက်ထဲ၌ အံသွားကျွတ်ခြင်း၊ ဆံပင်အဖြတ်ခံရခြင်း၊ သူတစ်ပါးက တုတ်, ဓား လက်နက်ဖြင့် ထိုးခုတ်သည်ကိုခံရခြင်း စသည်တို့လည်း ရှိနေတတ်၏။

မည်သို့ဆိုစေ၊ အိပ်မက်မက်သူတိုင်းသည် အိပ်မက်မက်ပြီး အိပ်ရာမှ နိုးလျှင် အိပ်မက်နိမိတ် ကောက်ကြ၏။

အိပ်မက်နိမိတ် ကောက်ခြင်းနှင့်ပတ်သက်၍ လေ့လာလျှင် အိပ်မက်နိမိတ် သဘော ဖွင့်ဆိုသူများ၏ အိပ်မက်နိမိတ်ကောက်ယူပုံနှင့်ပတ်သက်၍ အချို့က အတွေ့အကြုံနှင့်နိမိတ်ကောက်ယူကြပြီး၊ အချို့က အိပ်မက်တိတ္ထံကျမ်းက ပုံသေနည်းများဖြင့် ဖွင့်ဆိုကြ၏။

ထို့ကြောင့် အိပ်မက်များနှင့်ပတ်သက်၍ မည်သည့်အိပ်မက်က မှန်သည်၊ မည်သည့်အိပ်မက်က မှားသည် ဆိုခြင်းနှင့်ပတ်သက်၍ အတိအကျဆုံးဖြတ်ရ ခက်လှ၏။





ပညာရှိများကမူ အိပ်မက်နှင့်ပတ်သက်၍ လူတိုင်းသည် ဘုရားဟောမှ လွဲ၍ မည်သည့်အိပ်မက်ကိုမျှ အတည်ယူခြင်း မပြုသင့်။ ယုံကြည်မှု မလွန်ကဲသင့်ဟု လမ်းညွှန်ခဲ့ကြ၏။

ယင်းကဲ့သို့ပင် လူတိုင်းသည် အိပ်မက်တစ်ခု မက်ပြီဆိုသည်နှင့် ထိုအိပ်မက်နှင့် ပတ်သက်၍ စဉ်းစားဆင်ခြင်သင့်သည်ဟု ဆို၏။ စဉ်းစားဆင်ခြင်ရမည့်အကြောင်းများလည်း ရှိပေသည်။ ယင်းတို့ကား·····

၁- အိပ်မက်မက်သူ၏ ကျန်းမာရေးကောင်း, မကောင်း
၂- အိပ်မက်မက်သူ၏ ကိုယ်ကျင့်တရားကောင်း, မကောင်း
၃- မေတ္တာဘာဝနာပွားတတ်သူ၏ အိပ်မက်ဟုတ်, မဟုတ်
၄- လောဘ, ဒေါသကြီးသူသည် အိပ်မက်ကသောင်းကနင်း မက်တတ်၏။
၅- သီလ, သမာဓိရှိသူ၏အိပ်မက်သည် အမှန်နှင့် နီးစပ်၏။
၆- အိပ်မက်မက်တိုင်း အတိတ်ကောက်ဖို့ မလို။
၇- စင်ကြယ်လွတ်မြောက်သူတို့သည် အိပ်မက်မက်ရိုး မရှိ။
၈- အိပ်မက်ကို အတိတ်ကောက်၍ ယတြာမချေသင့်။
၉- မောဟရှိသူသည် အိပ်မက် မက်၏။
၁၀- အိပ်မက်ကို ယုံကြည်ကိုးစားလွန်းခြင်းကြောင့် အကုသိုလ် ဖြစ်နိုင်၏။

စသည်တို့ဖြစ်ပြီး၊ ကျန်အချက်များနှင့်ပတ်သက်၍ အိပ်မက်သုသေတီတို့၏ ဖွင့်ဆိုရှင်းလင်းချက်များသည် အထူးသတိပြုဖွယ်ရာ ဖြစ်၏။

ဖွင့်ဆိုချက်များက...

အိပ်မက်မက်သူ ကျန်းမာရေးကောင်း, မကောင်း ဆိုသည်မှာ အကယ်၍ အိပ်မက်သူသည် ပြင်းထန်သော ဝေဒနာခံစားနေရမည်ဆိုလျှင် သူသည် အိပ်မက်ကောင်းများ မက်မည်မဟုတ်။ အိပ်မက်ဆိုးများသာ မက်နေလိမ့်မည်။

www.burmeseclassic.com

အကဲယ်၍ အကြင်သူသည် နှလုံးသွေး မတည်ငြိမ်ဘဲ စိတ်ကယောက်ကယက်ဖြစ်နေပါလျှင် ထိတ်လန့်ဖွယ်အာရုံများ ပူးကပ်နေပြီး ကစဥ့်ကလျား အိပ်မက်များ မက်တတ်၏။ ယင်းသို့မက်ရခြင်းသည် သွေးသား မညီညွတ်ခြင်း၊ စိတ်အားနည်းညှိုးငယ်နေသဖြင့် အိပ်မက်ဆိုးများ မက်ရခြင်း ဖြစ်၏။

ထိုသို့အိပ်မက်ဆိုးများ မြင်မက်ခြင်းမှပပျောက်စေရန် သရဏဂုံ ပွားများခြင်း၊ ဘုရားဂုဏ်တော် ရွတ်ဆိုခြင်း၊ သတ္တဝါတို့အား မေတ္တာပို့ခြင်းဖြင့် အိပ်မက်ဆိုးများ ပပျောက်နိုင်သည်ဟု ရှေးသူဟောင်းတို့ အဆိုပြုကြ၏။

အိပ်မက်မက်သူသည် ကိုယ်ကျင့်တရား မကောင်းသူဖြစ်ခြားအံ့။ စိတ်တည်ငြိမ်မှု မရှိ၊ တည်ကြည်သည့် သမာဓိလည်း မရှိ၊ လောဘ, ဒေါသတို့၏အာရုံများဖို့သာ ရှိ၏။ ထိုသူများမက်သည့် အိပ်မက်သည် ပြောင်လက်သည့်မစ္စည်းများ, လိုချင်ရာများကိုသာ မက်တတ်သဖြင့် အတိတ်ကောက်ယူလျှင် အချည်းနှီးသာဖြစ်မည်။

မေတ္တာဘာဝနာ ပွားများတတ်သူသည် စိတ်ကြည်လင်၏။ သောက ယှက်နွယ်သည့်စိတ်မရှိ။ ပရစိတ် များသဖြင့် လောဘ, ဒေါသ နည်း၏။ ထိုသူများသည် ကြည်လင်သည့်နိမိတ်ကို ဖြစ်စေသည့်အိပ်မက်များကို မက်တတ်၏။

လောက၌ အိပ်မက်နိမိတ်ကောက်၍ အလိုရှမ့်ကမဖြစ်တတ်သူသည် အိပ်မက်ကောင်းကို မက်တတ်၏။





## ၃- အိပ်မက်နှင့်ပတ်သက်သည့် အယူအဆများ

မြန်မာလူမျိုးတို့သည် ရှေးရိုးစဉ်လာကို လက်ခံယုံကြည်သူများပီပီ အိပ်မက်နှင့်ပတ်သက်သည့် ရှေးရိုးစဉ်လာအရ အယူအဆအမျိုးမျိုး ရှိသည်ကို တွေ့ရသည်။

'ဇမ္ဗူဒီပါ၊ လက်ျာတောင်ကျွန်း၊ နိမိတ်ထွန်းသည့် ကျွန်း' ဟု စကားရှိသည့်အတိုင်း အိပ်မက်နှင့်ပတ်သက်၍ အတိတ်နိမိတ်ကောက်သည့် အယူအဆလည်း ရှိကြ၏။

အတွေးအမြင်ရှိသူများက အိပ်မက်နိမိတ် ကောက်ရာတွင်

၁ - သွေးလေမညီညွတ်မှုကြောင့်မက်ခြင်း

၂ - စိတ်ချောက်ချားမှုကြောင့်မက်ခြင်း

၃ - ရှေးကကျင်လည်ဖူးသည်ကို စွဲ၍မက်ခြင်း

၄ - နတ်တို့လှည့်စားမှုကြောင့်မက်ခြင်း - စသည့်အကြောင်းများကို ပယ်၍ ကောင်းကျိုး, မကောင်းကျိုးကို ပေးသည့် အိပ်မက်မျိုးများ၌ နိမိတ်ကောက်ယူလေ့ ရှိကြ၏။

အိပ်မက်မက်ခြင်းနှင့်ပတ်သက်၍ 'မိလိန္ဒပဥှာ' ၌ အိပ်မက်မြင်မက်သူ ၆ ယောက်အကြောင်းအား ဖော်ပြထားသည်ကို တွေ့ရ၏။

ယင်းတို့မှာ-

၁ - လေနာရှိသူ (ဝါတိက)

၂ - သည်းခြေပျက်သူ (မိတ္တက)

၃ - သလိပ်ပျက်သူ (သေမှိက)



www.burmeseclassic.com

www.burmeseclassic.com

၄ - ငန်းသိန္နိပါတ်စွဲသူ

၅ - နတ်တို့ဖြားယောင်းသူ (ဒေဝတောဝသံတာရ)

၆ - နိမိတ်ထင်သူ (ပုဗ္ဗနိမိတ်)

စသည်တို့ဖြစ်၏။ ထို ၆ ယောက်အနက် နိမိတ်ကောက်ရသူမှာ နိမိတ်ထင်သူတစ်ဦးသာရှိ၏။ ထိုသူမျိုးမက်သည့် အိပ်မက်သည်သာ နိမိတ်ကောက်၍ရသည့် အိပ်မက်မျိုးဖြစ်၏။

မြန်မာတို့သည် အိပ်မက်ကောင်းလျှင် ထိုအိပ်မက်အား နိမိတ်ကောက်၍ ကောင်းမှုကုသိုလ်ပြုခြင်း, အလှူဒါနပြုခြင်းများပြုလျက်၊ အိပ်မက်အကျိုးခံစားရမည်ဟု ယုံကြည်ကြ၏။

ထို့အတူပင် မကောင်းသောအိပ်မက်အား မက်လျှင်မူ မကောင်းကျိုးတို့အား မခံစားရအောင် အောက်ပါအစီအရင်များ ပြုလုပ်ကြသည်ကို တွေ့ရ၏။

ယင်းတို့ကား...

၁ - ပရိတ်ရေနှင့် ပရိတ်တရားတော်ကိုရွတ်ဖတ်ပြီး ဦးခေါင်းကိုဆေးကြောခြင်း။

၂ - ထီး, တံခွန်, ပန်းပေါက်ပေါက်တို့ဖြင့် ဘုရားစေတီတို့၌ ပူဇော်ကန်တော့ခြင်း။

၃ - ဗောဓိညောင် ထောက်ခြင်း။

၄ - မကောင်းသောအိပ်မက် မက်သည်ဟုသိသည်နှင့် နံနက်စောစောထပြီး တတ်သိနားလည်သည့် မိဘ, ဆရာသမား, ရဟန်းသံဃာတို့အား ပြောဆိုလျှောက်ထားရမည်။

၅ - မိမိအား အိပ်မက်လာရောက်ပြောဆိုသူအား 'ဆရာသမား, ရဟန်းသံဃာတို့ကို သက်ရှည်ကျန်းမာပါစေ' ဟု ဧယျတုမင်္ဂလာပြုပေးပြီး၊ တတ်အားသမျှလှူဒါန်းလာသည့် လှူဖွယ်ပစ္စည်းဖြင့် ပူဇော်ခြင်းအား ခံယူပြီး အိပ်မက်ကောင်းမက်သူထံမှ အိပ်မက်ကို ဝယ်ယူရမည်။ ။ စသည်ဖြင့် ပြုလုပ်ပါက မကောင်းသောအိပ်မက်၏ဆိုးကျိုးကို မခံစားရ ဟု ယုံကြည်ကြ၏။





## ၄- ရှေးရိုးစဉ်လာ အိပ်မက်အကျိုးပေးပုံ အယူအဆများ

ရှေးရိုးစဉ်လာအရ မြန်မာအတော်များများသည် အိပ်မက်နှင့်ပတ်သက်၍ အကျိုးပေးမှုရှိသည်ဟု ယုံကြည်ကြ၏။ ထို့အတူ အိပ်မက်အကျိုးပေးပုံသည်လည်း တစ်ခုနှင့်တစ်ခု မတူညီဘဲ အယူအဆကွဲပြားမှုရှိသည်ဟု နားလည်ထားကြ၏။

က - ကျမ်းဆရာတစ်ဦး၏အဆို

၁ - ညဥ့်ဦးမက်သည့်အိပ်မက်နှင့်ပတ်သက်၍ ကောင်းကျိုး, မကောင်းကျိုးတို့သည် ချက်ချင်းမခံစားရ။ ၂၂ နှစ်ကြာမှ အကျိုးအပြစ် ရှိသည်။

၂ - သန်းခေါင်ယံမရောက်မီမက်သည့်အိပ်မက်၏ ကောင်းကျိုး, မကောင်း ကျိုးကား ၁၂ နှစ်ကြာမှ အကျိုးပေးတတ်၏။

၃ - သန်းခေါင်ယံကျော် သန်းလွဲအချိန်တွင်မက်မူ အိပ်မက်အကျိုးအား ၁ နှစ်ကြာမှ ခံစားရ၏။

၄ - မိုးသောက်ယံတွင်မြင်မက်မူ ထိုအိပ်မက်သည် ၁ လအတွင်း အကျိုးပေးတတ်သည်။

အခြားကျမ်းဆရာတစ်ဦး၏အဆို

၁ - ညဥ့်ဦးယံမက်သော် အိပ်မက်သည် ၃ နှစ်ကြာမှ အကျိုးပေး၏။

၂ - သန်းခေါင်ယံမက်သော် ၂ နှစ်ကြာမှ အကျိုးပေးတတ်၏။

၃ - မိုးသောက်ယံမက်သော် ၇ ရက်အတွင်း အကျိုးပေး၏။

(အခြား) ကျမ်းဆရာတစ်ဦး၏အဆို

၁ - ညဥ့်ဦးယံမက်သော် ၁ နှစ်ကြာမှ အကျိုးပေး၏။

၂ - သန်းခေါင်ယံမက်သော် ၁ လခွဲကြာမှ အကျိုးပေးတတ်၏။


www.burmeseclassic.com

www.burmeseclassic.com

၃ - သန်းလွဲမက်သော် ၇ ရက်ကြာ အကျိုးပေး၏။

၄ - မိုးသောက်ယံမက်သော် ၁ လမှာ အကျိုးပေး၏။

ယင်းသို့အိပ်မက်နှင့်ပတ်သက်၍ မက်ချိန်နှင့်အကျိုးပေးပုံအချိန်ကာလအား သတ်မှတ်ပြသကဲ့သို့၊ အိပ်မက်တွင် နေ့အလိုက် အကျိုးပေးမှုများရှိနေသည်ကိုလည်း ကျမ်းဆရာတို့က ညွှန်ပြခဲ့၏။

၁ - တနင်္ဂနွေနေ့မက်လျှင် မယားကို အကျိုးပေး၏။

၂ - တနင်္လာနေ့မက်လျှင် အဆွေအမျိုးကို အကျိုးပေး၏။

၃ - အင်္ဂါနေ့မက်လျှင် အမိအဖကို အကျိုးပေး၏။

၄ - ဗုဒ္ဓဟူးနေ့မက်လျှင် သားသမီးကို အကျိုးပေး၏။

၅ - ကြာသပတေးနေ့မက်လျှင် အဆွေခင်ပွန်းကို အကျိုးပေး၏။

၆ - သောကြာနေ့မက်လျှင် ကျွဲ၊ နွား၊ ဆိတ်ရှိ သတ္တဝါကို အကျိုးပေး၏။

၇ - စနေနေ့မက်လျှင် ကိုယ့်အတွက် ဟုယူဆကြ၏။

## အိပ်မက်မက်ခြင်းအကြောင်း ၄ ပါး

အိပ်မက်မက်ခြင်းနှင့်ပတ်သက်၍ အိပ်မက်သုတေသီတို့က အိပ်မက်၏ အကျိုးပေးသက်ရောက်မှု မည်မျှများပြားစွာ ရှိနေစေကာမူ၊ အိပ်မက်မက်ခြင်း အကြောင်းကမူ ၄ မျိုးသာရှိသည်ဟု ဆိုမိန့်၏။

ထို ၄ မျိုးကား…

၁ - ဓာတုက္ခောဘမက်ခြင်း

၂ - အနုဘူတပုဗ္ဗမက်ခြင်း

၃ - ဒေဝတောဝသံတာရမက်ခြင်း

၄ - ပုဗ္ဗနိမိတ္တမက်ခြင်း - စသည်တို့ဖြစ်၏။

ယင်း အိပ်မက်မက်ခြင်း ၄ ပါးအား အကျယ်ချဲ့ရလျှင် အောက်ပါအတိုင်း တွေ့ရ၏။





### ၁- ဓာတုက္ခောဘမက်ခြင်း

တောင်ပေါ်မှကျခြင်း၊ ခြေလွတ်လက်လွတ် မဆွဲမကိုင်မိဘဲ ရင်ထဲ ထိတ်ခနဲအေးခနဲဖြစ်ခြင်း၊ ဆင်၊ မြင်း၊ ခွေး၊ ဘီလူး၊ ကြောက်မက်ဖွယ် တိရစ္ဆာန်များ အကိုက်ခံရသည်ဟု မြင်မက်ခြင်း စသည်ဖြင့် တုန်လှုပ်ချောက်ချားဖွယ်အိပ်မက်များ မြင်မက်ခြင်းသည် 'ဓာတုက္ခောဘမက်ခြင်း မည်၏။

### ၂- အနုဘူတပုဗ္ဗမက်ခြင်း

ရှေးကနေဖူးသည့်အရပ်၊ ရှေးကလေ့ကျင့်ဖူးသည့်အလုပ်အကိုင်၊ အတွေ့အကြုံ၊ အပြောအဆို၊ အနေအထိုင်အတိုင်း ပြောဆိုသွားလာခြင်း စသည်တို့အား အိပ်မက်မြင်မက်ခြင်းသည် အနုဘူတပုဗ္ဗမက်ခြင်းဖြစ်၏။

ရှေးကအတွေ့အကြုံ၊ အလေ့အကျင့်ကြောင့် စိတ်စွဲ၍မက်ခြင်းဖြစ်သည်။

### ၃- ဒေဝတောဝသံတာရ မက်ခြင်း

မိမိ၏ အဆွေခင်ပွန်းဖြစ်ခဲ့ဖူးသော နတ်၊ ရန်သူဖြစ်ခဲ့ဖူးသော နတ်တို့သည် အကျိုးပြုလိုခြင်း၊ အပြစ်ပြုလိုခြင်းတို့ကြောင့် အထူးထူးသော နှစ်သက်ဖွယ်အာရုံကို ပြကြ၏။

ထိုကဲ့သို့ အာရုံအမျိုးမျိုးစိတ်တွင်ပေါ်လာလေအောင် နတ်တို့ဆောင်ပြသောအိပ်မက်ကို ဒေဝတောဝသံတာရ 'နတ်တို့လှည့်ဖြား၍မက်ခြင်း' မည်လေ၏။


www.burmeseclassic.com

www.burmeseclassic.com

### ၄- ပုဗ္ဗနိမိတ္တမက်ခြင်း

မိမိပြုခဲ့သောကောင်းမှုကံ၊ မကောင်းမှုကံတို့၏ အကျိုးအပြစ်ကို ဖြစ်လိုသောကြောင့် နိမိတ်အဖြစ် အိပ်မက်မြင်မက်ခြင်းဖြစ်သည်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားမြင်မက်သည့် အိပ်မက် ၅ ပါး၊ ကောသလမင်းမြင်မက်သည့် အိပ်မက် ၁၆ ချက်၊ မယ်တော်မာယာ၏ ဘုရားအလောင်းပဋိသန္ဓေနေအံ့သောဌာ မက်သော အိပ်မက်စသည်တို့သည် ရှေးဖြစ်မည့်အကြောင်းများအား ပြလိုသောကြောင့် မက်သောအိပ်မက်များ ဖြစ်သည်။





# အပိုင်း ၁
# ကျမ်းဂန်များမှပြဆိုသည့် အိပ်မက်နိမိတ်များ


www.burmeseclassic.com

www.burmeseclassic.com



## ၅- နိပါတ်တော်လာ အိပ်မက်နိမိတ်များ

### နိမိတ်အိပ်မက် ၁၆ ချက်

တစ်နေ့သ၌ ဗုဒ္ဓမြတ်စွာ၏ အထံသို့ ကောသလမင်းကြီး အဖူးအမြော် ဝင်၏။ ကောသလမင်းကြီးသည် ယခင်ကလည်း ဗုဒ္ဓမြတ်စွာအထံသို့ အကြိမ်ကြိမ် အဖန်ဖန် အဖူးအမြော်ဝင်တတ်သူဖြစ်၏။ ရှိခိုးပူဇော် ကော်ရော်၏။ ဆရာနှင့် ဒကာပီသစွာ ရှိသေ၏။

ယခုအခါ ဗုဒ္ဓမြတ်စွာထံသို့ မင်းကြီး ဖူးမြော်ဝင်ခဲ့သည်မှာ ရှိခိုး ကော်ရော်ရုံသက်သက် မဟုတ်။ မင်းကြီး၏ စိတ်ဝမ်းတွင် အကြောင်းတစ်ခု ရှိ၏။ ထိုအကြောင်းက တခြားမဟုတ်။

မင်းကြီးသည် အကာလ ညအခါ သလွန်ညောင်စောင်းတွင် လက်ယာနံ စောင်းကာ စက်တော်ခေါ်စဉ် အိပ်မက်စဉ် ၁၆ ချက်ကို မြင်မက်၏။ ထိုအိပ်မက် ဆုံး၍ လန့်နိုးလျှင် သိလိုစိတ် ပြင်းထန်ခဲ့၏။

အိပ်မက်သည် သာမန်အိပ်မက် မဟုတ်နိုင်။ နိမိတ်ပြအိပ်မက်သာ ဖြစ်လိမ့်မည်ဟု တွေးတောဆင်ခြင်၏။ ထို့ကြောင့် နံနက်မိုးသောက် အလင်း ရောက်လျှင် ဗုဒ္ဓမြတ်စွာထံသို့ သုတ်သုတ်ပျာပျာဖူးမြော် ဝင်၏။

ညက မြင်မက်သည့်အိပ်မက်စဉ် ၁၆ ချက်ကို တစ်ချက်ချင်း မေးလျှောက်၏။ ထိုအခါ မြတ်ဗုဒ္ဓက အိပ်မက်နိမိတ်ကို ဖြေကြား၏။



www.burmeseclassic.com

www.burmeseclassic.com

## ၆- နိပါတ်တော်လာ အိပ်မက်နိမိတ် ကောက်ပုံများ

နိမိတ်ကောက်ယူမှု ပညာစွမ်းသည် ရှေးရိုးစဉ်လာပညာရပ်တစ်ခု ဖြစ်၏။ ဗုဒ္ဓဘုရားရှင်လက်ထက်တွင် ထင်ရှားသည့် ကောသလအိပ်မက် ၁၆ ချက်သည် ဗုဒ္ဓ၏ အိပ်မက်နိမိတ်ဖြေကြားချက်များပင်တည်း။

သမိုင်းကိုပြန်ကြည့်လျှင် နိမိတ်ကောက်ပညာရပ်သည် ဗုဒ္ဓမပွင့်မီ ကတည်းက စဉ်ဆက်မပြတ် အသုံးပြုခဲ့သည့် ပညာစွမ်းဟု ယူဆရသည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓ၏ ဖြစ်တော်ပေါင်း ဟုဆိုရမည့် ၅၅၀ နိပါတ်တော်တွင်လည်း ဖြစ်စဉ်အိပ်မက်များကို ကောက်ယူဟောပြသည့်ဇာတ်ဝတ္ထုများကို တွေ့ရသည်။

ယင်းဇာတ်ဝတ္ထုများအနက် ထင်ရှားသည့်ဇာတ်ဝတ္ထု ၂ ခုကို သာဓက အဖြစ် ပြလိုသည်။

*** မဟာသုပိနဇာတ်တော်လာ အိပ်မက်နိမိတ်ကောက်ပုံ**

ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီး အုပ်ချုပ်စိုးစံစဉ်ကာလက ဖြစ်သည်။

တစ်ညသော သန်းခေါင်ယံအချိန်တွင် ဗာရာဏသီပြည်ကိုအစိုးရသော ဗြဟ္မဒတ်မင်းကြီးသည် အိပ်မက် မြင်မက်၏။ ဗြဟ္မဒတ်မင်းကြီး မြင်မက်သည့် အိပ်မက်သည် ကောသလမင်းကြီး မြင်မက်သည့်အိပ်မက်နှယ် ၁၆ ချက်ပင် ဖြစ်သည်။

* ၅၅၀ ဇာတ်တော်စဉ် - ၇၇ ရှ။





ဗြဟ္မဒတ်မင်းကြီးသည် အိပ်မက်အဆုံးတွင် လန့်နိုး၏။ အိပ်မက်ကြီးများသည် ထူးဆန်းလှ၏။ ယင်းကြောင့် ဗြဟ္မဒတ်မင်းကြီးသည် ပညာရှိများဖြစ်သည့် ပုဏ္ဏားများကို ရှေ့တော်သို့ ခစားဝင်စေ၏။

ပုဏ္ဏားပညာရှိများရောက်လျှင် ဗြဟ္မဒတ်မင်းကြီးက ထူးဆန်းသော အိပ်မက် ၁၆ ချက်၏အဓိပ္ပာယ်ကို ကောက်ယူရန် မိန့်ကြား၏။

ထိုအခါ ပုဏ္ဏားတို့က-

"အရှင်မင်းကြီး။ အရှင်မင်းကြီးမြင်မက်သော အိပ်မက်တို့သည် များပြားလှ၏၊ သို့သော် ထိုအိပ်မက်၏နိမိတ်ကို ကောက်ယူဟောရသော် မများလှ။ အိပ်မက်နိမိတ် အစစ်အနှစ်သည် မင်း၊ မိဖုရား၊ တိုင်းပြည်နှင့်သာ သက်ဆိုင်သည်ဟု ဆိုရပေမည်"

ထိုအခါ ဗြဟ္မဒတ်မင်းကြီး ပို၍စိုးရိမ်သွား၏။ "မည်သို့သက်ဆိုင်သနည်း" ဟုမေး၏။

"မှန်လှပါ။ ဘုန်းတော်ကြီးမြတ်လှသော အရှင်။ ဤအိပ်မက်များ၏ အနှစ်သဘောကို စစ်ကြောဟောရမည်ဆိုလျှင် နိမိတ်၏သဘောအရ မင်း၊ မိဖုရား၊ တိုင်းပြည်အတွက် အန္တရာယ်လွန်စွာ ကြီးမားလှပါသည်" ဟုလျှောက်၏။

မင်းကြီးသည် "သည်အန္တရာယ်ပျက်စေခြင်းငှာ မည်သို့ ယတြာပြုရလျှင် ကောင်းမည်နည်း" ဟုမေး၏။

ပုဏ္ဏားတို့က-

"မှန်လှပါ အရှင်မင်းကြီး။ ဤအန္တရာယ် လွတ်ကင်းရန်အလို့ငှာ တစ်ခုတည်းသောယတြာသည် ယဇ်ပူဇော်ခြင်းသာ ရှိပေသည်" ဟုလျှောက်၏။

ဗြဟ္မဒတ်မင်းကြီးသည် မိမိ၊ မိဖုရား၊ တိုင်းပြည်၏အန္တရာယ်ဟု ဆိုလာသဖြင့် လွန်စွာစိုးရိမ်ကာ အန္တရာယ် ပြေပျောက်စေခြင်းအလို့ငှာ ယဇ်ပူဇော်ခြင်းအမှုကို အမြန်ဆုံးပြုရန် အမိန့်ထုတ်၏။

ထိုအခါ မင်း၏အမိန့်အတိုင်း ယဇ်ပူဇော်ပွဲပြုလုပ်ရန် အမြန်ဆုံး စီစဉ်ကြ၏။


www.burmeseclassic.com

www.burmeseclassic.com

တစ်ညသ၌ ယဇ်ပူဇော်ခြင်းပြုရန် လျှောက်ထားသည့် ပုဏ္ဏားပညာရှိ၏ နေအိမ်သို့ ၎င်းပုဏ္ဏား၏တပည့်ဖြစ်သည့် လုလင်တစ်ဦး ရောက်လာ၏။

"ဘာအကြောင်းရှိသလဲ တပည့်" ဟု ဆရာပုဏ္ဏားက မေး၏။

တပည့်လုလင်က "ဆရာ့ကို မေးမြန်းစရာအကြောင်းတစ်ခု ရှိလို့ပါ" ဟုဆို၏။

ပုဏ္ဏားဆရာက "ဘာများလဲ တပည့်"

"ဆရာသခင်။ ဆရာသခင်သည် ကျွန်ုပ်တို့အား ပညာရင်နို့ သောက်စို့ ခွင့်ပေးပြီး ပညာသင်စဉ်အခါက 'နက္ခတ်အမြင် ဗေဒင်ပညာရှင်တို့၌ သူတစ်ဦးကို သတ်၍ သူတစ်ပါးကို ချမ်းသာခြင်းပြုသည်တို့သည် မရှိ' ဟုဆိုခဲ့၏။ ယခုကား အဘယ့်ကြောင့် သတ္တဝါများအသက်ကိုသတ်ပြီး ယဇ်ပူဇော်ရန် နိမိတ်ကောက် ဟောပါသနည်း" ဟုဆို၏။

ပုဏ္ဏားဆရာက "ဤနည်းဖြင့် ငါတို့ဥစ္စာ များစွာရမည်။ သင်သည် မင်း၏ဥစ္စာကို စောင့်လိုသလော" ဟု ဖြေလည်း ဖြေ၏။ မေးလည်း မေး၏။

လုလင်သည် မည်သို့မျှ မဖြေပါ။ နှုတ်ဆိတ်လျက် ဆရာပုဏ္ဏားအနားမှ ခွာ၏။ မင်းဥယျာဉ်သို့ ထွက်၏။ သတ္တဝါအများ၏အသက်ကို ကယ်တင်ရန် နည်းလမ်းရှာ၏။

ထိုစဉ် ဟိမဝန္တာနေ ဘုရားအလောင်းရှာန်ရရသေ့သည် ထိုအကြောင်းကို သိသဖြင့် လုလင်နှင့် သတ္တဝါတို့၏အသက်ကို ကယ်ရန်အလို့ငှာ ကောင်းကင် ခရီးဖြင့် မင်းဥယျာဉ်သို့လာ၏။ မင်္ဂလာကျောက်ဖျာ၌ နေ၏။

လုလင်လည်း ကျောက်ဖျာထက်တွင် ဈာန်ပျံရသေ့နားနေသည်ကို တွေ့လျှင် ရို့ကျိုးစွာသွားတွေ့၏။

ယဇ်ပူဇော်ခြင်းအကြောင်းကို ပြောရင်း

"မှန်လှပါ။ မင်းကြီးအား ပုဏ္ဏားတို့ နိမိတ်ကောက် လျှောက်ထားချက်သည် တံစိုးလက်ဆောင်လိုသဖြင့် လီဆယ်ပြောဆိုခြင်းသာဖြစ်၏၊ ထို့ကြောင့် သတ္တဝါတို့ သေမင်းတံခါးဝသို့ ရောက်ခဲ့ကြ၏။ အရှင်ဘုရား ကယ်တင်ပါ" ဟုလျှောက်၏။





"ကောင်းပြီ။ ငါ သတ္တဝါတို့ သေဘေးမှလွတ်စေခြင်းငှာ အမှန်ကို ဟောကောက်ပြမည်" ဟု မိန့်လျှင်၊ လုလင်သည် ဝမ်းသာစွာဖြင့်

"မှန်လှပါ အရှင်ဘုရား။ ဤကျောက်ဖျာထက်မှ စောင့်လင့်ပါ" ဟု ဆိုပြီး၊ မင်းကြီးထံသို့ ဝင်၏။ မင်းထံသို့ရောက်လျှင်

"မှန်လှပါ။ ဘုန်းတော်ကြီးမြတ်လှသော အရှင်မင်းကြီး။ အရှင်မင်းကြီး၏ အိပ်မက်နိမိတ်ကို ကောင်းစွာတိကျဟောပြနိုင်သည့် ဈာန်ပျံရသေ့တစ်ပါး မင်းဥယျာဉ်သို့ ရောက်နေပါသည်။ အရှင်မင်းကြီး မေးလှည့်ပါ" ဟု ဆို၏။

ဗြဟ္မဒတ်မင်းကြီးသည် ဥယျာဉ်တော်သို့ ချက်ချင်းကြွချီခဲ့၏။ ဈာန်ပျံရသေ့ရှေ့သို့ရောက်လျှင် လက် ၁၀ ဖြာဦးထိပ်မိုးပြီး "မှန်လှပါ။ ကျွန်ုပ် မြင်မက်သည့် အိပ်မက် ၁၆ ချက်ကို နိမိတ်ကောက် ဟောတော်မူပါ" ဟု လျှောက်၏။

ဈာန်ပျံရသေ့ကလည်း ဗြဟ္မဒတ်မင်းကြီးမြင်မက်သည့် အိပ်မက် ၁၆ ချက်ကို ဗုဒ္ဓမြတ်စွာ နိမိတ်ကောက်ဟောခဲ့သကဲ့သို့ တစ်ခုချင်း နိမိတ်ကောက်ကာ ဟောပြ၏။

အိပ်မက် ၁၆ ချက်ဆုံးလျှင် ဤသို့မိန့်၏။

"အရှင်မင်းကြီး။ အရှင်မင်းကြီးသည် အိပ်မက်များနှင့် နိမိတ်ကို သိပေပြီ။ ဤအိပ်မက်များ၏ နိမိတ်မှန်ကိုဆိုလျှင် မင်းနှင့်တကွ မိဖုရား၊ တိုင်းပြည်အတွက် အန္တရာယ်မရှိ။ နောင်အခါမှသာ ဖြစ်မည့်ကိစ္စဖြစ်သဖြင့် စိုးနောက်ဗျာပါလည်း မဖြစ်သင့်။ မင်းကြီးအပြုအမူများကြောင့် ဥပဒ်ဖြစ်နိုင်၏။ ယဇ်ပူဇော်ခြင်းကိုလည်း မပြုသင့်"

ယင်းသို့ ဈာန်ပျံရသေ့၏ အိပ်မက်နိမိတ်ကောက် ဟောပြချက်ကို ကြားလျှင် ဗြဟ္မဒတ်မင်းကြီး ဝမ်းမြောက်လေ၏။ သတ္တဝါအပေါင်းအား အနှောင် အဖွဲ့မှလွတ်စေ၏။

ဈာန်ပျံရသေ့သည် မင်းအား အိပ်မက်နိမိတ်ကောက် ဟောပြောပြီး ကောင်းကင်မှပင် ဟိမဝန္တာသို့ပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

မင်းလည်း ဈာန်ပျံရသေ့၏အဆုံးအမဖြင့် တည်ကာ အသက်ထက်ဆုံး ကောင်းမှုပြုသတည်း။

## * စူဠကလိင်္ဂဇာတ်လာ နိမိတ်ကောက်ပုံ

ကလိင်္ဂတိုင်း ဒန္တပူရမြို့၌ ကလိင်္ဂမင်း မင်းပြု၏။

အဿကတိုင်း ပါဋလိမြို့၌ အဿကမင်း မင်းပြုလေ၏။

ကလိင်္ဂမင်းသည် စစ်သည်ဗိုလ်ပါ ပြည့်စုံ၏။ အတိုင်းတိုင်းအပြည်ပြည်ကို စစ်ထိုးရန်ဆိုသော်လည်း စစ်ပြိုင်စစ်ထိုးမည့်သူမရှိ။

ထို့ကြောင့် ကလိင်္ဂမင်းသည် သူ၏သမီး ၄ ယောက်ကို အစောင့်အကြပ်အထပ်ထပ်ခြံရံလျက် ဖမ္ဘူဒိပ်၌လှည့်လည်စေကာ "ဤသမီးများကို ယူလိုသူသည် ထိုမင်းနှင့် စစ်ထိုးရမည်" ဟု ဆိုစေ၏။

ရောက်ရာအရပ်တိုင်းတွင် ကလိင်္ဂမင်းကို ကြောက်ကြသဖြင့် မြို့တွင်းသို့ ဝင်ခွင့်မပေး။ လက်ဆောင်ပဏ္ဏာများကိုသာ ပေးပို့၏။ ဤကဲ့သို့ပင် အဿကမင်းသည် အများသူငါတို့နှယ် မြို့တံခါးကို ပိတ်စေ၏။ လက်ဆောင် ပို့စေ၏။

သို့သော် အဿကမင်း၏ ပညာရှိအမတ် နန္ဒိသေနသည် မြို့တံခါးကို မပိတ်။ မင်းသမီးတို့ကိုခေါ်ကာ မြို့တွင်းသို့ဝင်၏။ အဿကမင်း၏ရှေ့သို့ ရောက်လျှင်

"အရှင်မင်းကြီး။ ကျွန်ုပ်တို့သည် ကလိင်္ဂမင်းနှင့် စစ်ထိုးကြအံ့" ဟု ဆိုပြီး၊ မင်းသမီးတို့ကို အဿကမင်းအား ပေး၏။

မင်းသမီးတို့၏အခြံအရံများ ကလိင်္ဂတိုင်းသို့ပြန်သွားကြပြီး ကလိင်္ဂမင်းအား အကျိုးအကြောင်းကို ပြော၏။

ကလိင်္ဂမင်းသည် စစ်သည် ဗိုလ်ပါများနှင့် စစ်ထွက်၏။

ပညာရှိ နန္ဒိသေနအမတ်သည် ကလိင်္ဂမင်းအား 'မင်း ၂ ပါးတို့၏ နိုင်ငံ ၂ခုကြား၌သာ စစ်ထိုးမည်' ဟု အမှာပို့၏။

* ၅၅၀ ဇာတ်တော်စဉ် ၃၀၁ ရှု။





ထိုအခါ မင်း ၂ ပါးတို့သည် မိမိပိုင် နိုင်ငံအပိုင်းအခြားအတွင်းတွင် ရှိနေကြ၏။

ထိုအချိန် ဘုရားလောင်းရသေ့သည် ထိုမင်း ၂ ပါးကြားရှိ တိုင်းကြားတွင် နေ၏။

တစ်နေ့ ဘုရားလောင်းရသေ့ထံသို့ ကလိင်္ဂမင်း သွား၏။ စစ်ထိုးခြင်း အကြောင်းကိုလျှောက်၏။

"ဘယ်မင်း အောင်မည်နည်း" ဟုမေး၏။

ဘုရားအလောင်းသည် ထိုအကြောင်းနှင့်ပတ်သက်၍ မိမိအထံသို့ လာရောက်ခစားသည့်သိကြားမင်းအား မေးလေ၏။

နောက်တစ်နေ့ ဘုရားအလောင်းထံသို့ ကလိင်္ဂမင်းရောက်လာလျှင်

"သင်အောင်၍ အဿကမင်း ရှုံးမည်" ဟုဆို၏။

ကလိင်္ဂမင်းသည် "ငါအောင်ပြီ" ဟု ကြွေးကြော်၍ ဝမ်းသာအားရ ပြန်လေ၏။

ထိုစကားနှင့်ပတ်သက်၍ နန္ဒိသေနကြားလေလျှင် ဘုရားအလောင်း ထံသို့ သွား၏။

"အရှင်ဘုရား။ အောင်မည့်မင်းနှင့် ရှုံးမည့်မင်းတို့၏ ပုဗ္ဗနိမိတ်များသည် အဘယ်သို့ရှိမည်နည်း" ဟု မေးလေ၏။

ဘုရားအလောင်းက "မှတ်လော့။ အောင်မည့်မင်း၏ အစောင့်နတ်သည် ဥသဘဖြူဖြစ်၍ ရှုံးမည့်မင်း၏အစောင့်နတ်သည် ဥသဘနက် ဖြစ်၏။ ထိုနတ် ၂ ဦးတို့ အောင်ခြင်း၊ ရှုံးခြင်းကို ပြကြမည်" ဟု ဆိုလေ၏။

သို့ဖြင့် စစ်ထိုးခြင်းစသော် မင်း ၂ ပါးသည် မြင်းကိုယ်စီနှင့် တစ်ဦးကို တစ်ဦး ချဉ်းကပ်ကြ၏။

ထို့အတူ မင်း ၂ ပါး၏အစောင့်နတ်တို့သည်လည်း အများကို မြင်စေလျက် ဥသဘများအသွင် မင်း ၂ ပါး၏ရှေ့မှ စစ်ထိုးကြလေ၏။

ထိုအခါ အဿကမင်း၏ပညာရှိအမတ် နန္ဒိသေနက မင်း၏အပါးသို့ လျှင်မြန်စွာချဉ်းကပ်ပြီး ဤသို့ဆို၏။

www.burmeseclassic.com



"အရှင်မင်းကြီး။ ပုဗ္ဗနိမိတ်အရ အကျွန်ုပ်တို့၏အစောင့်နတ်သည် ဥသဘနက် ချူးကပ်မည်။ ဥသဘနက် သေရမည်။ ထို့ကြောင့် အရှင်မင်းကြီးသည် သိန္ဓောမြင်း၏နံဘေး၌ လက်ဝဲလက်ကို မြဲစွာဖက်ကိုင်၍ လျင်မြန်စွာ ကလိင်္ဂမင်း၏ အစောင့်နတ်ဥသဘဖြူအား လှံနှင့်ထိုးလော့။ ဥသဘတို့၏အောင်ခြင်း, ရှုံးခြင်းသည် ကျွန်ုပ်တို့၏အောင်ခြင်း, ရှုံးခြင်း အထိမ်းအမှတ်ဖြစ်သည်" ဟုဆို၏။

အဿကမင်းက "ကောင်းပြီ အမတ်ကြီး။ ကျွန်ုပ် အောင်အောင် ကြိုးစားမည်" ဟုဆို၏။ ထို့နောက် အဿကမင်းသည် အမတ်ကြီး နန္ဒိသေန ပြောဆိုမှာကြားသည့်အတိုင်း လေကဲ့သို့လျင်သောအဟုန်ဖြင့် ကလိင်္ဂမင်း၏ အစောင့်နတ်ဥသဘဖြူကို လှံနှင့်ထိုးလေ၏။

အဿကမင်း၏လှံချက် ဥသဘဖြူကိုထိလေသည်နှင့် တစ်ပြိုင်နက် ပညာရှိအမတ်ကြီး နန္ဒိသေနနှင့်တကွ သူရဲ ၁၀၀၀ တို့သည် ထိုနေရာသို့ပင် လှံ ၁၀၀၀ နှင့်ပစ်ကာ ထိုးကြ၏။

ပြင်းထန်များပြားလှသော လှံချက်များကြောင့် ဥသဘဖြူသည် ထိုနေရာ၌ပင် လဲသလို၊ အစောင့်နတ်လည်း ထိုနေရာ၌ပင် မြေတွင်တုံးလုံးလဲသေလေ၏။

ထိုအခါ အဿကမင်း၏စစ်သည်များနှင့် အမတ်ပညာရှိ နန္ဒိသေနသည် "အောင်ပြီ၊ အောင်ပြီ" ဟု အောင်စည်အောင်မောင်းတီးသလို ကျယ်လောင်စွာ အော်ပြီး လျှပ်တစ်ပြက် ထိုးစစ်ဆင်တိုက်လေ၏။

ကလိင်္ဂမင်းနှင့်တကွ စစ်သည်များသည် 'အောင်မည်' ဟု ယုံကြည်ပြီး ခွဲလုံ့လနည်းကြသူများဖြစ်သလို တစ်ဘက်မှ ထိုးစစ်ဆင်လာသောအခါ မယှဉ်သာဘဲ စစ်ရှုံး၍ ပြေးရလေသတည်း။





## ၇- ဝိဒေဟရာဇ်မင်းကြီး၏ အိပ်မက်

ဝိဒေဟရာဇ်တိုင်း ပါစိကပြည်အားအစိုးရသည့် 'ဝိဒေဟရာဇ်' အမည်ရှိ မင်းကြီးတွင် ပညာရှိအမတ်ကြီး ၄ ဦးသည် အိပ်မက်မြင်မက်ခြင်းမဖြစ်မီကပင် ရှိနှင့်နေ၏။ ထိုအမတ် ၄ ဦးကား..

'သေနက' မည်သောအမတ်
'ပက္ကုသ' မည်သောအမတ်
'ကာမိန္ဒ' မည်သောအမတ်
'ဒေဝိန္ဒ' မည်သောအမတ် စသည်တို့ဖြစ်၏။

ထိုအမတ်ကြီး ၄ ဦးတို့သည် မင်းကြီးအား ကောင်းမှု, မကောင်းမှုနှင့် အကျိုးအမြတ်ကို ခွဲခြားဝေဖန် ဆုံးမညွှန်ပြလေ့ရှိ၏။ မင်းကြီးကိုယ်တိုင်လည်း အမတ်ကြီးတို့၏ဝေဖန်ဆုံးမမှုကို နာခံပြီး မင်းကျင့်တရားနှင့်အညီ အုပ်ချုပ် သဖြင့် တိုင်းပြည်သည် သာယာဝပြော၏။

တစ်နေ့သ၌ မင်းကြီးသည် ထူးဆန်းသည့်အိပ်မက်တစ်ခုအား မြင်မက်၏။ အိပ်မက်မြင်မက်ပုံကား-

ဝိဒေဟရာဇ်မင်း၏ ညီလာခံရာမြေအပြင်ရှိ ထောင့်ကြီး ၄ ထောင့်၌ မြို့တံတိုင်းစင်အမြင့်ရှိသည့် မီးပုံကြီး ၄ ပုံသည် တောက်လောင်နေ၏။ မီးရောင်သည် ထိန်ထိန်လင်းနေ၏။

ယင်းသို့ မီးပုံကြီး ၄ ပုံ အရှိန်အဟုန်နှင့် တောက်လောင်နေစဉ် မီးပုံကြီး ၄ ပုံ၏အလယ်၌ ပိုးစုန်းကြူးခန့်သာ ပမာဏရှိသည့် မီးပုံငယ်ကလေး ၁ ပုံ ပေါ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

မီးပုံကလေးသည် အစတွင်သေးငယ်ပြီး တဖြည်းဖြည်းတောက်လောင်လာကာ အလျှံညီးညီး လင်းလက်လာ၏။ ထို့နောက် မီးပုံကလေး၏ မီးရောင်သည် မီးပုံကြီးများအား လွှမ်းမိုးသွား၏။

မီးပုံကလေးသည် အလင်းရောင်တစ်စတစ်စပိုလာပြီး အထက်ဗြဟ္မာပြည်သို့တိုင်အောင် တက်သွား၏။ စကြဝဠာတိုက်တစ်ခုလုံးအား အလင်းရောင် လွှမ်းမိုးသွား၏။

ရှိသမျှ အမိုက်မှောင်သည်လည်း မီးပုံကလေး၏ အလင်းရောင်အောက်၌ ပျောက်သွား၏။

ထိုမီးပုံငယ်သည် ကောင်းကင်သို့ထွန်းလင်းပြီး မြေပြင်သို့ ကျလာပြန်၏။ ထိုအခါ မုန်ညင်းစေ့သဏ္ဍာန်ဖြစ်သွား၏။ ထိုအခါ နတ်ပြည်, လူ့ပြည်၌ ရှိကြကုန်သည့် လူအပေါင်းသည် ပန်း, နံ့သာတို့နှင့် ဝိုင်းဝန်းပူဇော်ကြ၏။

သို့နှင့်ပင် မီးလျှံတို့ အလယ်၌ လူတို့ သွားလာနေသည်ကို တွေ့ရသော်လည်း ပူလောင်ခြင်း မရှိ။ ငြိမ်းချမ်းစွာ သွားလာနေကြသည်ကို အိပ်မက်မြင်မက်၏။

မင်းကြီးသည် ထိုအိပ်မက်အဆုံး ဖြန်းခနဲထိန်လန့်စွာ နိုး၏။

နံနက်မိုးသောက် အလင်းရောက်သည်နှင့် တိုင်ပင်အပ်သည့်အမတ်ပညာရှိ ၄ ဦးအား ခေါ်ယူကာ အိပ်မက်အကြောင်းကို ပြောပြလေသည်။

### မင်းကြီးမြင်မက်သည့် အိပ်မက်၏လက္ခဏာများ

၁ - မီးတောက်မီးလျှံ။

၂ - မီးပုံကြီး ၄ ပုံနှင့် ပိုးစုန်းကြူးပမာဏ မီးပုံကလေးတစ်ပုံ။

၃ - မီးပုံကြီးအလင်းထက် မီးပုံငယ်အလင်းရောင်က ပို၍ လင်းအားကောင်းပြီး လွှမ်းမိုးခြင်း။

၄ - ကောင်းကင်မှ ပြန်ကျလာသောမီးပုံငယ်ကို လူနှင့် နတ်တို့ ပူဇော်ခြင်း။

၅ - မီးလျှံအတွင်း လူများသွားလာကြသော်လည်းမပူလောင်ဘဲငြိမ်းချမ်းစွာရှိခြင်း။





ဤကား အဓိကကျသည့် လက္ခဏာပါအချက် ၅ ချက် ဖြစ်ပါသည်။ မင်းကြီးက အိပ်မက်အား အမတ်ကြီး ၄ ဦးသိစေရန် မိန့်ကြားပြီး အိပ်မက်နိမိတ်အား သေနကအမတ်က ဖတ်ကြား၏။

သေနကအမတ် နိမိတ်ဖတ်ကြားသည်မှာ

"အရှင်မင်းကြီး။ မီးတောက်မီးလျှံဆိုသည်မှာ ဉာဏ်ပညာကိုလည်းကောင်း၊ ဘုန်းလက္ခဏာကို လည်းကောင်း ဆိုလိုခြင်းဖြစ်ပါ၏။ မီးပုံကြီး ၄ ပုံဖြစ်သည့်နိမိတ်မှာ ကျွန်ုပ်တို့ အမတ်ကြီး ၄ ယောက်၏ဉာဏ်ပညာကို ဖော်ပြသည့် အိပ်မက်နိမိတ် ဖြစ်ပါတယ်အရှင်မင်းမြတ်။"

"အရှင်မင်းမြတ်။ မီးပုံငယ်ဆိုသည်ကတော့ အရှင်မင်းမြတ်အတွက် နောက်ထပ်ပေါ်ပေါက်လာမည့် ပညာရှိ ၁ ဦးကို ဆိုလိုခြင်းဖြစ်ပါတယ်။ အရှင်မင်းမြတ်။ မီးပုံကြီး ၄ ပုံအား မီးပုံငယ်၏ အရောင်အဝါက လွှမ်းမိုးသွားသည့် အဓိပ္ပာယ်မှာ ကျွန်ုပ်တို့အမတ်ကြီး ၄ ဦးထက် အစွမ်းထက်တဲ့ ပညာရှိကလေး ပေါ်လာမယ့် အဓိပ္ပာယ်သာဖြစ်ပါတယ်အရှင်။"

"အရှင်မင်းကြီး။ ကျွန်တော်မျိုးမြင်ရသလောက် အိပ်မက်နိမိတ်ကို ဖတ်ကြားရမည်ဆိုလျှင် ဤပညာရှိကလေးသည် နတ်နှင့်တကွ လူသူအများကြား၌ အတုမရှိ ဂုဏ်သတင်းကျော်ကြား ထင်ရှားသူဖြစ်မည်မှာ ဧကန်ဖြစ်ပါတယ်အရှင်။" ဟု မင်းကြီး၏အိပ်မက်နိမိတ်အား မြင်တွေ့သည့်အတိုင်း သေနကအမတ်က ဖတ်ကြားပြလေသည်။ ဝိဒေဟရာဇ်မင်းကြီးအဖို့ လွန်စွာ နှစ်ထောင်းအားရဖြစ်ရလေသည်။

### သေနကအမတ် အိပ်မက်နိမိတ်ကောက်ယူပုံနှင့် အကျိုးဆက်

သေနကအမတ်၏ အိပ်မက်နိမိတ်ကောက်ယူပုံ မှန်ကန်ခြင်းနှင့်ပတ်သက်၍ လေ့လာစိစစ်ကြည့်လျှင် သေနကအမတ်သည် စဉ်းစားသင့်သည့်အချက်များအား ထည့်သွင်းစဉ်းစားခြင်း၊ မလိုအပ်သည်များကို ထုတ်ပယ်ခြင်း၊ အရေးကြီးသည့်အကြောင်းတို့အား ညီညွတ်အောင်ယူဆတတ်ခြင်း တို့ကြောင့်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့်လည်း သေနကအမတ်၏ အိပ်မက်နိမိတ်ကောက်ယူပုံ မှန်ကန်ခဲ့ခြင်းဖြစ်၏။

ဝိဒေဟရာဇ်မင်းကြီး၏အိပ်မက်အရ

'မီးလျှံသည် ဘုန်းတန်ခိုးပညာ'

'မီးပုံငယ်သည် သေးငယ်ခြင်း၊ အသစ်ပေါ်ခြင်း၊ စတင်ဖြစ်ထွန်းခြင်း'

'မီးပုံငယ်မှ မီးပုံကြီးထက် ပို၍ကျော်စောခြင်း'

'၄ ပုံလွှမ်းမိုးခြင်းသည် လွှမ်းမိုးနိုင်ခြင်း'

'မီးပုံငယ်အား လူ, နတ်တို့ပူဇော်ခြင်း'

'နတ်နှင့်တကွ လူတို့၌ ကျေးဇူးပညာဖြင့် ထင်ရှားမည့်သူဖြစ်ခြင်း' စသည့်အချက်များအား ဗေဒင်ကျမ်းများ, နေမိတ္တကကျမ်းမှ ထွက်ဆိုသည့်အတိုင်း မိမိ၏ ဉာဏ်ပညာဖြင့် သေနကအမတ်ကြီးက နိမိတ်ကောက်ယူ နိုင်စွမ်းရှိခြင်း ဖြစ်သည်။

စင်စစ် ဝိဒေဟရာဇ်မင်းသည် ယင်းအိပ်မက်အား မက်ခဲ့ချိန်၌ ဘုရားအလောင်းဖြစ်သည့် မဟောသဓာပညာရှိ ပဋိသန္ဓေယူချိန် ဖြစ်၏။ အိပ်မက်မက်ခဲ့ခြင်းသည် မဟောသဓာပညာရှိ ပေါ်ပေါက်လာမည့် အကြောင်းနိမိတ် အိပ်မက်မြင်မက်ခဲ့ရခြင်း ဖြစ်သည်။

ဝိဒေဟရာဇ်မင်းကြီး၏အိပ်မက်အတိုင်းပင် မိတ္ထိလာတိုင်းပြည်၌ မဟောသဓာပညာရှိသည် ပေါ်ပေါက်ခဲ့၏။

သီရိဝဍ္ဎနသူဌေးကြီး၏ဇနီး သူဌေးကတော် သုမနဒေဝီမှ မဟောသဓာသုခမိန်အားဖွားတော်မူခဲ့ပြီး၊ မဟောသဓာ၏ဘုန်းတန်ခိုးအာနုဘော်ကြောင့် ဖွားစဉ်ကပင် သိကြားမင်းပေးသည့်ဆေးမြစ်ကို ကိုင်ကာ မွေးဖွားလာခဲ့၏။

မဟောသဓာသုခမိန်သည် ငယ်စဉ်ကပင် ထူးခြား၏။ ဖွားဖက်တော် ၁၀၀၀ နှင့် ဇရပ် ဆောက်လုပ်၏။ ဗိသုကာဆရာကိုပင် ညွှန်ကြားနိုင်သည့်အစွမ်း ရှိ၏။





၇ နှစ်သားအရွယ်မှာပင် အမဲတရားစီရင်ခြင်း၊ နွားတရားစီရင်ခြင်း၊ သားတရားစီရင်ခြင်း၊ မယားခိုးတရားစီရင်ခြင်း၊ ရထားတရားစီရင်ခြင်း စသည့် ပြဿနာ ၇ ရပ်အားဖြေရှင်းနိုင်သဖြင့် ကျော်စောမှုကြီးမားခဲ့သည်။

ထို့အတူ မဟောသဓာသုခမိန်သည် ထူးချွန်ထက်မြက်စွာ ပြဿနာ အရပ်ရပ်အား စီရင်ဆုံးဖြတ်ခဲ့သဖြင့် ဝိဒေဟရာဇ်မင်းကြီးကိုယ်တိုင် နန်းတော်၌ ခေါ်ယူမြှောက်စားခဲ့၏။

မဟောသဓာသုခမိန်သည် နတ်, လူတို့အကျိုးအား ဉာဏ်ပညာဖြင့် အထင်အရှားရွက်ဆောင်နိုင်သည့် ပညာရှိ ဖြစ်ခဲ့၏။ ဤကား ဝိဒေဟရာဇ်မင်း၏ အိပ်မက်နိမိတ် အကျိုးတည်း။


www.burmeseclassic.com

www.burmeseclassic.com

## ၈- မဒ္ဒီဒေဝီ၏အိပ်မက်

မဒ္ဒီဒေဝီသည် ရင့်မှာ ၁ ကျိပ်ဟု ခေါ်ဆိုရသည့် မြတ်စွာဘုရား၏ နောက်ဆုံးလူ့ဘဝဖြစ်သည့် ဝေဿန္တရာမင်းကြီးဘဝ၌ မိဖုရားကြီးအဖြစ် ထင်ရှားခဲ့သူဖြစ်၏။

မဒ္ဒီဒေဝီသည် ရွှေဘုံရွှေနန်းတွင်စံမြန်းစဉ်ဘဝက မိဖုရားဖြစ်ခဲ့သော်လည်း ဝေဿန္တရာမင်းကြီးက ဆင်ဖြူတော်အားလှူခဲ့၍ ပြည်သူအပေါင်း ငြိုငြင်ခဲ့သဖြင့် ဝင်္ကပါတောင်သို့ အနှင်ခံခဲ့ရသည်။ ဆင်ပြောင်ကြီးသွားရာ ဆင်မယဉ်သာ လိုက်ပါ ဆိုသည့်စကားအတိုင်း ဝင်္ကပါတောင်သို့ ဝေဿန္တရာမင်းကြီးနှင့်အတူ လိုက်ခဲ့သည့် ဇနီးမြတ် ပါရမီဖြည့်ဖက်လည်း ဖြစ်၏။

မဒ္ဒီဒေဝီသည် အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သဗ္ဗုလ တော်လေးဝ ဝင်သည့် မယား ၄ ဦးအနက် တစ်ဦးအပါအဝင် ဖြစ်၏။ မဒ္ဒီဒေဝီသည် ခင်ပွန်းသည်နှင့် ကောင်းတူဆိုးဖက် သစ်ခက်တဲ၌နေရင်း ခင်ပွန်းသည်အား ဝတ်ကြီးဝတ်ငယ် ပြုကာ သီလဆောက်တည်နေခိုက် တစ်ညသ၌ အိပ်မက်တစ်ခု မြင်မက်၏။

မဒ္ဒီဒေဝီသည် ယင်းအိပ်မက်မက်စဉ် ဇူဇကာပုဏ္ဏားသည် သားနှင့်သမီး အား ဝေဿန္တရာမင်းကြီးထံမှအလှူခံရန် ဟိမဝန္တာတောရှိ သာနုအမည်ရှိတောင်သို့ ရောက်နေခိုက်ဖြစ်၏။

မဒ္ဒီဒေဝီမြင်မက်သည့်အိပ်မက်က ထူးဆန်းသည့်အိပ်မက် ဖြစ်၏။ ထိုအိပ်မက်သည် အိပ်မက်ဆိုးလည်း ဖြစ်၏။

မဒ္ဒီဒေဝီ၏အိပ်မက်ထဲ၌ အသားမည်းကျုတ်ကျုတ်နှင့် အလွန်တရာ အရုပ်ဆိုး၍ ကြောက်မက်ဖွယ်ကောင်းလှသည့် လူကြီးသည် ပန်းရည်စွန်းသော ပုဆိုးကို ဝတ်ဆင်ထား၏။





နား ၂ ဖက်တွင် ရဲရဲနီသည့်ပန်းများကိုပန်ဆင်ထားပြီး ဆိုးဝါးမည်းနက် သောအသွင် ပေါက်နေ၏။ သူ၏ရုပ်သွင်သည် ကြောက်စရာလည်း ကောင်းနေ၏။

ပြီးတော့ လက်နက်ဆန်းများနှင့် မဒ္ဒီဒေဝီ၏ အိပ်ခန်းတွင်းသို့ ဝင်လာ၏။

ထိုမည်းနက်ရုပ်ဆိုးလွန်းသူသည် မဒ္ဒီဒေဝီအား လက်နက်နှင့် ခြိမ်းခြောက်ပြီး၊ မဒ္ဒီဒေဝီ၏ ဆံပင်တို့အား ဆုပ်ကိုင်ဆွဲယူ၏။

ထို့နောက် မဒ္ဒီဒေဝီအား မြေတွင်လှဲချလိုက်ပြီးလျှင် ရက်စက်သည့် လူကြမ်းကြီးသည် မဒ္ဒီဒေဝီ၏မျက်လုံးအစုံအား လက်နှင့် ထိုးဖောက်ယူလိုက်၏။

အကြောက်ကြောက်အရွံ့ရွံ့နှင့်ဟန့်တားနေသည့် မဒ္ဒီဒေဝီ၏ လက်အစုံ အားလည်း ထက်သောဓားနှင့် ခုတ်ချလိုက်၏။

ပြီးလျှင် မဒ္ဒီဒေဝီ၏ရင်ကိုခွဲကာ နှလုံးသည်းပွတ်အား ကြမ်းတမ်းစွာ ဆုပ်ဆွဲယူလိုက်၏။

မဒ္ဒီဒေဝီသည် ကြောက်လန့်သောစိတ်ဖြင့် အိပ်ရာမှ လန့်နိုးခဲ့၏။ နှလုံးသွေးတို့ဆူပွက်နေပြီး ကြောက်လန့်နေ၏။

"ငါ့အိပ်မက်တွေက ယုတ်မာပြီး ကြောက်စရာကောင်းလွန်းလှတယ်။ ဒီအိပ်မက်ကြောင့် ဘယ်လိုအကျိုးခံစားရမလဲ မသိဘူး"

မဒ္ဒီဒေဝီ မည်သူ့ကို မေးရမည်နည်း။

ဤဟိမဝန္တာတော၌ အိပ်မက်နိမိတ်ကိုဖတ်တတ်သူမှာ ဝေဿန္တရာ မင်းကြီးတစ်ဦးသာ ရှိ၏။

မဒ္ဒီဒေဝီသည် ဝေဿန္တရာမင်းကြီးအနီးသို့ချဉ်းကပ်ကာ အိပ်မက်နိမိတ်ကို မေး၏။

ဝေဿန္တရာမင်းကြီးကမူ မဒ္ဒီဒေဝီ၏ အိပ်မက်အကြောင်းကိုကြားရလျှင် သူ၏ဒါနပါရမီ ပြည့်တော့မည်ကိုသိသဖြင့် ပျော်နေ၏။ အိပ်မက်အဓိပ္ပာယ်ကား-

မဒ္ဒီဒေဝီ၏နှလုံးသည်းပွတ် ဟူသည် ချစ်စွာသော သားနှင့်သမီး ဖြစ်၏။ မဒ္ဒီဒေဝီ၏ သားနှင့်သမီးအား တခြားသူတစ်ဦး ယူဆောင်ခြင်း ခံရမည်။ သားနှင့် သမီးအားလှူဒါန်းလိုသည့် ဝေဿန္တရာမင်းကြီး၏ ဒါနပါရမီ ပြည့်တော့မည် ဟူသောအဓိပ္ပာယ် ဆောင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com


လက် ၂ ဖက်ကိုဖြတ်သည် ဟူသည်ကား မိမိ၏ တွယ်တာနှစ်သက်သည့် ခန္ဓာကိုယ်အစိတ်အပိုင်းနှင့် တူသည့် ကဏှာနှင့် ဇာလီ ဟူသည့်သဘောပင် ဖြစ်၏။

ကြမ်းတမ်းမည်းနက်သောကိုရုပ်ဆိုးမှာ ဇူဇကာပုဏ္ဏားအသွင် ဖြစ်၏။

အနိဋ္ဌာရုံများနှင့်ပြည့်နှက်နေသည့် မဒ္ဒီဒေဝီ၏အိပ်မက် အချက်အလက်များတွင် လူမည်းကြီး၊ လက်နက်နှင့် နှိပ်စက်ခြင်း၊ လက် ၂ ဖက်ဖြတ်ခံရခြင်း၊ နှလုံးသည်းပွတ်ကို ယူဆောင်သွားခြင်း ဟူသည့်အချက်အလက်နှင့် ကြေကွဲပက်လက်ဖြစ်ရမည့် နိမိတ်လက္ခဏာများပင်။

မဒ္ဒီဒေဝီ အိပ်မက်မက်သကဲ့သို့ မဒ္ဒီဒေဝီ သစ်သီးရှာနေစဉ် ဘုရားဆုပန် ဝေဿန္တရာမင်းကြီးက သူ၏ပါရမီကိုရည်၍ သားနှင့်သမီးအား ဇူဇကာပုဏ္ဏားထံသို့ လှူလိုက်လေ၏။

မဒ္ဒီဒေဝီကြေကွဲရ၏။

ဤကား မဒ္ဒီဒေဝီ၏အိပ်မက်နိမိတ် အကျိုးဆက်တည်း။





## ၉- သီရိမဟာမာယာဒေဝီ၏အိပ်မက်

သီရိမဟာမာယာဒေဝီသည် ၃ လူထွတ်ထား ပဋ္ဌမြားသင်းကျစ် ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာ၏မယ်တော် ဖြစ်၏။

ဗုဒ္ဓမြတ်စွာအဖြစ်သို့ရောက်တော်မူမည့် အလောင်းတော်သိဒ္ဓတ္ထမင်းသားအား ပဋိသန္ဓေနေတော်မူသည့်အခါ ထူးခြားသည့်အိပ်မက်တစ်ခုကို မြင်မက်၏။ ထိုအိပ်မက်ကား -

စတုမဟာရာဇ် နတ်မင်းကြီး ၄ ပါးသည် သီရိမဟာမာယာဒေဝီအား အိပ်ရာနှင့်တကွ မချီ၍ ဟိမဝန္တာတောအရပ်သို့ ခေါ်ဆောင်သွား၏။

ယူဇနာ ၆၀ ရှိသည့် ဆေးဒန်းမြင်းသီလာကျောက်ဖျာထက်၌ တင်၏။ ၇ ယူဇနာရှိသည့် အင်ကြင်းပင်ကြီးသည် ကျောက်ဖျာအပြင်ကို မိုးလျက်တည်နေ၏။ နတ်မင်းကြီး ၄ ပါးတို့သည် သီရိမဟာမာယာဒေဝီကို ကျောက်ဖျာပေါ်တွင်တင်ပြီးနောက် တင့်တယ်စွာရပ်နေကြ၏။

ထို့နောက် နတ်မင်းကြီး ၄ ပါး၏နတ်မိဖုရားတို့ ရောက်လာကြပြီးနောက် သီရိမဟာမာယာဒေဝီမိဖုရားအား အနောဝတတ်အိုင်သို့ ယူဆောင်လျက် လူတို့၏အနံ့ပျောက်စေခြင်းငှာ ရေချိုးသန့်စင်ပေးကုန်၏။

ထိုသို့ရေချိုးပြီးနောက် နတ်တို့၏အဝတ်တန်ဆာကို ဝတ်စားဆင်ယင်လျက်၊ နတ်တို့၏ပန်းကို ပန်ဆင်ပေး၏။

အနောဝတတ်အိုင်၏အနီးတွင် ငွေတောင် ရှိ၏။ ထိုငွေတောင်အတွင်း၌ ရွှေဗိမာန်သည် တည်ရှိ၏။ ထိုရွှေဗိမာန်ကို ဦးခေါင်းပြုလျက် သီရိမဟာမာယာဒေဝီကို အိပ်ရာခင်း၍ အိပ်စေကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ဆင်ဖြူတစ်ကောင်သည် ထိုငွေတောင်၏အနီး ရွှေတောင်သို့ သွား၏။ ရွှေတောင်မှသက်လျက် ငွေတောင်ပေါ်သို့ တက်၏။

မြောက်မျက်နှာအရပ်မှလာလျှင် ငွေပန်းဆိုင်းနှင့်တူသော ကြာကို ယူဆောင်လျက် ကြိုးကြာသံကဲ့သို့မြည်ပြီးသကာလ ရွှေဗိမာန်သို့ဝင်ပြီးလျှင် သီရိမဟာမာယာဒေဝီ၏အိပ်ရာကို ၃ ကြိမ်လက်ယာရစ်လှည့်ပတ်ကာ လက်ယာနံစောင်းကိုခွဲလျက် ဝင်သည်နှင့်အတူ ဖြစ်၏။

သီရိမဟာမာယာဒေဝီသည် ထိုအိပ်မက် မြင်မက်သည့်အချိန်မှာပင် ဘုရားအလောင်းသည်စုတေ၍ သတိအဆင်ခြင်မကင်းလွတ်ဘဲ ပဋိသန္ဓေ နေတော်မူ၏။

ဤကား သီရိမဟာမာယာဒေဝီမြင်မက်သည့် ဘုရားအလောင်း ပဋိသန္ဓေယူသည့်အိပ်မက်ပင် ဖြစ်သတည်း။





## ၁၀- ဘုရားအလောင်း၏ အိပ်မက်ကြီး ၅ ပါး

လူ့လောက၌ လူချင်းတူပါလျက် လူသားတို့သည် အားလုံး ပခုံး ၂ ဘက်ကြား ခေါင်းပေါက်သူများ ဖြစ်ကြသော်လည်း လူချင်း မတူကြချေ။ လူတွင် ပုဂ္ဂိုလ် ၄ မျိုးရှိ၏။

ဤသို့ပုဂ္ဂိုလ် ၄ မျိုးရှိသကဲ့သို့ ထိုပုဂ္ဂိုလ် ၄ မျိုး၏ အိပ်စက်ပုံချင်း ကလည်း မတူညီကြချေ။ သို့နှယ်ပင် လဲလျောင်းပုံ၊ နေထိုင်ပုံ၊ သွားလာပုံနှင့် ဣန္ဒြေတို့ကလည်း မတူညီကြချေ။

လူတစ်ဦး၏ အနေအထိုင်ကိုကြည့်၍ 'ဤသူကား သူယုတ်၊ ဤသူကား သူလတ်၊ ဤသူကား သူမြတ်' ဟူ၍ ခွဲခြားနိုင်သည့် ယေဘုယျလက္ခဏာများ ရှိ၏။

သီလ အစရှိသောဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား အလောင်းနှင့် သာမန်လူတို့၏အိပ်စက်ခြင်းသည် မည်သို့မျှတူနိုင်မည် မဟုတ်ချေ။

အိပ်ခြင်း ၄ ပါး ရှိ၏။

၁ - <u>မြတ်စွာဘုရား၏အိပ်ခြင်း</u> (တထာဂတသေယျ)

မြတ်စွာဘုရားသည် ညဥ့်ဦးပိုင်း၊ ညဥ့်လယ်ပိုင်း၊ ညဥ့်နှောင်းပိုင်း ဟူ၍ ညကာလ ၃ ပါး (ညဥ့် ၃ ယံ) တွင် 'မဇ္ဈိမယံ'ဟုခေါ်သော နောက်ဆုံးပိုင်း တွင်သာ အိပ်စက်လေ့ရှိ၏။

အိပ်စက်သည့်အခါတွင် လက်ယာဘက်သို့ စောင်းလျက် စတုဣရိယာပုထ်ကို ဝင်စားကာ အိပ်စက်ခြင်း ဖြစ်၏။ ဤသို့အိပ်စက်ခြင်းကို တထာဂတသေယျ 'ဘုရားရှင်၏အိပ်ခြင်း' ဟုခေါ်၏။



www.burmeseclassic.com

www.burmeseclassic.com

၂ - ပညာရှိတို့၏အိပ်ခြင်း (သီဟသေယျ)

ပညာရှိတို့သည်လည်း ညဦးယံ၌ မေ့မေ့လျော့လျော့အိပ်စက်ခြင်း မရှိ။ သတိ ဝီရိယနှင့် အိပ်ခြင်း၊ 'သီဟသေယျ' ဟုခေါ်သော ကေသရာဇာခြင်္သေ့မင်းတို့ အိပ်စက်ခြင်းကဲ့သို့ ညဦးယံ၌ ၂ ကြိမ်သာ အိပ်စက်ခြင်းဖြစ်၏။

၃ - အိမ်ထောင်သည်တို့၏အိပ်ခြင်း (ကာမလောကီသေယျ)

ကာမဂုဏ်ကို ခံစားလေ့ရှိသည့် အိမ်ထောင်သည်တို့သည် ည၌ ၃ ယံလုံး အိပ်စက်လေ့ ရှိ၏။ ည၌ ၃ ယံတွင် ၃ ယံလုံးအိပ်စက်၍ မေ့လျော့ သတိကင်းစွာ နေလေ့ရှိသည်။

၄ - သူဖုန်းစားတို့အိပ်ခြင်း

သူတစ်ပါးဘုန်းကံကို မှီခိုစားသောက်သူ၊ မိမိ၏လုံ့လဝီရိယနှင့် အလုပ် မလုပ်ဘဲ မှီခိုတောင်းရမ်း စားသောက်တတ်သူကို 'သူဖုန်းစား' ဟု ခေါ်သည်။

မိမိ၏ဘုန်းကံဖြင့် မစား၊ သူတစ်ပါး၏ဘုန်းကံကို မှီခိုစားသည် ဟူသော အဓိပ္ပာယ်ဖြစ်၏။ ထိုသူတို့သည် အချိန်ရှိသမျှ လဲလျောင်းကာ အားအားရှိတိုင်း အိပ်စက်လေ့ရှိသောကြောင့် နေ့ညမရွေး လဲလျောင်းအပျင်းကြီးကာအိပ်စက်မှုမျိုးကို သူဖုန်းစားတို့အိပ်ခြင်းဖြင့်အိပ်သည် ဟုဆို၏။

ဘုရားရှင်၏ အိပ်မက်ကြီး ၅ ပါးနှင့်ပတ်သက်သည့် 'အင်္ဂုတ္တိုရ်နိကာယ်၊ ပဉ္စကနိပါတ် မဟာသုပိနသုတ်' ၌ ဤသို့ပြဆို၏။

ဘုရားဖြစ်တော်မူသည့် ကဆုန်လပြည့်နေ့ မိုးသောက်ပိုင်း ဘုရား အလောင်းတော်သည် အိပ်မက်ကြီး ၅ ပါး မြင်မက်ရာ

၁ - ပထမအိပ်မက်မှာ စကြဝဠာမြေအပြင်သည် ဟသရေရှိသော အိပ်ရာတော် ဖြစ်သည်။ ယူဇနာ ၅၀၀ မြင့်သော ဟိမဝန္တာတောင်သည် အလောင်းတော်၏ဦးခေါင်း ဖြစ်သည်။





အလောင်းတော်၏ လက်ဝဲဘက်လက်သည် အရှေ့စကြဝဠာ တောင်ထိပ်၌ တင်တော်မူ၏။ လက်ယာလက်သည် အနောက်စကြဝဠာ တောင်ထိပ်၌ တင်၏။ ခြေအစုံမှာ တောင်စကြဝဠာတောင်ထိပ်၌ တင်လျက် ပက်လက်အိပ်စက်တော်မူသည်ဟု ဦးစွာမြင်မက်၏။

၂ - ဒုတိယအိပ်မက်မှာ 'တိရိယ' အမည်ရှိသော နေဇာမြက်သည် ထွန်တုံးရိုးမျှရှိလျက်၊ အနီရောင်အလင်းဖြင့် ချက်တော်မှထွက်လျက် ၁ ထွာ, ၁ တောင်, ၁ လံစသည်ဖြင့် ရှည်ထွက်သွားလေသည်။ ထိုသို့ ရှည်ထွက် သွားရာမှ ယူဇနာအသိန်းမက ကောင်းကင်သို့တက်သွားပြီးလျှင် ကောင်းကင် တစ်ခွင်လုံး၌ ပြန့်လျက်တည်၏ ဟု မြင်မက်တော်မူသည်။

၃ - တတိယအိပ်မက်မှာ မြတ်စွာဘုရားအလောင်းတော်၏ ခြေဖျားမှစ၍ ပိုးကောင်များသည် ပုဆစ်ဒူးတိုင်အောင် တက်လာ၏။ ထိုပိုးကောင်ကလေး များသည် ကိုယ်ပိုင်းတွင် အဖြူရောင်ရှိလျက် ဦးခေါင်းပိုင်းတွင် မည်းနက်သော အရောင်အဆင်းရှိလေသည်။

၄ - စတုတ္ထအိပ်မက်မှာ အရောင် ၄ မျိုးရှိသော ငှက်တို့သည် အရပ် ၄ မျက်နှာမှလာပြီး မြတ်စွာဘုရား၏ရှေ့တော်သို့ရောက်လျှင် ဖြူသောအရောင် ဖြစ်ကြကုန်၏။ ညိုသောအရောင်အဆင်းရှိသည့် ငှက်တို့သည်လည်း အဖြူရောင်ဖြစ်၍ စင်ကြယ်၏။ ရွှေသောအရောင်, နီသောအရောင်, ဖျော့တော့သောအရောင်ရှိသော ငှက်တို့သည်လည်း ထို့အတူ မြတ်စွာဘုရား ရှေ့သို့ရောက်လျှင် ဖြူဝင်းစင်ကြယ်ကြလေသည်။

၅ - ပဥ္စမအိပ်မက်မှာ တောင်ထိပ်ပေါ်တွင် မသန့်မစင်ဖြစ်နေရာ ထိုတောင်ထိပ်ပေါ်၌ မြတ်စွာဘုရားအလောင်းတော် စင်္ကြံသွားတော်မူသော် ပေကျံခြင်း, လိမ်းကျံခြင်းမရှိ သွားနိုင်သည်ဟု မြင်မက်တော်မူ၏။

ဘုရားအလောင်းတော်သည် ထိုအိပ်မက် မြင်မက်ပြီး နောက်နေ့မှာပင် ဘုရားစင်စစ် ဧကန်ဖြစ်လေသည်။


www.burmeseclassic.com

www.burmeseclassic.com

**အလောင်းတော်၏အိပ်မက်အကျိုး**

ပထမအိပ်မက်အရ 'စကြဝဠာတောင်များ၌ခြေ ဟိမဝန္တာတောင်ကို ခေါင်းအုံးအိပ်ရသည်' ဟူသောနိမိတ်မှာ အတုမရှိသော သဗ္ဗညုတဉာဏ်ကို သိခြင်းဖြစ်မည် ဟု အဓိပ္ပာယ်ကောက်၏။

ဒုတိယအိပ်မက်အရ 'အလောင်းတော်၏ ချက်မှထွက်သော ထွန်တုံး ခန့်ရှိသည့် မြေဇာမြက်သည် ကောင်းကင်သို့တက်လျက် ပြန့်သည်' ဟူသော သဘောမှာ အင်္ဂါ ၂ ပါးဖြစ်သော မဂ်တရားကို နတ်၊ လူအပေါင်းတို့အား ပြသရသည် ဟူသောပုဗ္ဗနိမိတ် ဖြစ်၏။

တတိယအိပ်မက်အရ ကိုယ်ဖြူလျက် ခေါင်းမည်းသည့်ပိုးများ ခြေဖျားမှ ဒူးတိုင်အောင်တက်ခြင်းမှာ မြတ်စွာဘုရား၏ အဆုံးအမသြဝါဒ၌ တည်သော ကြည်ညိုသောသဒ္ဓါရှိသည့်ပုဂ္ဂိုလ်၊ သတ္တဝါတို့သည် မြတ်စွာဘုရားအား ဆည်းကပ်ကြ၍ သရဏဂုံယူခြင်း၏ ပုဗ္ဗနိမိတ်ဖြစ်၏။

စတုတ္ထအိပ်မက်အရ 'အရောင် ၄ မျိုးရှိသည့် ငှက်တို့သည် မြတ်စွာ ဘုရားရှင်၏ရှေ့၌ ဖြူစင်ထွန်းပကုန်သည်' ဟူသောသဘောမှာ မင်း အစရှိသည့် အမျိုး ၄ ပါးတို့သည် မြတ်စွာဘုရား၏သာသနာတော်၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်လျက် အတုမရှိသောမဂ်၊ ဖိုလ်ကို မျက်မှောက်ပြုခြင်းပုဗ္ဗနိမိတ် ဖြစ်သည်။

'မသန့်စင်သောတောင်ထိပ်၌ မလိမ်းမကျံဖြစ်၍ စင်္ကြံသွားတော်မူခြင်း' ကား ပစ္စည်း ၄ ပါးကို ရတော်မူသော်လည်း မလိမ်းမကျံရှိတော်မူခြင်း ပုဗ္ဗနိမိတ် ဖြစ်သည်။





**၁၁- မင်းကောရာဇ်တို့၏အိပ်မက်များ**

၁ - စလေငချေး မင်းဖြစ်လိုသော်

'ချက်မှ အူထွက်၍ ပုဂံမြို့ကိုပတ်လျက်နေသည်' ဟု အိပ်မက် မြင်မက်သည်။

၂ - ပထမမင်းခေါင် မင်းဖြစ်လိုသော်

၁၂နှစ်သားအရွယ်၌ 'အူထွက်၍ အင်းဝမြို့ကိုပတ်လျက် နေသည်' ဟု အိပ်မက် မြင်မက်၏။

၃ - သတိုးမင်းဖျားအိပ်မက်

တစ်ညသ၌ သတိုးမင်းဖျား အိပ်မက်မြင်မက်သည်ကား

'အင်းဝမြို့တည်ရာအရပ်၌ လက်ပံပင်ကြီးတစ်ပင် ပေါက်၏။ ထိုလက်ပံပင် ထိပ်ဖျား၌ ဆဒ္ဒန်ဆင် နား၏။ ခက်မ ၄ ဖြာ၌ ပရိက္ခရာ ၈ ပါးနှင့် တကွသော ရဟန္တာမြတ် ၄ ပါးတို့ သီတင်းသုံးတော်မူ၏။

အပင်ရင်း၌ကား ခြင်္သေ့စောင့်၏။

အပင်ဖျား၌ကား နဂါးစောင့်၏။

ခက်မ ၄ ဖြာ၌ သီတင်းသုံးနေသည့် ရဟန္တာတို့အား ဂဠုန်သုတ်သည်။'

။ ။ ဟု အိပ်မက်မြင်မက်၏။

**ပိဋကတ်ကျမ်းတတ် ယန်းထူးကြီး သဃရာဇာ၏ အိပ်မက်အဖြေ**

မြို့တည်ရာအရပ် လက်ပံပင်ပေါက်သည့် အလိုကား-

လက်ပံပင်တို့သဘော ဖွံ့ထွားကြီးမားသည်သာ။ အနှစ်မရှိ၍ ၃ နှစ် ၁ ကြိမ် အပွင့်၊ အသီးနှင့် ပြည့်စုံ၏။


www.burmeseclassic.com

www.burmeseclassic.com

ပြည်တော်၌နေလိုသူတို့သည် ကျော်စောတိက္ကမ ကြီးမားမည်။ စည်းစိမ် ဥစ္စာ နည်းလတ္တံ့။

၃ နှစ် ၁ ကြိမ်လည်း ထူး၍သာယာစည်ပင်အံ့။

လက်ပံပင်ထိပ်ဖျား ရဟန္တာ ၄ ပါး နားသည့်အလိုကား နိုင်ငံတော် ၄ မျက်နှာစလုံး၌ သာသနာတော် ထွန်းပစည်ပင်ရာဖြစ်မည်။

ထိုရဟန္တာ ၄ ပါးအား ဂဠုန်ယူသုတ်သည် ဟူသည့်အိပ်မက်အလိုကား တနင်္ဂနွေသား မင်းပြုသောအခါ သာသနာတော်အား သုတ်သင်ချီးမြှင့်လတ္တံ့။

အပင်ရင်း၌ ခြသေ့်စောင့်သည်အလိုကား ပြည်ရွာထောင်ဖက်စသည့် ရန်သူအပေါင်းတို့သည် ခန့်ညားရွံ့ရှာလတ္တံ့။

အပင်ဖျား နဂါးစောင့်သည်အလိုကား ဤပြည် အစွန်ဆုံးသော စနေနံမင်းလက်ထက်၌ မြို့ရွာပြောင်းလဲ တည်ရလတ္တံ့။ ။ ဟု အိပ်မက်ကို ဖတ်ကြား၏။

၄ - * အင်းဝမြို့ကြီး ပျက်ခါနီး၌ ပထမအရှင်တစ်ပါးသည် 'ဝိနသုခံဖံတု ဝိနသု' ဟူသောအက္ခရာ ရေး၍ပါလာသည်ဟု မြင်မက်၏။

ယင်းအိပ်မက်နှင့် ပတ်သက်၍ ၄င်းစာကိုခံသည့် ကောင်းကင်သည် 'ဝိနသု၊ ပျက်လေပြီ။ ဖံတု၊ သတ္တဝါတို့သည်။ ဝိနသု၊ ပျက်လတ္တံ့။' ဟု ကျော်အောင်စံထားဆရာတော်က အနက်ဖွင့်၏။

* တပင်ရွှေထီးဖွားတော်မူခါနီး၌ နွယ်ကုန်းသူကြီးသမီးသည် ယပ်ခတ်ရင်း ခြေတော်ကိုဖက်ရင်း အိပ်ပျော်သွားပြီး စူးစူးဝါးဝါးအော်၏။

မင်းကြီးက 'အဘယ်နည်း' ဟုမေး၏။

သူမက 'ကောင်းကင်မှ နေမင်းသည်ဆင်းလာပြီး သူမဝမ်းကိုခွဲကာ ဝင်သွားသည့်အိပ်မက်ကို မက်သည်' ဟုပြော၏။

မင်းကြီးက 'ထိုသူသည် နေကဲ့သို့ဘုန်းကြီးသူ ဖြစ်မည်' ဟုဖြေ၏။





* ဘုရင့်နောင် တောင်ငူသို့ချီမည်ပြုသောညက အိပ်မက်တစ်ခု မြင်မက်၏။ အိပ်မက်က 'အရက်သီး ၁ နိုင်တွင် ၅ လုံးသီးပြီး အခေါင်လုံး အသီးကို ဆွတ်၍စားရသည်' ဟုဖြစ်၏။

အိပ်မက်အလိုကား-

ညီတော်သည် 'မင်းခေါင်' အမည်ခံ၍ ကေတုမတီကို မင်းပြုသည်။ အခေါင်တွင်ရှိသည့်သရက်သီးကို စားရသည်ဟု မက်သည်နှင့်အညီ ညီတော်မင်းခေါင်နှင့်အတူ တစ်မြို့လုံး ရသည်။

* အလောင်းဘုရားအရွယ်ရောက်စဉ် ခံတွင်းမှ အခိုးအငွေ့ထွက်၍ အခိုးအငွေ့များသည် ၁ ယူဇနာ၊ ၂ ယူဇနာမှ နတ်ပြည် ၆ ထပ် နတ်ရပ်သို့တိုင်အောင် တက်၏ဟု အိပ်မက် မြင်မက်၏။

နောက်တစ်ကြိမ် အိပ်မက်သည်ကား လက်ယာလက်ရုံးမှာ မီးတောက် မီးလျှံထွက်ပြီး အိပ်မက်မှလန့်နိုး၏။

ဤကား မင်းဖြစ်မည့် အိပ်မက်တည်း။

* အလောင်းမင်းတရားကြီး ဘုရင်ဖြစ်ခါနီး၌ ခမည်းတော်သည် အိပ်မက် တစ်ခုမြင်မက်၏။ အိပ်မက်ကား-

'အလောင်းမင်းတရားသည် ခြသေ့်စီး၍ ကောင်းကင်တိမ်ယံသို့ တက် လျှင် ပြည်သူများ ရင်သပ်ရှုမောအံ့ဩစွာ ကြည့်နေခိုက် အလောင်း မင်းတရားသည် ကောင်းကင်မှဆင်းလျက် ရွှေတန်ဆာဘုရား ရင်ပြင်တော်၌ ဘုရားရှိခိုး ပူဇော်နေသည်ဟု အိပ်မက်မြင်မက်၏။

* အလောင်းမင်းတရားကြီးသည် မြန်အောင်မြို့၌ စံနေတော်မူခိုက် 'ငါ သာသနာကိုပြုစုထိုက်သည် မှန်သော် တစ်ခုသောပုဗ္ဗနိမိတ် ပြပါ' ဟု အဓိဋ္ဌာန်ပြီး စက်တော်ခေါ်၏။



www.burmeseclassic.com

www.burmeseclassic.com

ညဥ့် ၃ ချက်တီးကျော်အချိန်၌ သူအိုတစ်ယောက်သည် ဝတ်သန့်ဝတ်ဖြူဝတ်ကာ ရှေ့တွင်ရပ်၏။ "သင်သည် သာသနာပြုထိုက်သည့် သာသနာ့ဒါယကာမှန်၍ သရက္ခန် ၅ ဆူကို ကိုးကွယ်ရလတ္တံ့။ မှတ်တော်မူလေ" ဟု နန်းဦးကဆိုလာသည်ကို အိပ်မက်၌ ထင်ထင်မြင်၏။

ထိုအခါ အလောင်းမင်းတရားကြီးသည် ချက်ချင်း မျက်နှာတော်သစ် ကိုယ်လက်သန့်စင်ပြီးနေစဉ် ရဟန်း ၁ ပါးအား စာဖြင့် "အရှင်ဘုရား။ ကျွန်ုပ် သရက္ခန်လေးဆူ ရ၏။ ဆင်ကျိုးရွှေဂူ ၁ ဝှကမှ ဟံသာဝတီ၌ ရှိသေး၏။ ကျွန်ုပ်တို့ ကိုးကွယ်ရလတ္တံ့" ဟုလျှောက်၏။

သရက္ခန် ၄ ဆူကား-

၁- ကွန်းရွာရွှေတန်

၂- ရှင်မတောင်

၃- သီဟတော

၄- ပုခန်းစည်သူရှင် - စသည်တို့ ဖြစ်၏။

ရဟန်းက တည်ငြိမ်စွာပြုံးတော်မူပြီးသကာလ အလောင်းမင်းတရားကြီးအား သရက္ခန် ၄ ဆူ ပေး၏။ မင်းကြီးက "အရှင်။ အရှင့်အမည်က မည်သူနည်း" ဟု မေးသော်၊ "ငါက ကေတုမာလာ ဖြစ်တယ်" ဟု မိန့်ပြီး ပျောက်ကွယ်လေ၏။

* အလောင်းမင်းတရားကြီး သံလျင်မြို့အား တိုက်တော်မူစဉ်အတွင်း ၃ ညဆက်တိုက် အိပ်မက်မြင်မက်ခဲ့သည်။ ထိုအိပ်မက်ကား -

ပထမညတွင် အလောင်းမင်းတရားကြီးသည် သားတော် ၂ ပါးနှင့် အတူတကွ မျောက်သားမျောက်ခေါင်းများ စားရသည် ဟု မြင်မက်၏။

ဒုတိယညတွင် ဟံသာဝတီမှ ကိုယ်ဝန်ဆောင်မိန်းမက အမတ် ရွှေတောင်သူအား ရယူခဲ့ပြီး ဆက်သသည် ဟုမြင်မက်၏။

တတိယနေ့ညကား လူငယ်တစ်ဦးမှ 'ကြောင်ပါးလက်မှ ကြွက်မလွတ်' ဟု အော်ဆိုနေပုံနှင့် အသံ ကြားရသည်ဟု မြင်မက်၏။





ထိုအိပ်မက်အတွက် အိပ်မက်ကိုဖတ်စေရာ 'မင်းတရားကြီးအနေဖြင့် ရာမညတိုင်း တလိုင်း ၃ ရပ်ရမည်' ဟုဖတ်၏။

* နောက်တစ်ညတွင်မူ 'ဝမ်းမှ အူ လက် ၁၂ သစ် စဉ်ထွက်သည်ကို ဆေးသမား တုရင်ရော်မာ မှ ကျင်ငယ်ရေနှင့်ဆွတ်သည်' ဟု အိပ်မက် မြင်မက်၏။

ထိုအိပ်မက်များအား ဖတ်စေရာ

"ပုဂံတွင် မင်းခွေး၊ အင်းဝတွင် မင်းခေါင်ကြီးတို့ အူထွက်မည် ဟု အိပ်မက်မြင်မက်၍ မင်းအဖြစ် ရခဲ့ဖူး၏။ ထို့အတူ ပန်းယ (ပင်းယ)တွင် ဆင်ဖြူ ၅ စီးရှင်လည်း လက် ၅ ချောင်းကို မသန့်မစင် အိပ်မက်ပြီး မကြာမတင်တွင် ဆင်ဖြူ ၅ စီး ရလေ၏။ ယခု အလောင်းမင်းတရားကြီး၏ အိပ်မက်အရလည်း တလိုင်း ၃ ရပ်နှင့်တကွ သမုဒ္ဒရာအဆုံးရှိသည့် ထီးဆောင်းမင်းအပေါင်းတို့ကို အလိုတော်ပြည့်မည်" ဟုဖတ်ကြား၏။

* ဖန်နန်းရှင်သည် တစ်ညသ၌ အိပ်မက်တစ်ခု မြင်မက်၏။ မင်းတရားကြီးသည် ဘုရား ထုလုပ်ကိုးကွယ်ရန်အတွက် စကျင်တောင်သို့ ကျောက်တော် အရှာထွက်မည် ဟုကြံစည်ရင်း မေးစက်ပျော်သွားစဉ် အိပ်မက်မြင်မက်ခြင်း ဖြစ်၏။

အိပ်မက်၌ 'ဝတ်ကောင်းသန့်စင်နှင့် မထင်ရှားသောယောကျ်ားတစ်ဦး ရောက်လာပြီး၊ အရှင်မင်းကြီး။ အရှင်မင်းကြီး ဆင်ဖြူ ရလိမ့်မည်။ ဘုန်းကြီး၍ သက်တော်ရှည်လိမ့်မည်' ဟုလျှောက်တင်သည်ဟု အိပ်မက် မြင်မက်ခဲ့၏။

* မင်းတုန်းမင်းတရားကြီး ရွှေနန်းရခါနီး စက်ပျော်စဉ် 'ညဥ့်သန်းလွဲ အချိန်၌ မြင့်မားသည့်ကောင်းကင်အရပ်၌ ရွှေပြာသဒ်နှင့် စောင်းတန်း တည်ရှိရာသို့ မင်းတရားကြီးသည် 'ဗန်းမော်' အမည်ရှိ မိန်းမလှ ၂ ဦး



www.burmeseclassic.com

www.burmeseclassic.com

အား လက်ဝဲလက်ယာတွဲ၍တက်ခဲ့ပြီး ပြာသဒ်၌ စံတော်မူသည်' ဟု မြင်မက်ခဲ့၏။

ထို့အတူ မင်းတုန်းမင်းတရားကြီးသည်

'တိမ်နှင့် ထိလုနီးပါးဖြစ်နေသည့် ရွှေပြာသာဒ်အပေါ်၌ သာသနာပြု ဆရာတော်အား ရင်ခွင်ပိုက်ထားရသည်' ဟု လည်းကောင်း၊ ကျောင်းတော် ဦးတွင်နေစဉ် ကိုးကွယ်တော်မူသည့် မြတ်စွာဘုရားသည် ခြေရင်းသို့ ရောက်လျက် ရှိသည် ဟုလည်းကောင်း အိပ်မက် မြင်မက်၏။





# အပိုင်း ၂
# အိပ်မက်နိမိတ် သို့မဟုတ် ခေတ်သစ်အိပ်မက်တိတ္ထုံကျမ်း


www.burmeseclassic.com

www.burmeseclassic.com



## အိပ်မက်နိမိတ်ကျမ်း

အိပ်မက်ကို လူတိုင်းမက်ကြသည်။ သို့သော် မိမိတို့အိပ်မက်၏ ကောင်းကျိုး၊ ဆိုးကျိုးကို ကြိုတင်၍သတိမထားသည့်အတွက် အကျိုးခံစားသင့်သောအရာများ လွဲချော်သွားသည်လည်း ရှိပေသည်။ မကောင်းကျိုးကို မခံစားရမီ ကြိုတင်၍ နိမိတ်အနေအထားအားဖြင့် အိပ်မက်မြင်မက်သည်ဖြစ်လျက် မိမိတို့၏အိပ်မက်ကို သတိမမူမိ၍ဖြစ်စေ၊ အဓိပ္ပာယ်ကို နားမလည်၍ဖြစ်စေ အမှုမဲ့ အမှတ်မဲ့ နေမိသည့်အတွက် ဒုက္ခမတွေ့သင့်ဘဲနှင့် တွေ့ရတတ်သည်။

အကယ်၍ ပုဗ္ဗနိမိတ်အဖြစ်ဖြင့် မြင်မက်သည်ဟု ယူဆမိလျှင် မိမိမြင်မက်သောအိပ်မက်၏ ကောင်းကျိုးဆိုးပြစ်ကို ဝေဖန်တတ်သူကိုရှာ၍ ထိုသူအား ပြောပြရမည်။ သို့မဟုတ် အိပ်မက်ဆိုင်ရာ ကျမ်းစာအုပ်တို့ကိုဖတ်၍ ဝေဖန်ချက်ချပြီးလျှင် ကောင်းကျိုးပေးမည့်အိပ်မက်ဖြစ်က ပေးရန်အချိန်ကာလကို စောင့်ဆိုင်းလျက် အထူးသတိနှင့် နေရပေမည်။

ဆိုးကျိုးပေးသည့် အိပ်မက်ဖြစ်က ထိုပေးလတ္တံ့သောအကျိုးကို မပေးရန် အဟောသိကံဖြစ်သွားအောင် ရတနာ ၃ ပါး၊ ဆရာသမား၊ ဘိုးဘွားမိဘတို့ကို ကိုးကွယ်ဆည်းကပ်၍ ယတြာများ ဆင်ရပေမည်။ ဤသို့ ညွှန်ပြအပ်သည့်အတိုင်း အိပ်မက်မြင်မက်တိုင်း ဂရုပြုကြရန် သတိရှိကြစေလိုသည်။

အိပ်မက်မကောင်း ထင်မြင်လျက် မည်သည့်အချိန်အခါနေ့၌ မက်သောအိပ်မက်ဖြစ်စေ ဆေး ၈ ပါးဖြင့် ခေါင်းဆေးခြင်းကို လည်းကောင်း၊ ဘုရားစေတီ ရှိခိုးခြင်းကို လည်းကောင်း၊ နံ့သာပန်းတို့ဖြင့် သက်စေ့ပူဇော်ခြင်း၊ တြိရန်း စတုရန်း နံ့သင့်သစ်သားတို့ကိုအောက်ခံပြု၍ ခေါင်းဆေးခြင်းကို လည်းကောင်း ဤသို့သော လောကီယတြာတို့ကိုပြုခြင်းကြောင့် လွန်သည်မရှိ ကင်းပျောက်ကုန်၏။

www.burmeseclassic.com

"အိပ်မက်, အတိတ်, နိမိတ်, တပေါင်, စနည်း, ဂြိုဟ်စား, သက်ရောက် အစရှိသည်တို့ကို မယုံကြည်တတ်လျှင် မိစ္ဆာဒိဋ္ဌိဖြစ်တတ်၏။ ထို့ကြောင့် ငါ့အား အကုသိုလ်ကံ အကျိုးပေးလို၍ မကောင်းသောအိပ်မက်စသည်တို့ မြင်လာ ကုန်သည်။ ကုသိုလ်ကံအကျိုးပေးလို၍ ကောင်းသောအိပ်မက် စသည်တို့ မြင်လာ ကုန်သည်။ ဤသို့ ပုဗ္ဗနိမိတ်အဖြစ်ဖြင့် ကံကိုအရင်းထား၍ ယုံကြည်ရမည်' ဟု ပညာရှိတို့ မိန့်တော်မူကြ၏။

ထို့ကြောင့် အိပ်မက်များကို ကံကိုအရင်းထား၍ ယုံကြည်ကြပါလေ။





## ၁၂- အိပ်မက်ခြင်းအမျိုးမျိုး

၁ - မြင်ဖူးသည်ကို စွဲ၍မက်မှု အကျိုး,အပြစ် ရှိ၏။
၂ - ကြားဖူးသည်ကို စွဲ၍မက်မှု အကျိုး,အပြစ် ရှိ၏။
၃ - ခံစားဖူးသည်ကို စွဲ၍မက်မှု အကျိုး,အပြစ် ရှိ၏။
၄ - ကြုံဖူးသည်ကို စွဲ၍မက်မှု အကျိုး,အပြစ် ရှိ၏။
၅ - ဖြစ်ဖူးသည်ကို စွဲ၍မက်မှု အကျိုး,အပြစ် မရှိ။
၆ - ဓာတ်ချောက်ချား၍ မက်မှု အကျိုး,အပြစ် မရှိ။

**တစ်နည်း - အိပ်မက်ခြင်းအမျိုးမျိုး**

၁ - နတ်တို့ပြောကြား၍ မက်မှု အကျိုး,အပြစ် ရှိ၏။
၂ - ရှေးခံစားလေ့ကျက်ဖူး၍ မက်မှု အကျိုး,အပြစ် မရှိ။
၃ - ဓာတ်ချောက်ချား၍ မက်မှု အကျိုး,အပြစ် မရှိ။
၄ - အကျိုးပေးလတ္တံ့သောကြောင့် မက်မှု ဧကန် အကျိုးရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃- အိပ်မက်သော အခါ ၃ ပါး

၁ - ညဦးယံမက်မှု ၁ နှစ်အတွင်း အကျိုး,အပြစ် ပေးအံ့။
၂ - သန်းခေါင်မက်မှု ၂ နှစ်အတွင်း အကျိုး,အပြစ် ပေးအံ့။
၃ - မိုးသောက်မက်မှု ၁ လအတွင်း အကျိုး,အပြစ် ပေးအံ့။

တစ်နည်း -

**အိပ်မက်သော အခါ ၄ ပါး**

၁ - နေ့အခါ မက်မှု မှန်မမှန် ၂ ပါး။
၂ - ညဦးယံ မက်မှု မှန်မမှန် ၂ ပါး။
၃ - မိုးသောက်ယံ မက်မှု အမှန်။
၄ - အရုဏ်တက် မက်မှု အမှန်။

တစ်နည်း -

**အိပ်မက်သော အခါ ၅ ပါး**

၁ - ညဦးယံမက်မှု ၁ နှစ်အတွင်း အကျိုး,အပြစ် ပေးအံ့။
၂ - သန်းခေါင်မက်မှု ၂ နှစ်အတွင်း အကျိုး,အပြစ် ပေးအံ့။
၃ - မိုးသောက်မက်မှု ၁ နှစ်အတွင်း အကျိုး ပေးအံ့။
၄ - နံနက်နေတက်မက်မှု ၇ လအတွင်း အကျိုး ပေးအံ့။
၅ - မွန်းတည့်မက်မှု ၇ လအတွင်း အကျိုး,အပြစ် ပေးအံ့။





တစ်နည်း -

**အိပ်မက်သော အခါ ၅ ပါး**

၁ - နေ့အခါမက်မှု အကျိုး,အပြစ် မပေး။
၂ - ပထမယံမက်မှု အကျိုး,အပြစ် မပေး။
၃ - သန်းခေါင်ယံမက်မှု အကျိုး,အပြစ် ပေးအံ့။
၄ - မိုးသောက်ယံမက်မှု အကျိုး,အပြစ် ပေးအံ့။
၅ - အရုဏ်တက်မက်မှု အကျိုး,အပြစ် ပေးအံ့။

တစ်နည်း -

**အိပ်မက်သော အခါ ၅ ပါး**

၁ - ပထမယံမက်မှု ၁ နှစ်အတွင်း အကျိုး ပေးအံ့။
၂ - ဒုတိယံမက်မှု ၆ လအတွင်း အကျိုး,အပြစ် ပေးအံ့။
၃ - တတိယံမက်မှု ၁ လအတွင်း အကျိုး,အပြစ် ပေးအံ့။
၄ - စတုတ္ထယံမက်မှု ၁ လအတွင်း အကျိုး,အပြစ် ပေးအံ့။
၅ - အရုဏ်တက်မက်မှု ၁၀ ရက်အတွင်း အကျိုး,အပြစ် ပေးအံ့။

**အိပ်မက်သော ၇ ရက်**

၁ - တနင်္ဂနွေနေ့မက်မှု မယားအတွက် မက်သည်။
၂ - တနင်္လာနေ့မက်မှု ဆွေမျိုးအတွက် မက်သည်။
၃ - အင်္ဂါနေ့မက်မှု မိဘ, ဆရာသမားအတွက် မက်သည်။
၄ - ဗုဒ္ဓဟူးနေ့မက်မှု သားသမီးအတွက် မက်သည်။
၅ - ကြာသပတေးနေ့မက်မှု အဆွေခင်ပွန်းအတွက် မက်သည်။
၆ - သောကြာနေ့မက်မှု ကျွန်, ကျွဲ, နွားအတွက် မက်သည်။
၇ - စနေနေ့မက်မှု ကိုယ့်အတွက် မက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၄- အိပ်မက်မကောင်း ပျောက်အောင်ကုနည်း

အိပ်မက် ကောင်းသည်ဖြစ်စေ, မကောင်းသည်ဖြစ်စေ နံနက်အခါ မြော်မြင်တတ်သူထံ ပြန်ကြားရာ၏။ အိပ်မက်ကောင်းလျှင် ဘုရားကို မီးပူဇော်၍ ခေါင်းဆေးရာ၏။ အိမ်ရာမထူထောင်သောသူကို ပူဇော်၍ အိပ်မက်ကို ရွေးရာ၏။ 'အသက်ရှည်၍ ဘုန်းကြီးပြီး စည်းစိမ်ဥစ္စာနှင့် ပြည့်စုံလိုပါ၏' ဟု ဆုတောင်းရာ၏။

တစ်နည်း -

**အိပ်မက်မကောင်း ပျောက်အောင်ကုနည်း**

အိပ်မက်မကောင်းသောသူသည် ပရိတ်တော်ရေခံ၍ ခေါင်းဆေးရာ၏။ သစ်ငုတ်, ရေချမ်း, ထီး, တံခွန်, ပန်းတို့ဖြင့် ဘုရားပုထိုးကို ပူဇော်ရာ၏။ ဗောဓိညောင်ကို ထောက်ရာ၏။

**အိပ်မက်မကောင်းလျှင် ယတြာပြုနည်း**

အင်္ဂုံရရသေ့ တိတ္ထုံကျမ်း၌ မကောင်းသောအိပ်မက်တို့ကို မြင်မက်ခဲ့လျှင် ရတနာ ၃ ပါး, မိဘ, ဆရာသမားတို့အား ပူဇော်ကန်တော့ခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်းတို့ကို ပြုလျှင် မကောင်းကျိုးပျောက်၍ ကောင်းကျိုးရောက်ရာ၏။





## ၁၅- အက္ခရာစဉ် အိပ်မက်နိမိတ်အဟောများ

**အိပ်မက်ပေါင်း ၁၁၅၀ ခုအကြောင်း**

**'က' အက္ခရာ အိပ်မက်အဟောနှင့်**

**အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊**

၁။ ကခုန်ပျော်ရွှင်ရသည်ဟု မြင်မက်လျှင် ဝမ်းနည်းစရာနှင့် တွေ့ကြုံရအံ့။ ၅-၅-၁

၂။ ကလေးသူငယ်များကို မြင်မက်လျှင် စိတ်ချမ်းသာအံ့။ ၅-၃-၂

၃။ ကကြိုးတန်ဆာများကို မြင်မက်လျှင် ပြဿနာများ ရှုပ်ထွေးအံ့။ ၅-၅-၇

၄။ ကန္တာရခရီးလမ်းကို သွားရသည်ဟု မြင်မက်လျှင် ဒုက္ခတွေ့အံ့။ ၅-၇-၃

၅။ ကတ္တီပါကို မြင်မက်လျှင် အလှူကြီးပေးရအံ့။ ၅-၇-၁

၆။ ကာမပြုရသည်ဟု မြင်မက်လျှင် ငွေအမြောက်အမြား ရရှိအံ့။ ၅-၁-၁

၇။ ကာလသားရောဂါဖြစ်သည်ဟု မြင်မက်လျှင် နာမကျန်းဖြစ်အံ့။ ၅-၃-၂

၈။ ကာလဝမ်းရောဂါဖြစ်သည်ဟု မြင်မက်လျှင် စားကောင်းသောက်ဖွယ်များ စားရအံ့။

၉။ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်သည်ဟု မြင်မက်လျှင် အချုပ်အနှောင် ခံရအံ့။ ၅-၁-၂


www.burmeseclassic.com

www.burmeseclassic.com



အောင်မြတ်ဦး

၁၀။ ကာယလေ့ကျင့်ခန်း လုပ်နေသည်ကို မြင်မက်လျှင် ကျန်းမာရေး ကောင်းမွန်အံ့။ ၅-၃-၃

၁၁။ ကားမောင်းရသည်ဟု မြင်မက်လျှင် အကြံအစည်များ အောင်မြင်အံ့။ ၅-၁-၃

၁၂။ ကားစီးရသည်ဟု မြင်မက်လျှင် လိုအင်ဆန္ဒ ပြည့်ဝအံ့။ ၅-၆-၃

၁၃။ ကားမီးလောင်သည်ဟုမြင်မက်လျှင် အကြံအစည်များပျက်ပြားအံ့။ ၅-၁-၃

၁၄။ ကားတိုက်သည်ဟု မြင်မက်လျှင် ဒုက္ခကြီးစွာတွေ့ရအံ့။ ၅-၇-၂

၁၅။ ကားဂိုဒေါင်ကို မြင်မက်လျှင် အလုပ်အကိုင်များ နှောင့်နှေးကြန့်ကြာအံ့။ ၅-၅-၇

၁၆။ ကုလားထိုင်ကိုမြင်မက်လျှင် ချမ်းသာအံ့။ ၅-၃-၇

၁၇။ ကုလားထိုင်အကျိုးကို မြင်မက်လျှင် ကျန်းမာရေးညံ့အံ့။ ၅-၃-၇

၁၈။ ကုံကော်ပန်းကို မြင်မက်လျှင် ငွေကြေးများ ရအံ့။ ၅-၅-၁

၁၉။ ကော်ဇောကိုမြင်မက်လျှင် စီးပွားတိုးအံ့။ ၅-၆-၁

၂၀။ ကော်ဇောပေါ်ထိုင်နေရသည်ကို မြင်မက်လျှင် အပူဇော်ခံရအံ့။ ၅-၃-၁

၂၁။ ကော်ဇောပေါက်နေသည်ကို မြင်မက်လျှင် ဒုက္ခတွေ့အံ့။ ၅-၆-၁

၂၂။ ကော်ခွက်ကိုမြင်မက်လျှင် ငွေကုန်ကြေးကျ များအံ့။ ၅-၅-၁

၂၃။ ကော်ဇောပုံကို မြင်မက်လျှင် ဆုတောင်းပြည့်အံ့။ ၅-၆-၁

၂၄။ ကန်ရေကြည်သည်ကို မြင်မက်လျှင် စိတ်ချမ်းသာအံ့။ ၅-၃-၅

၂၅။ ကန်ရေနောက်သည်ကို မြင်မက်လျှင် စိတ်သောကရောက်အံ့။ ၅-၃-၇

၂၆။ ကန်ရေတွင် ကျေးငှက်ကိုမြင်မက်လျှင် စီးပွားဖြစ်ထွန်းအံ့။ ၅-၃-၅

၂၇။ ကန်ရေတွင် မြွေကိုမြင်မက်လျှင် ထိပေါက်အံ့။ ၅-၃-၁

၂၈။ ကန်ရေတွင် ကြာပေါက်သည်ကို မြင်မက်လျှင် စီးပွားဖြစ်ထွန်းအံ့။ ၅-၃-၅

၂၉။ ကြက်ကိုမြင်မက်လျှင် ထူးချွန်ထင်ရှားအံ့။ ၅-၅-၁









၃၀။ ကြက်တွန်သံကြားသည်ဟု မြင်မက်လျှင် ကူညီမည့်သူ ပေါ်အံ့။ ၅-၁-၁

၃၁။ ကြက်ခွပ်သည်ဟု မြင်မက်လျှင် နိုက်ရန်ဖြစ်အံ့။ ၅-၅-၁

၃၂။ ကြက်သားစားရသည်ဟု မြင်မက်လျှင် လာဘ်ကြီးရအံ့။ ၅-၁-၆

၃၃။ ကြက်ကြော်စားရသည်ဟု မြင်မက်လျှင် စီးပွားတိုးတက်ပြီး ထင်ရှားအံ့။ ၅-၅-၅

၃၄။ ကြက်ဟင်းခါးသီးစားရသည်ဟု မြင်မက်လျှင် ဒုက္ခကြီး တွေ့အံ့။ ၅-၂-၅

၃၅။ ကြက်တူရွေးကိုမြင်မက်လျှင် မကောင်းစကားကို ကြားရအံ့။ ၅-၇-၃

၃၆။ ကွမ်းညှပ်ကို မြင်မက်လျှင် ဘေးရန်နှင့်တွေ့အံ့။ ၅-၃-၅

၃၇။ ကွမ်းအစ်ကို မြင်မက်လျှင် ငွေကြေးရအံ့။ ၅-၈-၁

၃၈။ ကွမ်းသီးကို မြင်မက်လျှင် အထက်သို့ရောက်အံ့။ ၅-၂-၁

၃၉။ ကွမ်းစားရသည်ဟုမြင်မက်လျှင် အစားကောင်းစားရအံ့။ ၅-၆-၃

၄၀။ ကွမ်းရွက်ကို မြင်မက်လျှင် ဆေးကုရအံ့။ ၅-၆-၁

၄၁။ ကတ်ကြေးကို မြင်မက်လျှင် နိုက်ရန်ဖြစ်အံ့။ ၅-၅-၁

၄၂။ ကတ်ကြေးသွေးသည်ကို မြင်မက်လျှင် ပညာထက်မြက်အံ့။ ၅-၅-၂

၄၃။ ကတ်ကြေးဖြင့် ကိုက်ဖြတ်နေသည်ကိုမြင်မက်လျှင် ဘေးအန္တရာယ် ဟူသမျှ ရှင်းလင်းအံ့။ ၅-၅-၅

၄၄။ ကြယ်ကို မြင်မက်လျှင် ထူးချွန်ထင်ရှားအံ့။ ၅-၁-၁

၄၅။ ကြယ်ကြွေသည်ကိုမြင်မက်လျှင် ပျက်စီးဆုံးရှုံးအံ့။ ၅-၅-၁

၄၆။ ကြယ်အများအပြားကို မြင်မက်လျှင် အခြွေအရံပေါများအံ့။ ၅-၁-၅

၄၇။ ကြံခင်းကိုမြင်မက်လျှင် အကြံအစည်အောင်မြင်အံ့။ ၅-၅-၁

၄၈။ ကြံစုပ်ရသည်ဟု မြင်မက်လျှင် ငွေအနည်းအကျဉ်းသာဝင်အံ့။ ၅-၆-၃

၄၉။ ကြံရည်သောက်ရသည်ဟုမြင်မက်လျှင် လုပ်လေသမျှ အောင်မြင်အံ့။ ၅-၃-၂





www.burmeseclassic.com

www.burmeseclassic.com

၅၀။ ကြွံကိုမြင်မက်လျှင် အလုပ်အကိုင်များ နှောင့်နှေးကြန့်ကြာနေအံ့။ ၅-၅-၁
၅၁။ ကြွံသေကို မြင်မက်လျှင် မိမိ၏အကြီးအကဲ သေဆုံးရအံ့။ ၅-၂-၅
၅၂။ ကြွံလိုက်သည်ဟု မြင်မက်လျှင် ပျက်စီးဆုံးရှုံးရအံ့။ ၅-၃-၂
၅၃။ ကြွက်ဖြူကို မြင်မက်လျှင် ကံကောင်းအံ့။ ၅-၅-၁
၅၄။ ကြွက်အနက် မြင်မက်လျှင် ဒုက္ခတွေ့ရအံ့။ ၅-၈-၇
၅၅။ ကြွက်သေကို မြင်မက်လျှင် သူဌေးဖြစ်အံ့။ ၅-၆-၁
၅၆။ ကြွက်ကလေးများ မြင်တွေ့ရသည်ဟု မြင်မက်လျှင် မမျှော်လင့်ဘဲ ရွှေ၊ ငွေများ ရရှိအံ့။ ၅-၅-၃
၅၇။ ကြွက်သားစားရသည်ဟု မြင်မက်လျှင် ငွေများရရှိအံ့။ ၅-၂-၆
၅၈။ ကြွက်နို့ကိုမြင်မက်လျှင် ဒုက္ခတွေ့အံ့။ ၅-၇-၅
၅၉။ ကြွက်နို့များ ကိုယ်ပေါ်တွင်ပေါက်ရောက်နေသည်ဟု မြင်မက်လျှင် ရောဂါဆိုးများ ရရှိအံ့။ ၅-၇-၁
၆၀။ ကျားကိုမြင်မက်လျှင် ဘေးဒုက္ခ တွေ့အံ့။ ၅-၅-၁
၆၁။ ကျားသားကိုစားရသည်ဟု မြင်မက်လျှင် ရန်အသွယ်သွယ်ကို အောင်မြင်အံ့။ ၅-၂-၆
၆၂။ ကျားစွယ်ကိုရရှိသည်ဟု မြင်မက်လျှင် အရာရာကိုအောင်မြင်အံ့။ ၅-၃-၆
၆၃။ ကျားကိုဖမ်းဆီးရမိသည်ဟု မြင်မက်လျှင် လိုအင်ဆန္ဒ ပြည့်ဝအံ့။ ၅-၅-၁
၆၄။ ကြာပန်းကိုမြင်မက်လျှင် အလုပ်အကိုင်ကြန့်ကြာပြီး ပင်ပန်းအံ့။ ၅-၅-၁
၆၅။ ကြာပန်းကိုပန်ရသည်ဟု မြင်မက်လျှင် လင်ကောင်းသားကောင်း ရရှိအံ့။ ၅-၁-၅
၆၆။ ကြာပန်းနံ့ကို ရှူရှိုက်ရသည်ဟု မြင်မက်လျှင် မိမိ၏ဂုဏ်သတင်း ကျော်စောအံ့။ ၅-၁-၇





၆၇။ ကြာများ နွမ်းခြောက်နေသည်ဟုမြင်မက်လျှင် အိမ်ထောင်ရေးပြဿနာ ပေါ်အံ့။ ၅-၇-၅
၆၈။ ကြေးစည်ကိုမြင်မက်လျှင် ဂုဏ်ကျက်သရေ တိုးပွားအံ့။ ၅-၆-၃
၆၉။ ကြေးစည်သံကို ကြားရသည်ဟုမြင်မက်လျှင် အလှူအတန်း ပေးရအံ့။ ၅-၃-၇
၇၀။ ကြေးပြား ကောက်ရသည်ဟုမြင်မက်လျှင် ဆင်းရဲအံ့။ ၅-၁-၅
၇၁။ ကြေးစည် ပြုတ်ကျသည်ဟုမြင်မက်လျှင် ဝမ်းနည်းကြေကွဲဖွယ်တို့ ကြုံတွေ့ရအံ့။ ၅-၃-၁
၇၂။ ကိုယ်ခန္ဓာ ကြီးထွားလာသည်ဟုမြင်မက်လျှင် ကြီးပွားချမ်းသာအံ့။ ၅-၅-၇
၇၃။ ကိုယ်မှ အရောင်အဆင်းများထွက်သည်ဟု မြင်မက်လျှင် ဘုန်းတန်ခိုး ကြီးအံ့။ ၅-၇-၃
၇၄။ ကိုယ်ခန္ဓာ ပုပ်သည်ဟုမြင်မက်လျှင် ဘုန်းတန်ခိုးအာဏာ ကြီးအံ့။ ၅-၅-၁
၇၅။ ကိုယ်တွင် အကြောင်အကြားဖြစ်နေသည်ဟုမြင်မက်လျှင် မယားကောင်း၊ လင်ကောင်း ရအံ့။ ၅-၇-၅
၇၆။ ကိုယ်ကာယ ယားယံသည်ဟုမြင်မက်လျှင် ငွေများစွာရအံ့။ ၅-၅-၃
၇၇။ ကိုယ်ပေါ်သို့ လောက်တက်သည်ဟုမြင်မက်လျှင် စီးပွားရေး တိုးတက် အောင်မြင်အံ့။ ၅-၁-၃
၇၈။ ကောင်းကင်သို့ ပျံတက်ရသည်ဟုမြင်မက်လျှင် အကြံအစည်များ အောင်မြင်အံ့။ ၅-၅-၇
၇၉။ ကောင်းကင်၌ ပျံနေသောရသေ့၊ ရဟန်းများကို ဖူးတွေ့ရသည်ဟု မြင်မက်လျှင် တရားထူး ရရှိအံ့။ ၅-၅-၀
၈၀။ ကျောင်းဆောက်လုပ်ရသည်ဟု မြင်မက်လျှင် ထီပေါက်အံ့။ ၅-၆-၃
၈၁။ ကျောင်းမီးလောင်သည်ဟု မြင်မက်လျှင် ပျက်စီးဆုံးရှုံးအံ့။ ၅-၁-၃



www.burmeseclassic.com

www.burmeseclassic.com

၈၂။ ကျောင်းတွင် ရဟန်းသံဃာများ စုဝေးနေသည်ဟု မြင်မက်လျှင် အလှူကြီး ပေးရအံ့။ ၅-၇-၃

၈၃။ ကြောင်အိမ်ကို မြင်မက်လျှင် မမျှော်လင့်ဘဲ စားကောင်းသောက်ဖွယ်များ စားသောက်ရအံ့။ ၅-၈-၅

၈၄။ ကြောင်သေကိုမြင်မက်လျှင် နေအိမ်တွင် လူမမာရှိမှ ပြန်လည် နေကောင်းလာအံ့။ ၅-၂-၅

၈၅။ ကြောင်နှင့်ခွေးများ ကိုက်ခဲသည်ဟုမြင်မက်လျှင် ဘေးရန်တွေ့အံ့။ ၅-၅-၁

၈၆။ ကြောင်အော်သံ ကြားရသည်ဟုမြင်မက်လျှင် ငွေများ ရရှိအံ့။ ၅-၈-၂

၈၇။ ကျွဲကိုမြင်မက်လျှင် အလုပ်အကိုင်တိုးချဲ့ရအံ့။ ၅-၅-၅

၈၈။ ကျွဲ ၂ ကောင် ခတ်သည်ဟုမြင်မက်လျှင် သူများကိစ္စကို မဆိုင်ဘဲနှင့် မိမိကဝင်ရောက်ရှင်းပေးရအံ့။ ၅-၇-၅

၈၉။ ကျွဲ၊ နွားများ အိမ်ခြံတွင်းသို့ ဝင်ရောက်သည်ဟု မြင်မက်လျှင် ငွေများ ရရှိအံ့။ ၅-၇-၁

၉၀။ ကျွတ်တွယ်သည်ဟုမြင်မက်လျှင် ဒုက္ခတွေ့ရအံ့။ ၅-၇-၂

၉၁။ ကောက်ရိုးကိုမြင်မက်လျှင် ရွှေဝင်အံ့။ ၅-၃-၅

၉၂။ ကောက်ရိုးပုံပေါ်သို့ ခွေးတက်သည်ဟုမြင်မက်လျှင် နေအိမ် စီးပွားပျက်အံ့။ ၅-၃-၅

၉၃။ ကောက်ရိုးပုံပေါ်သို့ မြွေတက်သည်ဟုမြင်မက်လျှင် စီးပွားတက်အံ့။ ၅-၃-၁

၉၄။ ကောက်ညှင်းပေါင်းစားရသည်ဟု မြင်မက်လျှင် မိတ်ဆွေကောင်းနှင့် ပေါင်းဖက်မိပြီး စီးပွားဖြစ်ထွန်းအံ့။ ၅-၆-၅

၉၅။ ကင်းကိုမြင်မက်လျှင် ဘေးရန်ကင်းအံ့။ ၅-၁-၁

၉၆။ ကင်းကိုက်ခံရသည်ဟု မြင်မက်လျှင် ရွှေ၊ ငွေများ ဝင်အံ့။ ၅-၅-၅

၉၇။ ကျင်ကြီးကျင်ငယ်စွန့်ရသည်ဟု မြင်မက်လျှင် ဝင်ငွေထက် ထွက်ငွေ များအံ့။ ၅-၆-၂





၉၈။ ကျင်ငယ်ရေ ပေကျံနေသည်ဟုမြင်မက်လျှင် ငွေများဝင်အံ့။ ၅-၅-၆

၉၉။ ကျင်းထဲသို့ကျသည်ဟု မြင်မက်လျှင် ကံ အလွန်ညံ့နေအံ့။ ၅-၇-၂

၁၀၀။ ကျင်းထဲတွင် ရွှေ၊ ငွေများကို မြင်တွေ့ရသည်ဟု မြင်မက်လျှင် ကံအလွန် ကောင်းအံ့။ ၅-၇-၇

၁၀၁။ ကျီးကန်းကိုမြင်မက်လျှင် ငွေကုန်ကြေးကျ များအံ့။ ၅-၅-၅

၁၀၂။ ကျီးအာသံကို ကြားရသည်ဟုမြင်မက်လျှင် စားသောက်ပြီး မိမိဆီက ယူမည့်သူများ လာအံ့။ ၅-၈-၆

၁၀၃။ ကျီး နေအိမ်တွင်နားသည်ဟု မြင်မက်လျှင် ဧည့်သည်များ လာအံ့။ ၅-၇-၈

၁၀၄။ ကျောက်ဖျာကိုမြင်မက်လျှင် ကောင်းစားအံ့။ ၅-၁-၁

၁၀၅။ ကျောက်မျက်ရတနာကို မြင်မက်လျှင် သူဌေးဖြစ်အံ့။ ၅-၁-၃

၁၀၆။ ကျောက်ခဲပုံကိုမြင်မက်လျှင် ငွေများရအံ့။ ၅-၅-၁

၁၀၇။ ကွင်းပြင်ကိုမြင်မက်လျှင် စီးပွားကျအံ့။ ၅-၁-၅

၁၀၈။ ကြိုးကိုမြင်မက်လျှင် ပြဿနာဖြေရှင်းရအံ့။ ၅-၅-၁

၁၀၉။ ကြိုးပြတ်ကျသည်ကို မြင်မက်လျှင် ဒုက္ခတွေ့ကြုံအံ့။ ၅-၁-၅

၁၁၀။ ကြိုးတုပ်ခံရသည်ဟု မြင်မက်လျှင် အချုပ်အနှောင်ခံရအံ့။ ၅-၇-၅

၁၁၁။ ကြိမ်ကိုမြင်မက်လျှင် ပြစ်ဒဏ်ပေးခံရအံ့။ ၅-၅-၁

၁၁၂။ ကြိမ်တောကိုမြင်မက်လျှင် ဒုက္ခကြီးစွာတွေ့ရအံ့။ ၅-၇-၅

၁၁၃။ ကြွေအန်ကစားရသည်ကို မြင်မက်လျှင် စီးပွားကျဆင်းအံ့။ ၅-၈-၅

၁၁၄။ ကြွေထည်ပစ္စည်းကိုမြင်မက်လျှင် ငွေများရအံ့။ ၅-၇-၁

၁၁၅။ ကြွေပန်းကန်ကျကွဲသည်ဟု မြင်မက်လျှင် အိမ်ထောင်ရေး ပြဿနာ ပေါ်အံ့။ ၅-၇-၃

၁၁၆။ ကြွေကျနေသော သစ်သီးသစ်ရွက်များကိုမြင်မက်လျှင် စီးပွားရေးပျက်အံ့။ ၅-၅-၂

၁၁၇။ ကျွန်းပင်ကို တွေ့ရသည်ဟုမြင်မက်လျှင် အလုပ်အကိုင် အဆင်ပြေအံ့။ ၅-၁-၁



www.burmeseclassic.com

www.burmeseclassic.com

၁၁၈။ ကျွန်းတုံးများ ရေတွင်မျောပါနေသည်ကို မြင်မက်လျှင် ပျက်စီးဆုံးရှုံးမှုများ တွေ့ရအံ့။ ၅-၄-၅

၁၁၉။ ကျွန်းပင်များ ခုတ်လှဲနေသည်ကို မြင်မက်လျှင် ဒုက္ခကြီးစွာ တွေ့ကြုံရအံ့။ ၅-၁-၁

၁၂၀။ ကြွေးတောင်းသူနှင့် ဆုံဆည်းရသည်ဟုမြင်မက်လျှင် စိတ်သောက ရောက်ရအံ့။ ၅-၇-၂

၁၂၁။ ကြွယ်ဝချမ်းသာသူနှင့် တွေ့ကြုံရသည်ဟုမြင်မက်လျှင် မိမိလည်း ချမ်းသာကြွယ်ဝအံ့။ ၅-၃-၅

၁၂၂။ ကျိုက်ထီးရိုးဘုရားကို ဖူးမြင်ရသည်ဟုမြင်မက်လျှင် အလွန်ကံထူးအံ့။ ၅-၇-၃

၁၂၃။ ကြိုဆိုခံရသည်ကိုမြင်မက်လျှင် ဆေးရုံဆေးခန်းများသို့ ရောက်ရှိအံ့။ ၅-၆-၅

၁၂၄။ ကျည်ဆံကို တွေ့သည်ဟု မြင်မက်လျှင် ဒုက္ခတွေ့အံ့။ ၅-၆-၅

၁၂၅။ ကျေးကျွန်ကိုမြင်မက်လျှင် ငွေကြေးရအံ့။ ၅-၅-၅

၁၂၆။ ကျေးရွာကို အဝေးအရပ်က လှမ်းပြီးမြင်တွေ့ရသည်ဟု မြင်မက်လျှင် ခရီးဝေးကို သွားရအံ့။ ၅-၃-၅

၁၂၇။ ကိုင်းပင်ကို မြင်မက်လျှင် လာဘ်ကြီးရအံ့။ ၅-၁-၅

၁၂၈။ ကိုယ်ဝန်ဆောင်အမျိုးသမီးကို မြင်မက်လျှင် ကံကောင်းအံ့။ ၅-၃-၆

၁၂၉။ ကိုယ်ပေါ်သို့ လောက်များတက်သည်ဟု မြင်မက်လျှင် ထီဆုကြီးများ ပေါက်အံ့။ ၅-၁-၂

၁၃၀။ ကိုယ်ခန္ဓာမှ အနံ့အသက်များထွက်သည်ဟု မြင်မက်လျှင် တန်ခိုးအာဏာ ကြီးအံ့။ ၅-၅-၇

၁၃၁။ ကရဝိက်ဖောင်ကိုမြင်မက်လျှင် စိတ်ပျော်ရွှင်ရအံ့။ ၅-၃-၃

၁၃၂။ ကလေးသူငယ်ကိုမြင်မက်လျှင် ဒုက္ခဟူသမျှကင်းပျောက်အံ့။ ၅-၃-၂

၁၃၃။ ကြံပင်ကိုမြင်မက်လျှင် အလုပ်အကိုင်, အကြံအစည် အောင်မြင်အံ့။ ၅-၁-၁





၁၃၄။ ကြွက်ကိုမြင်မက်လျှင် ရွှေ, ငွေ ဝင်လာအံ့။ ၅-၅-၅

၁၃၅။ ကွပ်ပျစ်ကိုမြင်မက်လျှင် ကွဲကွာနေသူများနှင့် ပြန်လည်ဆုံဆည်းရအံ့။ ၅-၁-၅

၁၃၆။ ကြောင်ကိုမြင်မက်လျှင် ဘေးရန်ကင်းရှင်းအံ့။ ၅-၅-၅

၁၃၇။ ကြောင်အိမ်ကိုမြင်မက်လျှင် စားသောက်ဖွယ်ရာများကို စားရအံ့။ ၅-၈-၅

၁၃၈။ ကမ်းပါးကိုမြင်မက်လျှင် ဘေးဒုက္ခနှင့် ကြုံတွေ့ရအံ့။ ၅-၁-၅

၁၃၉။ ကျားကိုမြင်မက်လျှင် ဩဇာရှိအံ့။ ၅-၅-၅

၁၄၀။ ကျွမ်းပစ်ကစားရသည်ဟု မြင်မက်လျှင် ခံစရာရှိသော ဝဋ်ကြွေးများ ကြေအံ့။ ၅-၁-၅

## 'ခ' အက္ခရာ အိပ်မက်အဟောနှင့် အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊

၁၄၁။ ခရမ်းသီးကို မြင်မက်လျှင် ကျန်းမာရေး ချို့တဲ့အံ့။ ၅-၅-၅

၁၄၂။ ခရုသင်းကို မြင်မက်လျှင် ဘုန်းကျက်သရေတိုးအံ့။ ၅-၃-၂

၁၄၃။ ခရုသင်း ပေးလာသည်ဟု မြင်မက်လျှင် သူတော်ကောင်းနှင့် ကြုံတွေ့ရအံ့။ ၅-၃-၁

၁၄၄။ ခရုသင်းမှုတ်သံ ကြားသည်ဟု မြင်မက်လျှင် မိမိနှင့်ပတ်သက်သော ကောင်းသတင်းကို ကြားရအံ့။ ၅-၁-၂

၁၄၅။ ခုတင်ပေါ်တွင် အိပ်ရသည်ဟုမြင်မက်လျှင် သေကိန်းကြုံတွေ့ရအံ့။ ၅-၇-၁

၁၄၆။ ချော်လဲသည်ဟု မြင်မက်လျှင် ဒုက္ခတွေ့ကြုံရအံ့။ ၅-၃-၂

၁၄၇။ ချောင်းကို မြင်မက်လျှင် သောကအေးအံ့။ ၅-၅-၁

၁၄၈။ ခေါင်းပေါင်းကို မြင်မက်လျှင် ဩဇာအာဏာ တိုးအံ့။ ၅-၁-၅

၁၄၉။ ခဝါဖွပ်လျှော်ရသည်ဟု မြင်မက်လျှင် ကြွယ်ဝချမ်းသာအံ့။ ၅-၃-၁

၁၅၀။ ခေါင်းတိုင်ကိုမြင်မက်လျှင် စိတ်သောကရောက်ရှိအံ့။ ၅-၇-၅


www.burmeseclassic.com

www.burmeseclassic.com

၁၅၁။ ခံတပ်ကိုမြင်မက်လျှင် ဖမ်းဆီးခြင်း ခံရအံ့။ ၅-၇-၅
၁၅၂။ ခါချဉ်ကိုက်ခံရသည်ဟု မြင်မက်လျှင် ပြဿနာပေါ်အံ့။ ၅-၅-၅
၁၅၃။ ခင်ပုတ်ငှက်ကိုမြင်မက်လျှင် ကျန်းမာရေးညံ့အံ့။ ၅-၁-၅
၁၅၄။ ခါးစည်းကိုမြင်မက်လျှင် အိမ်ထောင်ရေးပြဿနာ ပေါ်အံ့။ ၅-၆-၅
၁၅၅။ ချီးမွမ်းခြင်းကိုခံရသည်ဟု မြင်မက်လျှင် အရှက်ကွဲအံ့။ ၅-၁-၂
၁၅၆။ နို့ကိုမြင်မက်လျှင် စိတ်သောက ရောက်ရှိအံ့။ ၅-၅-၁
၁၅၇။ နို့ သေနေသည်ကို မြင်မက်လျှင် လာဘ်ကြီးရအံ့။ ၅-၂-၇
၁၅၈။ နို့တွေကို အစာကျွေးရသည်ဟု မြင်မက်လျှင် ငွေများ ရရှိအံ့။ ၅-၇-၅
၁၅၉။ နိုးသူကိုမြင်မက်လျှင် စီးပွားရေး ပျက်စီးအံ့။ ၅-၁-၅
၁၆၀။ ခိုက်ရန်ဖြစ်ပွားသည်ဟု မြင်မက်လျှင် မိတ်ကောင်းဆွေကောင်းများ ရရှိအံ့။ ၅-၆-၁
၁၆၁။ ခြကိုမြင်မက်လျှင် ချမ်းသာကြွယ်ဝအံ့။ ၅-၅-၁
၁၆၂။ ခြတောင်ပို့ကိုမြင်မက်လျှင် စီးပွားရေး တိုးတက်အံ့။ ၅-၇-၁
၁၆၃။ ခြသေ့ကို မြင်မက်လျှင် စိတ်အကြံများ အောင်မြင်အံ့။ ၅-၂-၁
၁၆၄။ ခွေးကို မြင်မက်လျှင် ရန်ဖြစ်အံ့။ ၅-၅-၅
၁၆၅။ ခွေးကိုက်သည်ဟု မြင်မက်လျှင် ဘေးအန္တရာယ်နှင့် တွေ့အံ့။ ၅-၅-၂
၁၆၆။ ခွေးနက်ကို မြင်မက်လျှင် ရန်တွေ့အံ့။ ၅-၇-၅
၁၆၇။ ခွေးဖြူကို မြင်မက်လျှင် လာဘ်ဝင်အံ့။ ၅-၁-၅
၁၆၈။ ခေါင်းရိတ်ရသည်ဟု မြင်မက်လျှင် ဦးခေါင်း၌ ထိခိုက်တတ်အံ့။ ၅-၆-၆
၁၆၉။ ခေါင်းဖြီးရသည်ဟု မြင်မက်လျှင် ဘေးအန္တရာယ် ကင်းရှင်းအံ့။ ၅-၁-၃
၁၇၀။ ချက်လက်မှတ် ရေးထိုးရသည်ဟု မြင်မက်လျှင် စီးပွားရေး ကျရှုံးအံ့။ ၅-၆-၁
၁၇၁။ ချက် (ကိုယ်ခန္ဓာ) အပြင်သို့ ရုထွက်နေသည်ဟု မြင်မက်လျှင် စီးပွားရေး တိုးအံ့။ ၅-၅-၅





၁၇၂။ ခြင်ထောင်ကို မြင်မက်လျှင် အချုပ်အနှောင် ခံရအံ့။ ၅-၇-၅
၁၇၃။ ခြင်းလုံးကိုမြင်မက်လျှင် ကျန်းမာရေး အထူးကောင်းမွန်အံ့။ ၅-၆-၅
၁၇၄။ ခြင်းတောင်းကိုမြင်မက်လျှင် ပစ္စည်းဥစ္စာများ စုဆောင်းမိအံ့။ ၅-၇-၅
၁၇၅။ ခြံ (ပန်းခြံ၊ နေအိမ်ခြံ) ကိုမြင်မက်လျှင် စိတ်ပျော်ရွှင်ရအံ့။ ၅-၅-၅
၁၇၆။ ခြံဝယ်ရသည်ဟုမြင်မက်လျှင် စီးပွားတိုးအံ့။ ၅-၆-၆
၁၇၇။ ချောင်းကိုမြင်မက်လျှင် စိတ်ချမ်းသာအံ့။ ၅-၅-၅
၁၇၈။ ချောင်းတွင် ငါးများသည်ဟုမြင်မက်လျှင် တိုးတက်ကြီးပွားအံ့။ ၅-၇-၅
၁၇၉။ ချောက်ကိုမြင်မက်လျှင် ဒုက္ခကြီးစွာ တွေ့ကြုံရအံ့။ ၅-၅-၅
၁၈၀။ ချောက်တွင်းသို့ကျသည်ဟု မြင်မက်လျှင် အချုပ်အနှောင်ခံရအံ့။ ၅-၇-၂
၁၈၁။ ချင်းကိုစားသုံးရသည်ဟု မြင်မက်လျှင် ဆရာသမားဖြစ်အံ့။ ၅-၅-၆
၁၈၂။ ချောမောလှပသော အမျိုးသမီးကို မြင်မက်လျှင် ကံကောင်းအံ့။ ၅-၁-၃
၁၈၃။ ချော်လဲသည်ဟုမြင်မက်လျှင် ဒုက္ခတွေ့ကြုံရအံ့။ ၅-၆-၂
၁၈၄။ ချစ်သူနှင့် အတူနေရသည်ဟုမြင်မက်လျှင် ကံကောင်းအံ့။ ၅-၂-၇
၁၈၅။ ချေကောင်ကို မြင်မက်လျှင် ကျန်းမာရေး ချို့တဲ့အံ့။ ၅-၅-၅
၁၈၆။ ချေသားကို စားရသည်ဟု မြင်မက်လျှင် ရောဂါရအံ့။ ၅-၇-၅
၁၈၇။ ခွဲစိတ်ကုသရသည်ဟု မြင်မက်လျှင် ကျန်းမာရေး ကောင်းလာအံ့။ ၅-၆-၅
၁၈၈။ ခွဲစိတ်ကိရိယာများကို မြင်မက်လျှင် ကျန်းမာရေး ညံ့အံ့။ ၅-၂-၅

**'ဂ'အက္ခရာ အိပ်မက်အဟောနှင့်**
**အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊**

၁၈၉။ ဂမုန်းပင်ကို မြင်မက်လျှင် ကံကောင်းအံ့။ ၅-၁-၅
၁၉၀။ ဂဏန်းကောင်ကို မြင်မက်လျှင် အမှုအခင်းများအံ့။ ၅-၇-၅


www.burmeseclassic.com

www.burmeseclassic.com

၁၉၁။ ဂုံညင်းကစားရသည်ဟု မြင်မက်လျှင် ရာထူးတိုးအံ့။ ၅-၆-၃
၁၉၂။ ဂေါ်လီကို မြင်မက်လျှင် ခရီးဝေးသွားရအံ့။ ၅-၆-၆
၁၉၃။ ဂေါ်ပြားကိုမြင်မက်လျှင် ပင်ပန်းကြီးစွာ လုပ်ရအံ့။ ၅-၁-၅
၁၉၄။ ဂူကိုမြင်မက်လျှင် ကြွယ်ဝချမ်းသာအံ့။ ၅-၅-၅
၁၉၅။ ဂူပေါ်သို့ တက်ရောက်ရသည်ဟု မြင်မက်လျှင် ရန်ဟူသမျှ အောင်နိုင်အံ့။
၅-၁-၂
၁၉၆။ ဂွမ်းကို မြင်မက်လျှင် သူတော်စင်နှင့် တွေ့အံ့။ ၅-၅-၅
၁၉၇။ ဂုန်နီအိတ်ကို မြင်မက်လျှင် စိတ်ဆင်းရဲအံ့။ ၅-၈-၅
၁၉၈။ ဂီတာတီးခေါက်ရသည်ဟု မြင်မက်လျှင် စိတ်ချမ်းသာအံ့။ ၅-၇-၇
၁၉၉။ ဂီတာသံကြားသည်ဟု မြင်မက်လျှင် အဝေးအရပ်မှ သတင်းကောင်း
ကြားရအံ့။ ၅-၇-၂
၂၀၀။ ဂျုံပင်ကိုမြင်မက်လျှင် ကြီးပွားတိုးတက်အံ့။ ၅-၁-၅
၂၀၁။ ဂျုံစားရသည်ဟု မြင်မက်လျှင် အသက်ရှည်၍ ကျန်းမာအံ့။ ၅-၆-၆

**'င'အက္ခရာ အိပ်မက်အဟောနှင့်**
**အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊**

၂၀၂။ ငရုတ်သီးစားရသည်ဟု မြင်မက်လျှင် အကြီးအကဲ ဆရာသမား ဖြစ်အံ့။
၅-၂-၂
၂၀၃။ ငလျင်လှုပ်သည်ဟု မြင်မက်လျှင် သောကများအံ့။ ၅-၆-၆
၂၀၄။ ငါးကိုမြင်မက်လျှင် စိတ်အေးချမ်းသာအံ့။ ၅-၅-၁
၂၀၅။ ငါးအသေကိုမြင်မက်လျှင် ငွေများစွာ ရအံ့။
၂၀၆။ ငါးကြော် စားရသည်ဟုမြင်မက်လျှင် အကြံအစည်ဟူသမျှ အောင်မြင်အံ့။
၅-၅-၆
၂၀၇။ ငါးမန်းကိုမြင်မက်လျှင် ဒုက္ခကြီးစွာတွေ့အံ့။ ၅-၁-၅
၂၀၈။ ငွေကိုမြင်မက်လျှင် ချမ်းသာကြွယ်ဝအံ့။ ၅-၅-၅
၂၀၉။ ငွေခွက်နှင့် စားသုံးရသည်ဟုမြင်မက်လျှင် ထီပေါက်အံ့။ ၅-၅-၇





၂၁၀။ ငွေဒင်္ဂါးများကိုမြင်မက်လျှင် ရွှေများ ဝင်အံ့။ ၅-၅-၅
၂၁၁။ ငတ်ပြတ်နေသည်ဟု မြင်မက်လျှင် ငွေများ ရရှိအံ့။ ၅-၁-၇
၂၁၂။ ငှက်ကိုမြင်မက်လျှင် နေရပ်မှ ပြောင်းရွှေ့ရအံ့။ ၅-၅-၅
၂၁၃။ ငှက်ပျောသီးကိုမြင်မက်လျှင် စီးပွားတိုးအံ့။ ၅-၁-၂
၂၁၄။ ငှက်ပျောပင်ကို ဓားနှင့်ခုတ်ရသည်ဟုမြင်မက်လျှင် စီးပွားပျက်အံ့။
၅-၁-၂
၂၁၅။ ငှက်လှောင်အိမ်ကိုမြင်မက်လျှင် ကံဇာတာ ညံ့အံ့။ ၅-၆-၈
၂၁၆။ ငှက်ဆိုးထိုးသံကြားရသည်ဟု မြင်မက်လျှင် သေတတ်အံ့။ ၅-၆-၇
၂၁၇။ ငိုကြွေးရသည်ဟုမြင်မက်လျှင် စိတ်ချမ်းသာစရာနှင့် ကြုံတွေ့ရအံ့။
၅-၅-၆
၂၁၈။ ငိုပြီးမှ ရယ်ရွှင်ရသည်ဟုမြင်မက်လျှင် ဝမ်းနည်းဝမ်းသာ ကြုံတွေ့ရအံ့။
၅-၁-၁
၂၁၉။ ငန်းကိုမြင်မက်လျှင် စီးပွားရေး ဖြစ်ထွန်းအံ့။ ၅-၅-၅
၂၂၀။ ငွေပန်းကိုမြင်မက်လျှင် ငွေကြေးမြောက်မြားစွာ ရရှိအံ့။ ၅-၁-၅
၂၂၁။ ငွေလက်စွပ်ဝတ်ရသည်ဟု မြင်မက်လျှင် ချမ်းသာအံ့။ ၅-၆-၃
၂၂၂။ ငုံးငှက်ကို မြင်မက်လျှင် မီးဘေးအန္တရာယ်မှ ကျော်အံ့။ ၅-၅-၅
၂၂၃။ ငှက်ပျောရွက်ကိုမြင်မက်လျှင် ကျော်စောထင်ရှားအံ့။ ၅-၁-၆
၂၂၄။ ငှက်ကြီးတောင်ဓားကို မြင်မက်လျှင် ရန်များအံ့။ ၅-၅-၇
၂၂၅။ ငှက်ကုလားအုတ်ကို မြင်မက်လျှင် ဘေးဒုက္ခတွေ့အံ့။ ၅-၅-၈
၂၂၆။ ငှက်ဥများမြင်မက်လျှင် ငွေများရရှိအံ့။ ၅-၈-၁
၂၂၇။ ငှက်ကြီးဝန်ပိုကိုမြင်မက်လျှင် ငွေများ ဝင်အံ့။ ၅-၁-၆

**'စ'အက္ခရာ အိပ်မက်အဟောနှင့်**
**အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊**

၂၂၈။ စပါးပင်များကိုမြင်မက်လျှင် ငွေ အစုလိုက်အပုံလိုက် ဝင်အံ့။ ၆-၁-၁
၂၂၉။ စပါးလုံးများကိုမြင်မက်လျှင် ငတ်မွတ်ခေါင်းပါးအံ့။ ၆-၁-၆


www.burmeseclassic.com

www.burmeseclassic.com



၂၃၀။ စံနှကူးလိမ်းကျံရသည်ဟု မြင်မက်လျှင် အရေပြားပေါ်တွင် အနာစက်များ
ပေါက်အံ့။ ၆-၇-၅
၂၃၁။ စပျစ်သီးစားရသည်ဟု မြင်မက်လျှင် ပျက်စီးအံ့။ ၆-၅-၂
၂၃၂။ စေတီပုထိုးကိုမြင်မက်လျှင် စီးပွားဖြစ်ထွန်းအံ့။ ၆-၇-၇
၂၃၃။ စေတီပုထိုးပျက်ကို မြင်မက်လျှင် စီးပွားကျဆင်းအံ့။ ၅-၇-၁
၂၃၄။ စမ်းချောင်းကိုမြင်မက်လျှင် အေးချမ်းသာယာအံ့။ ၆-၅-၅
၂၃၅။ စမ်းချောင်းရေများ ခန်းခြောက်နေသည်ဟု မြင်မက်လျှင် ဒုက္ခတွေ့အံ့။
၆-၅-၃
၂၃၆။ စစ်တိုက်သည်ကို မြင်မက်လျှင် ဘေးဒုက္ခနှင့် ကြုံတွေ့ရအံ့။ ၆-၇-၂
၂၃၇။ စစ်ဗိုလ်များကိုမြင်မက်လျှင် ချမ်းသာအံ့။ ၆-၁-၁
၂၃၈။ စောင်ကို မြင်မက်လျှင် ဘေးအန္တရာယ်ကင်းရှင်းအံ့။ ၆-၅-၁
၂၃၉။ စောင်းတီးရသည်ဟု မြင်မက်လျှင် ဂုဏ်ပြုခံရအံ့။ ၆-၇-၆
၂၄၀။ စည်ကြီးတီးခတ်ရသည်ဟု မြင်မက်လျှင် အထက်လူကြီးများက ဂုဏ်ပြု
အံ့။ ၆-၅-၇
၂၄၁။ စာကလေးကိုမြင်မက်လျှင် ခရီးဝေးသို့ သွားရအံ့။ ၆-၅-၃
၂၄၂။ စာပေးလာသည်ဟုမြင်မက်လျှင် အဝေးအရပ်မှ သတင်းကောင်း ကြားရ
အံ့။ ၆-၁-၃
၂၄၃။ စာအုပ်ကိုမြင်မက်လျှင် ပညာ တိုးပွားအံ့။ ၆-၇-၅
၂၄၄။ စာသင်ကြားရသည်ဟု မြင်မက်လျှင် အကြံအစည်များ အောင်မြင်အံ့။
၆-၂-၅
၂၄၅။ စာရေးရသည်ဟု . မြင်မက်လျှင် အလုပ်များ အဆင်ပြေအံ့။ ၆-၃-၃
၂၄၆။ စိန်ကိုမြင်မက်လျှင် ပစ္စည်းဥစ္စာ ယုတ်လျော့အံ့။ ၆-၆-၆
၂၄၇။ စားသောက်နေရသည်ဟု မြင်မက်လျှင် ကူညီမည့်သူ ပေါ်အံ့။ ၆-၂-၇
၂၄၈။ စားစရာများကို ဝယ်ယူရသည်ဟုမြင်မက်လျှင် အလုပ်အကြံအစည်များ
နှောင့်နှေးတတ်၏။ ၆-၆-၃
၂၄၉။ စွယ်တော်ကိုမြင်မက်လျှင် အလုပ်အသစ်ကို ရရှိအံ့။ ၆-၇-၇





၂၅၀။ စဉ့်အိုးကိုမြင်မက်လျှင် ချမ်းသာကြွယ်ဝအံ့။ ၆-၈-၈
၂၅၁။ စဉ့်အိုးလုပ်ရသည်ဟု မြင်မက်လျှင် စီးပွားတက်အံ့။ ၆-၇-၃
၂၅၂။ စဉ့်အိုးကွဲသည်ဟုမြင်မက်လျှင် ဒုက္ခရောက်အံ့။ ၆-၈-၅
၂၅၃။ စံပယ်ပန်းကို မြင်မက်လျှင် ကံကောင်းအံ့။ ၆-၁-၁
၂၅၄။ စံပယ်ပန်းခြောက်များကို မြင်မက်လျှင် ကံဆိုးအံ့။ ၆-၁-၅
၂၅၅။ စံပယ်ပန်းကို ပန်ဆင်ရသည်ဟုမြင်မက်လျှင် အထူးပင်ကံကောင်းပြီး
ငွေများစွာရအံ့။ ၆-၁-၆
၂၅၆။ စိပ်ပုတီးကိုမြင်မက်လျှင် ချမ်းသာအံ့။ ၆-၁-၇
၂၅၇။ စိတ်ဆင်းရဲရသည်ဟုမြင်မက်လျှင် သောကများအံ့။ ၆-၆-၃
၂၅၈။ စေ့စပ်ကြောင်းလမ်းခြင်း ပြုရသည်ဟု မြင်မက်လျှင် စိတ်သောကဖြစ်အံ့။
၆-၆-၃
၂၅၉။ စာရေးဆရာဖြစ်ရသည်ဟု မြင်မက်လျှင် အကြံကောင်း ဉာဏ်ကောင်းများ
ပေါ်အံ့။ ၆-၆-၃
၂၆၀။ စာချုပ်စာတမ်းများ ပြုလုပ်ရသည်ဟု မြင်မက်လျှင် အမှုအခင်းများ ကြုံအံ့။
၆-၅-၆
၂၆၁။ စာရင်းကိုင်ရသည်ဟု မြင်မက်လျှင် ရာထူးတိုးတက်အံ့။ ၆-၃-၅
၂၆၂။ စာသင်ကျောင်းကိုမြင်မက်လျှင် အပေါင်းအသင်းတိုးပွားအံ့။ ၆-၂-၅
၂၆၃။ စွန်လွှတ်ရသည်ဟုမြင်မက်လျှင် မိမိဘဝ အထက်သို့ရောက်အံ့။
၆-၃-၃
၂၆၄။ စားပွဲကို မြင်မက်လျှင် ပူပင်သောက ရောက်အံ့။ ၆-၁-၅
၂၆၅။ စားပွဲခင်းစုတ်ပြဲနေသည်ကို မြင်မက်လျှင် ဒုက္ခတွေ့အံ့။ ၆-၁-၁
၂၆၆။ စက္ကူအဖြူကိုမြင်မက်လျှင် စိတ်ချမ်းသာအံ့။ ၆-၅-၁
၂၆၇။ စက္ကူအစုတ်အပြဲများကို မြင်မက်လျှင် စိတ်သောကရောက်အံ့။
၆-၅-၆
၂၆၈။ စူး၊ ဆောက်ကိရိယာများကိုမြင်မက်လျှင် ငွေကြေးပစ္စည်းများကို
တိုးပွားအံ့။ ၆-၆-၁



www.burmeseclassic.com

www.burmeseclassic.com

ဆောင်မြတ်ဦး

၂၆၉။ ရှူး၊ ဆောက်ကိရိယာများကို ကိုင်တွယ်လုပ်ကိုင်ရသည်ဟု မြင်မက်လျှင် အလုပ်အကိုင်တိုးချဲ့ရအံ့။ ၆-၆-၅

၂၇၀။ စောင်းလျားသီးကို မြင်မက်လျှင် ကျန်းမာရေးညံ့အံ့။ ၆-၅-၂

## 'ဆ' အက္ခရာ အိပ်မက်အဟောနှင့် အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ

၂၇၁။ ဆရာကိုမြင်မက်လျှင် ဂုဏ်သတင်း ကျော်စောအံ့။ ၆-၆-၆

၂၇၂။ ဆရာဝန်ကိုမြင်မက်လျှင် ကျန်းမာရေးညံ့အံ့။ ၆-၆-၃

၂၇၃။ ဆံပင်ရှည်ကိုမြင်မက်လျှင် အသက်ရှည်အံ့။ ၆-၁-၃

၂၇၄။ ဆံပင်တိုကိုမြင်မက်လျှင် အသက်အန္တရာယ်နှင့် ရင်ဆိုင်တွေ့ကြုံအံ့။ ၆-၁-၇

၂၇၅။ ဆံပင်ဖြူကိုမြင်မက်လျှင် ရာထူးတိုး၍ အကြီးအကဲဖြစ်အံ့။ ၆-၁-၁

၂၇၆။ ဆံပင်ကျွတ်သည်ဟုမြင်မက်လျှင် အနာအဖျား ဖြစ်အံ့။ ၆-၅-၆

၂၇၇။ ဆံပင်ရိတ်သည်ဟုမြင်မက်လျှင် ဒုက္ခတွေ့အံ့။ ၆-၁-၃

၂၇၈။ ဆာလောင်မွတ်သိပ်သည်ဟုမြင်မက်လျှင် ချမ်းသာအံ့။ ၆-၃-၁

၂၇၉။ ဆင်ကိုမြင်မက်လျှင် ကြီးပွားအံ့။ ၆-၆-၆

၂၈၀။ ဆင်အော်သံကြားသည်ဟု မြင်မက်လျှင် အဝေးအရပ်မှ မိမိ၏ ကျော်စောသတင်းစကားကို ကြားရအံ့။ ၆-၈-၂

၂၈၁။ ဆင်ဖြူတော်ကိုမြင်မက်လျှင် ဩဇာအာဏာ ကြီးအံ့။ ၆-၁-၈

၂၈၂။ ဆင်စီးရသည်ဟုမြင်မက်လျှင် အပူဇော် ခံရအံ့။ ၆-၆-၃

၂၈၃။ ဆင်မြင်းဗိုလ်ပါများကိုမြင်မက်လျှင် အခြွေအရံ များအံ့။ ၆-၁-၈

၂၈၄။ ဆင်စွယ်ကိုမြင်မက်လျှင် ဦးစီးဦးဆောင်ဖြစ်အံ့။ ၆-၆-၅

၂၈၅။ ဆင်ကို အစာကျွေးရသည်ဟုမြင်မက်လျှင် မိတ်ဆွေကောင်းရအံ့။ ၆-၅-၈

၂၈၆။ ဆင်တင်းကုပ်ကို မြင်မက်လျှင် အိပ်ရာသစ် ရအံ့။ ၆-၇-၅

၂၈၇။ ဆင်းတုရုပ်ပွားတော်ကိုမြင်မက်လျှင် အထူးကံကောင်းအံ့။ ၆-၇-၃





၂၈၈။ ဆန်ကိုမြင်မက်လျှင် စီးပွားတိုးအံ့။ ၆-၆-၆

၂၈၉။ ဆန်ပြုတ်သောက်ရသည်ဟုမြင်မက်လျှင် အစာရေစာအခက်အခဲ ကြုံတွေ့ရအံ့။ ၆-၅-၈

၂၉၀။ ဆပ်ပြာကိုမြင်မက်လျှင် နာဖျားအံ့။ ၆-၁-၅

၂၉၁။ ဆွဲကြိုးကိုမြင်မက်လျှင် ရန်များအံ့။ ၆-၅-၅

၂၉၂။ ဆီကိုမြင်မက်လျှင် အစားအသောက် ပေါများအံ့။ ၆-၆-၆

၂၉၃။ ဆေးများ ကိုယ်မှာလိမ်းကျံရသည်ဟုမြင်မက်လျှင် ကျန်းမာရေးကောင်းအံ့။ ၆-၁-၅

၂၉၄။ ဆားကိုမြင်မက်လျှင် လူရာဝင်အံ့။ ၆-၅-၁

၂၉၅။ ဆတ်ကိုမြင်မက်လျှင် စိတ်သောက ကြုံတွေ့ရအံ့။ ၆-၅-၁

၂၉၆။ ဆွေမျိုးများကိုမြင်မက်လျှင် ငွေကုန်ကြေးကျများအံ့။ ၆-၁-၁

၂၉၇။ ဆိုင်းဘုတ်ကိုမြင်မက်လျှင် ကျော်စောသတင်းဖြစ်အံ့။ ၆-၁-၅

၂၉၈။ ဆိုင်းဝိုင်းကိုမြင်မက်လျှင် စိတ်ပျော်ရွှင်ရအံ့။ ၆-၃-၅

၂၉၉။ ဆိုင်းဝိုင်းတီးသံကြားရသည်ဟု မြင်မက်လျှင် အဝေးအရပ်မှ သတင်းကောင်းကြားရအံ့။ ၆-၃-၈

၃၀၀။ ဆေးပုလင်းကိုမြင်မက်လျှင် ကျန်းမာရေးညံ့အံ့။ ၆-၁-၃

၃၀၁။ ဆေးလှူဒါန်းရသည်ဟု မြင်မက်လျှင် မကျန်းမာသူများရှိက ကျန်းမာလာအံ့။ ၆-၃-၈

၃၀၂။ ဆိုင်ကို မြင်မက်လျှင် ပစ္စည်းဥစ္စာ ပေါများအံ့။ ၆-၆-၆

၃၀၃။ ဆဲရေးတိုင်းထွာသည်ဟု မြင်မက်လျှင် ဒုက္ခတွေ့အံ့။ ၆-၃-၈

၃၀၄။ ဆွံ့အနေသူကို မြင်မက်လျှင် သောကကြီးအံ့။ ၆-၈-၇

၃၀၅။ ဆိတ်နို့သောက်ရသည်ဟု မြင်မက်လျှင် အားကိုးမည့်သူ ပေါ်အံ့။ ၆-၈-၂

၃၀၆။ ဆိတ်နက်ကို မြင်မက်လျှင် ဘေးရန်များအံ့။ ၆-၇-၅

၃၀၇။ ဆိတ်ဖြူကို မြင်မက်လျှင် ရွှေငွေဝင်အံ့။ ၆-၁-၁

၃၀၈။ ဆံပင်ကို မြင်မက်လျှင် ဆင်းရဲအံ့။ ၆-၁-၅


www.burmeseclassic.com

www.burmeseclassic.com

၃၀၉။ ဆံပင်ဖြတ်ရသည်ဟု မြင်မက်လျှင် အလှူကြီးသို့ သွားရအံ့။ ၆-၁-၅
၃၁၀။ ဆံပင်ဖားလျားချထားသည်ဟု မြင်မက်လျှင် ခရီးဝေးသို့ သွားရအံ့။
၃၁၁။ ဆံထုံးရသည်ဟု မြင်မက်လျှင် ကံကောင်းအံ့။ ၆-၇-၃
၃၁၂။ ဆံပင်ဖြီးသည်ဟု မြင်မက်လျှင် ဒုက္ခတွေ့အံ့။ ၆-၁-၁
၃၁၃။ ဆူး စူးမိသည်ဟုမြင်မက်လျှင် ကူညီမည့်သူ ပေါ်အံ့။ ၆-၆-၁

## 'ဇ'အက္ခရာ အိပ်မက်အဟောနှင့်
## အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊

၃၁၄။ ဇရက်ငှက်ကို မြင်မက်လျှင် အမှုဖြစ်အံ့။ ၆-၃-၅
၃၁၅။ ဇရက်ငှက်သေကို မြင်မက်လျှင် အမှုအခင်းပြီးအံ့။ ၆-၃-၂
၃၁၆။ ဇရပ်ကိုမြင်မက်လျှင် ကူညီမည့်သူ ပေါ်အံ့။ ၆-၃-၅
၃၁၇။ ဇလားကို မြင်မက်လျှင် အဖိုးတန်ပစ္စည်းများ လက်ဆောင်ရရှိအံ့။
၆-၃-၁
၃၁၈။ ဇာဂနာကို မြင်မက်လျှင် ဒုက္ခတွေ့ရအံ့။ ၆-၆-၈
၃၁၉။ ဇီးပင်ကို မြင်မက်လျှင် အစားအသောက်ပေါများအံ့။ ၆-၁-၅
၃၂၀။ ဇီးကွက်ကို မြင်မက်လျှင် လာဘ်ရအံ့။ ၆-၅-၅
၃၂၁။ ဇော်ဂျီကိုမြင်မက်လျှင် အောင်မြင်အံ့။ ၆-၅-၅
၃၂၂။ ဇော်က ကရသည်ဟုမြင်မက်လျှင် ပျော်ရွှင်ရအံ့။
၃၂၃။ ဇော်ဂျီအသားကို စားသောက်ရသည်ဟုမြင်မက်လျှင် သိဒ္ဓိတန်ခိုးများ
ရရှိအံ့။ ၆-၅-၂
၃၂၄။ ဇာတ်ပွဲကြည့်ရသည်ဟု မြင်မက်လျှင် ငိုကြွေးအံ့။ ၆-၅-၅
၃၂၅။ ဇာတ်ပွဲတွင် မိမိကိုယ်တိုင်ကပြရသည်ဟု မြင်မက်လျှင် စိတ်ဆင်းရဲအံ့။
၆-၁-၇





## 'ဈ'အက္ခရာ အိပ်မက်အဟောနှင့်
## အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊

၃၂၆။ ဈေးကိုမြင်မက်လျှင် လူအများနှင့် ပြဿနာရှင်းရအံ့။ ၆-၆-၆
၃၂၇။ ဈေးရောင်းရသည်ဟု မြင်မက်လျှင် စီးပွားရေး ကျဆင်းအံ့။ ၆-၃-၃
၃၂၈။ ဈေးဝယ်ရသည်ဟု မြင်မက်လျှင် ပစ္စည်းဥစ္စာများ စုဆောင်းမိအံ့။
၆-၃-၃
၃၂၉။ ဈေးတွင် လူစည်ကားနေသည်ဟု မြင်မက်လျှင် ဂုဏ်သတင်း ကျော်ကြား
အံ့။ ၆-၇-၂
၃၃၀။ ဈာန်ရ ရသေ့ရဟန်းများကို ဖူးတွေ့ရသည်ဟု မြင်မက်လျှင် ကံကောင်းပြီး
အကြီးအကဲဖြစ်အံ့။ ၆-၃-၃

## 'ည'အက္ခရာ အိပ်မက်အဟောနှင့်
## အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊

၃၃၁။ ညငှက်ကိုမြင်မက်လျှင် ဒုက္ခကြီးစွာ တွေ့ကြုံရအံ့။ ၆-၆-၆
၃၃၂။ ညဘက်တွင် ခရီးသွားလာရသည်ဟု မြင်မက်လျှင် စီးပွားယုတ်လျော့အံ့။
၆-၁-၇
၃၃၃။ ညောင်ပင်ကိုမြင်မက်လျှင် အကူအညီပေးမည့်သူ ရောက်လာအံ့။
၆-၁-၅
၃၃၄။ ညောင်ပင်၏အကိုင်းအခက်များ ခြောက်သွေ့နေသည်ဟု မြင်မက်လျှင်
ကျန်းမာရေးညံ့အံ့။ ၆-၁-၇
၃၃၅။ ညောင်ပင်ကို ရေသွန်းလောင်းသည်ဟု မြင်မက်လျှင် ချမ်းသာအံ့။
၆-၅-၃
၃၃၆။ ညောင်ရေအိုးကိုမြင်မက်လျှင် အသက်ရှည်အံ့။ ၆-၃-၈
၃၃၇။ ညောင်ရွက်ကိုမြင်မက်လျှင် အပူဇော်ခံရအံ့။ ၆-၃-၅
၃၃၈။ ညောင်ရေအိုး ကျကွဲသည်ဟုမြင်မက်လျှင် မိမိအိမ်မှ အကြီးအကဲ၊
အိမ်ထောင်ဦးစီး ဆုံးရှုံးအံ့။ ၆-၃-၈


www.burmeseclassic.com

www.burmeseclassic.com

၃၃၉။ ညီအစ်ကိုမောင်နှမများကို စုစုဝေးဝေးနှင့်မြင်မက်လျှင် အလှူကြီး ပေးရအံ့။ ၆-၈-၅

၃၄၀။ ညီညာဖြောင့်ဖြူးသောလမ်းကို မြင်မက်လျှင် မိမိအလုပ်၌ အခက်အခဲများ ကြုံတွေ့ရအံ့။ ၆-၆-၅

၃၄၁။ ညီကို ကျန်းမာရေးမကောင်းဟု မြင်မက်လျှင် ထိုညီသည် ကျန်းမာရေး ကောင်းအံ့။ ၆-၅-၅

၃၄၂။ ညီမကို ကျန်းမာရေးမကောင်းဟု မြင်မက်လျှင် ထိုညီမသည် ကျန်းမာရေး ကောင်းမွန်အံ့။ ၆-၅-၅

၃၄၃။ ညစ်ပတ်ပေရေနေသည်ဟု မြင်မက်လျှင် ဒုက္ခတွေ့ရအံ့။ ၆-၅-၅

၃၄၄။ ညအချိန်တွင် အလုပ်လုပ်ရသည်ဟု မြင်မက်လျှင် ပင်ပန်းဆင်းရဲအံ့။ ၆-၈-၅

၃၄၅။ ညဘက်တွင် ကခုန်မြူးတူးရသည်ဟု မြင်မက်လျှင် အမှုအခင်းဖြစ်အံ့။ ၆-၅-၇

၃၄၆။ ညဘက်တွင် လှေနှင့်ခရီးသွားရသည်ဟု မြင်မက်လျှင် စိတ်ပျော်ရွှင်ရအံ့။ ၆-၅-၇

၃၄၇။ ညဘက်တွင် စိတ်နှလုံးတုန်လှုပ်ဖွယ် ကြုံတွေ့ရသည်ဟု မြင်မက်လျှင် မမျှော်လင့်ဘဲ ရောဂါရတတ်အံ့။ ၆-၅-၇

၃၄၈။ ညနေခင်းတွင် လမ်းလျှောက်ရသည်ဟုမြင်မက်လျှင် ခရီးဝေးသို့ သွားရအံ့။ ၆-၇-၅

၃၄၉။ ညအမှောင်ထဲတွင် အလင်းရောင်မီးကို မြင်တွေ့ရသည်ဟုမြင်မက်လျှင် အထူးပင်ကံကောင်းအံ့။ ၆-၅-၇

**'တ' အက္ခရာ အိပ်မက်အဟောနှင့်**
**အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊**

၃၅၀။ တရားနာကြားရသည်ဟု မြင်မက်လျှင် ဘေးရန်အသွယ်သွယ် ကင်းရှင်းအံ့။ ၇-၃-၇





၃၅၁။ တရားဟောကြားရသည်ဟု မြင်မက်လျှင် အကြီးအကဲတို့၏ပူဇော်အထူးကို ခံစားရအံ့။ ၇-၇-၃

၃၅၂။ တရားသူကြီးကိုမြင်မက်လျှင် အမှုအခင်းဖြစ်အံ့။ ၇-၃-၂

၃၅၃။ တံတားကိုမြင်မက်လျှင် အလုပ်အကိုင်အဆင်ပြေအံ့။ ၇-၇-၅

၃၅၄။ တံတားအောက် ရောက်နေသည်ဟုမြင်မက်လျှင် ငွေကြေးနှင့်ပတ်သက်ပြီး အလိမ်အကောက်ခံရအံ့။ ၇-၇-၈

၃၅၅။ တံတား ဆောက်လုပ်ရသည်ဟု မြင်မက်လျှင် အများအကျိုးကို ဆောင်ရအံ့။ ၇-၇-၅

၃၅၆။ တံတားပေါ်လျှောက်သွားရသည်ကို မြင်မက်လျှင် အလုပ်အကိုင် တိုးချဲ့ လုပ်ကိုင်ရအံ့။ ၇-၇-၁

၃၅၇။ တံတားကျိုးကျသည်ဟု မြင်မက်လျှင် အလုပ်အကိုင်ပျက်စီးဆုံးရှုံးအံ့။ ၇-၇-၅

၃၅၈။ တံတားပျက်ကိုမြင်မက်လျှင် အလုပ်အကိုင် ကောင်းအံ့။ ၇-၇-၅

၃၅၉။ တံမြက်စည်း လှဲရသည်ဟု မြင်မက်လျှင် စီးပွားရေး ကျဆင်းအံ့။ ၇-၅-၆

၃၆၀။ တံမြက်စည်း လှဲရသည်ဟု မြင်မက်လျှင် စီးပွားရေးယုတ်လျော့အံ့။ ၇-၇-၅

၃၆၁။ တံခါးကိုမြင်မက်လျှင် အခက်အခဲဟူသမျှ ကျော်လွှားနိုင်အံ့။ ၇-၅-၅

၃၆၂။ တံခါးပိတ်ထားသည်ကို မြင်မက်လျှင် အလုပ်အကိုင်များ အဆင်မပြေ ဖြစ်တတ်အံ့။ ၇-၅-၁

၃၆၃။ တံခါးဖွင့်ထားသည်ကို မြင်မက်လျှင် အလုပ်အကိုင်နှင့်ပတ်သက်၍ အစစအရာရာအဆင်ပြေအံ့။ ၇-၅-၁

၃၆၄။ တံခွန်ကိုမြင်မက်လျှင် ထင်ရှားကျော်ကြားအံ့။ ၇-၅-၅

၃၆၅။ တံခွန်လှူရသည်ဟု မြင်မက်လျှင် အလိုဆန္ဒပြည့်ဝအံ့။ ၇-၅-၃

၃၆၆။ တံခွန်တိုင်ကိုမြင်မက်လျှင် အကြံ အောင်မြင်အံ့။ ၇-၅-၇



www.burmeseclassic.com

www.burmeseclassic.com

၃၆၇။ တီကောင်တစ်ထွေးကြီးကိုမြင်မက်လျှင် ပြဿနာဟူသမျှ ရှုပ်ထွေးအံ့။ ၇-၅-၇

၃၆၈။ တိမ်တိုက်ကို မြင်မက်လျှင် အထက်သို့ရောက်အံ့။ ၇-၇-၅

၃၆၉။ တောကို မြင်မက်လျှင် အေးချမ်းသာယာအံ့။ ၇-၅-၁

၃၇၀။ တောလိုက်ရသည်ဟု မြင်မက်လျှင် ပင်ပန်းဆင်းရဲအံ့။ ၇-၃-၃

၃၇၁။ တောထဲတွင် မျက်စိလည်လမ်းမှားနေသည်ဟု မြင်မက်လျှင် ဒုက္ခကြီးစွာ တွေ့ကြုံအံ့။ ၇-၇-၇

၃၇၂။ တောမီးလောင်နေသည်ဟု မြင်မက်လျှင် စီးပွားတိုးအံ့။ ၇-၅-၃

၃၇၃။ တောင်ဝှေးကို မြင်မက်လျှင် မိမိကို ကူညီစောင်မမည့်သူပေါ်အံ့။ ၇-၃-၅

၃၇၄။ တောင်ဝှေးကျိုးသည်ကို မြင်မက်လျှင် မိတ်ကောင်းဆွေကောင်းများ ဆုံးရှုံးပျက်စီးအံ့။ ၇-၃-၅

၃၇၅။ တောင်ကိုမြင်မက်လျှင် ပင်ပန်းအံ့။ ၇-၅-၁

၃၇၆။ တောင်များသို့တက်ရသည်ဟု မြင်မက်လျှင် အထွတ်အထိပ်သို့ ရောက်ရှိအံ့။ ၇-၅-၂

၃၇၇။ တောင်တက်ရသည်ဟု မြင်မက်လျှင် ပင်ပန်းဆင်ရဲအံ့။ ၇-၇-၃

၃၇၈။ တောင်ထိပ်တွင်နေရသည်ဟု မြင်မက်လျှင် သူဌေးသူကြွယ်ဖြစ်အံ့။ ၇-၇-၇

၃၇၉။ တောင်ပြိုကျသည်ဟု မြင်မက်လျှင် ပစ္စည်းဥစ္စာများ ဆုံးရှုံးအံ့။ ၇-၁-၅

၃၈၀။ တောင်ပို့ကို မြင်မက်လျှင် အလုပ်အကိုင်များ အဆင်ပြေအံ့။ ၇-၁-၅

၃၈၁။ တောင်ပို့တွင် ခြများတက်ရောက်နေသည်ဟု မြင်မက်လျှင် တိုးတက်ကြီးပွားအံ့။ ၇-၁-၇

၃၈၂။ တောင်ပူစာကို မြင်မက်လျှင် စီးပွားရေးမှာ အပြိုင်အဆိုင်တွေ့ရအံ့။ ၇-၅-၆

၃၈၃။ တူကို မြင်မက်လျှင် ပင်ပန်းဆင်းရဲအံ့။ ၇-၅-၁





၃၈၄။ တောင်းရမ်းစားသောက်နေသူကို မြင်မက်လျှင် လာဘ်ကြီးဝင်အံ့။ ၇-၃-၆

၃၈၅။ တင်းပုတ်ကို မြင်မက်လျှင် အမှုအခင်းများအံ့။ ၇-၁-၅

၃၈၆။ တင်းပုတ်ကိုင်ထားရသည်ဟု မြင်မက်လျှင် အမှုအခင်းဖြစ်သော်လည်း နိုင်အံ့။ ၇-၁-၅

၃၈၇။ တင်းနစ်ကစားရသည်ဟု မြင်မက်လျှင် စီးပွားရေးနှင့်ပတ်သက်၍ ရုန်းကန်လှုပ်ရှားရအံ့။ ၇-၇-၅

၃၈၈။ တင်းတောင်းကို မြင်မက်လျှင် စီးပွားရေးဖြစ်ထွန်းအံ့။ ၇-၇-၅

၃၈၉။ တင်းတောင်းကို ရွက်ရသည်ဟု မြင်မက်လျှင် ထီပေါက်အံ့။ ၇-၇-၅

၃၉၀။ တင်းတောင်း ပေါက်နေသည်ဟု မြင်မက်လျှင် ငွေကုန်ကြေးကျ များပြားအံ့။၇-၇-၅

၃၉၁။ တင်းတောင်းကို ဖာထေးရသည်ဟု မြင်မက်လျှင် အိမ်ပြင်ရအံ့။ ၇-၇-၅

၃၉၂။ တိုင်ထူရသည်ဟု မြင်မက်လျှင် အများအကျိုးကို ဆောင်ရွက်ရအံ့။ ၇-၇-၃

၃၉၃။ တွင်းကို မြင်မက်လျှင် ဒုက္ခတွေ့ရအံ့။ ၇-၅-၁

၃၉၄။ တွင်းထဲသို့ကျသည်ဟု မြင်မက်လျှင် ကံ အလွန်ညံ့အံ့။ ၇-၇-၂

၃၉၅။ တွင်းထဲသို့ မိမိကိုယ်တိုင်ဆင်းသည်ဟု မြင်မက်လျှင် အပြစ်ပေးခံရအံ့။ ၇-၇-၂

၃၉၆။ တိတ်ခွေကိုမြင်မက်လျှင် ပျော်ရွှင်ရအံ့။ ၇-၅-၅

၃၉၇။ တိတ်ရီကော်ဒါကို မြင်မက်လျှင် ကြီးပွားချမ်းသာအံ့။ ၇-၃-၅

၃၉၈။ တန်းပေါ်ကို တက်လျှောက်ရသည်ဟု မြင်မက်လျှင် အခက်အခဲဟူသမျှ ကျော်လွှားအံ့။ ၇-၁-၁

၃၉၉။ တန်းစီနေရသည်ဟု မြင်မက်လျှင် အလုပ်ဟူသမျှ ရပ်ဆိုင်းနေအံ့။ ၇-၆-၇


www.burmeseclassic.com

www.burmeseclassic.com

**'ထ' အက္ခရာ အိပ်မက်အဟောနှင့်**

**အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊**

၄၀၀။ ထမင်း စားရသည်ဟု မြင်မက်လျှင် စီးပွားရေးဖြစ်ထွန်းအံ့။ ၇-၅-၃

၄၀၁။ ထမင်းကို သပိတ်နှင့်စားရသည်ဟု မြင်မက်လျှင် ဘုန်းကျက်သရေ တိုးအံ့။ ၇-၁-၅

၄၀၂။ ထမင်းခြောက်ကို စားနေရသည်ဟု မြင်မက်လျှင် အစာရေစာ ရှားပါးအံ့။ ၇-၁-၅

၄၀၃။ ထမင်းချက်ရသည်ဟု မြင်မက်လျှင် အစာရေစာ ပေါများအံ့။ ၇-၁-၅

၄၀၄။ ထဘီသစ်ကို ဝတ်ဆင်ရသည်ဟု မြင်မက်လျှင် အိမ်ရာသစ် ပြောင်းရွှေ့ရအံ့။ ၇-၁-၂

၄၀၅။ ထီပေါက်သည်ဟု မြင်မက်လျှင် စီးပွားရေးလုပ်ငန်းများ အဆင်ပြေအံ့။ ၇-၁-၂

၄၀၆။ ထီလက်မှတ်ပျောက်ဆုံးသည်ဟု မြင်မက်လျှင် စိတ်သောကရောက်ပြီး ဒုက္ခများအံ့။ ၇-၃-၁

၄၀၇။ ထီးကို မြင်မက်လျှင် အေးချမ်းသာယာအံ့။ ၇-၅-၁

၄၀၈။ ထီးဆောင်းရသည်ဟု မြင်မက်လျှင် ရာထူးတိုးအံ့။ ၇-၆-၃

၄၀၉။ ထီးစုတ်ကို မြင်မက်လျှင် ရောဂါရအံ့။ ၇-၃-၅

၄၁၀။ ထီးကို မီးလောင်သည်ဟု မြင်မက်လျှင် နေအိမ်ပျက်ဆီးအံ့။ ၇-၅-၁

၄၁၁။ ထီး ပေါက်သည်ဟု မြင်မက်လျှင် စီးပွားပျက်အံ့။ ၇-၅-၂

၄၁၂။ ထီး ပျောက်သည်ဟု မြင်မက်လျှင် လာဘ်ကြီးဝင်အံ့။ ၇-၁-၂

၄၁၃။ ထီး ကောက်ရသည်ဟု မြင်မက်လျှင် ငွေကုန်ကြေးကျများအံ့။ ၇-၅-၃

၄၁၄။ ထီးတင်ပွဲသို့ သွားရသည်ဟု မြင်မက်လျှင် ဘုန်းကျက်သရေ တိုးအံ့။ ၇-၇-၁

၄၁၅။ ထမ်းစင်ကို မြင်မက်လျှင် ဒုက္ခတွေ့အံ့။ ၇-၆-၅

၄၁၆။ ထမ်းစင်ကျိုးသည်ဟု မြင်မက်လျှင် သေကြေပျက်စီးအံ့။ ၇-၆-၅

၄၁၇။ ထမ်းစင်ပေါ် တက်စီးရသည်ဟုမြင်မက်လျှင် ကောင်းစားအံ့။ ၇-၆-၁





၄၁၈။ ထမ်းပိုးကို မြင်မက်လျှင် ဒုက္ခရောက်အံ့။ ၇-၁-၅

၄၁၉။ ထန်းပင်ကို မြင်မက်လျှင် ကူညီမည့်သူ ပေါ်အံ့။ ၇-၁-၅

၄၂၀။ ထန်းသီးကို မြင်မက်လျှင် စီးပွားဖြစ်အံ့။ ၇-၂-၅

၄၂၁။ ထန်းပင်ကို တက်ရသည်ဟု မြင်မက်လျှင် ကြီးပွားအံ့။ ၇-၁-၅

၄၂၂။ ထန်းပင်မှ ပြုတ်ကျသည်ဟု မြင်မက်လျှင် လာဘ်ကြီးနှင့်လွဲရအံ့။ ၇-၁-၁

၄၂၃။ ထန်းလျက်စားရသည်ဟု မြင်မက်လျှင် အကြံအစည်များ အောင်မြင်အံ့။ ၇-၃-၆

၄၂၄။ ထန်းခေါက်ဖာကို မြင်မက်လျှင် ဝင်ငွေတိုးအံ့။ ၇-၅-၁

၄၂၅။ ထန်းရည်သောက်ရသည်ဟု မြင်မက်လျှင် ရောဂါတိုးအံ့။ ၇-၃-၂

၄၂၆။ ထင်းပုံကို မြင်မက်လျှင် အပူမီး တွေ့အံ့။ ၇-၁-၅

၄၂၇။ ထင်းပုံ ပြိုကျသည်ဟု မြင်မက်လျှင် ရောဂါရရှိအံ့။ ၇-၁-၁

၄၂၈။ ထင်းပုံပေါ်သို့ မိမိတက်ရောက်ရသည်ဟု မြင်မက်လျှင် သူများ အပူသောကများ မိမိကိုကူးအံ့။ ၇-၁-၁

၄၂၉။ ထိတ်ထိတ်ပျာပျာ သွားလာရသည်ဟု မြင်မက်လျှင် ဒုက္ခတွေ့ကြုံရအံ့။ ၇-၇-၁

၄၃၀။ ထိတ်လန့်နေရသည်ဟု မြင်မက်လျှင် ဘေးဆိုးနှင့် တွေ့ရအံ့။ ၇-၃-၇

၄၃၁။ ထောင်ကျသည်ဟု မြင်မက်လျှင် စိတ်သောကများအံ့။ ၇-၅-၂

၄၃၂။ ထောင်မှလွတ်သည်ဟု မြင်မက်လျှင် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ရှိအံ့။ ၇-၁-၃

၄၃၃။ ထောပတ်ကိုမြင်မက်လျှင် ကြီးပွားအံ့။ ၇-၁-၅

၄၃၄။ ထောပတ်ထမင်း စားရသည်ဟု မြင်မက်လျှင် အစားအသောက်ကောင်းများ စားရအံ့။ ၇-၁-၇

၄၃၅။ ထောပတ်လိမ်းကျံရသည်ဟု မြင်မက်လျှင် မိမိကိုယ်ပေါ်တွင် အနာများ ပေါက်အံ့။ ၇-၁-၃

၄၃၆။ ထုံးကို မြင်မက်လျှင် ရောဂါဝေဒနာ ရအံ့။ ၇-၅-၁



www.burmeseclassic.com

www.burmeseclassic.com

၄၃၇။ ထုံးပုံးကို မြင်မက်လျှင် အရှက်ကွဲအံ့။ ၇-၁-၅
၄၃၈။ ထွန်တုံးကို မြင်မက်လျှင် ဆန်စပါးပေါများအံ့။ ၇-၇-၅
၄၃၉။ ထွန်ခြစ်ကို မြင်မက်လျှင် ချစ်ခင်သူ ပေါများအံ့။ ၇-၅-၅
၄၄၀။ ထွန်ထားသောလယ်ကွင်းကို မြင်မက်လျှင် လာဘ်ရအံ့။ ၇-၇-၂
၄၄၁။ ထမ်းပိုးလုပ်ကိုင်ရသည်ဟု မြင်မက်လျှင် ဘေးရန်ရှိအံ့။ ၇-၅-၃
၄၄၂။ ထမ်းပိုးပေါ်သို့ တက်ရသည်ဟု မြင်မက်လျှင် ကူညီမည့်သူ တွေ့ရအံ့။ ၇-၅-၁
၄၄၃။ ထမ်းပိုးပေါ်မှ ဆင်းရသည်ဟု မြင်မက်လျှင် ရာထူးလျှော့အံ့။ ၇-၅-၁
၄၄၄။ ထုပ်တန်းကို မြင်မက်လျှင် ကံဆိုးအံ့။ ၇-၇-၅
၄၄၅။ ထုပ်တန်းကျိုးကျသည်ဟု မြင်မက်လျှင် ဒုက္ခတွေ့အံ့။ ၇-၇-၅
၄၄၆။ ထုပ်ပိုးချည်နှောင်ခံရသည်ဟု မြင်မက်လျှင် အမှုအခင်းရှိလျှင် အောင်နိုင်အံ့။ ၇-၁-၅
၄၄၇။ ထုပ်စီးတိုးတမ်းကစားရသည်ဟု မြင်မက်လျှင် မိတ်ဆွေသစ် တိုးအံ့။ ၇-၃-၇
၄၄၈။ ထွက်ပြေးရသည်ဟု မြင်မက်လျှင် ကဲ့ရဲ့ခြင်းခံရအံ့။ ၇-၁-၃
၄၄၉။ ထွက်ပေါက်မရှိဘဲ ပိတ်မိနေသည်ဟု မြင်မက်လျှင် အကြံကောင်းများ ရရှိအံ့။ ၇-၁-၁
၄၅၀။ ထွက်ပြေးနေသူနှင့် ရင်ဆိုင်တွေ့ရသည်ဟု မြင်မက်လျှင် အမှုအခင်း များအံ့။ ၇-၁-၇
၄၅၁။ ထိန်းကျောင်းရသည်ဟု မြင်မက်လျှင် ပစ္စည်းဥစ္စာများ တိုးပွားအံ့။ ၇-၅-၃
၄၅၂။ ထောင်းထုခံရသည်ဟု မြင်မက်လျှင် စိတ်ချမ်းသာအံ့။ (၇-၇-၅)
၄၅၃။ ထိုးကြိတ်ရိုက်နှက်ခြင်း ခံရသည်ဟု မြင်မက်လျှင် အမှုအောင်နိုင်အံ့။ ၇-၅-၃





**'ဒ'အက္ခရာ အိပ်မက်အဟောနှင့်**
**အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊**

၄၅၄။ ဒင်္ဂါးပြားများကို မြင်မက်လျှင် လာဘ်ကြီးရအံ့။ ၇-၆-၁
၄၅၅။ ဒရယ်ကို မြင်မက်လျှင် ကောင်းအံ့။ ၇-၃-၅
၄၅၆။ ဒယ်အိုးကို မြင်မက်လျှင် ဆန်စပါး ပေါများအံ့။ ၇-၈-၁
၄၅၇။ ဒယ်အိုးပေါက်ကို မြင်မက်လျှင် စီးပွားကျအံ့။ ၇-၈-၁
၄၅၈။ ဒါနအလှူ ပေးရသည်ဟု မြင်မက်လျှင် စည်းစိမ်ဥစ္စာ တိုးပွားအံ့။ ၇-၈-၁
၄၅၉။ ဒန်းစီးရသည်ကို မြင်မက်လျှင် အလုပ်ပြောင်းရအံ့။ ၇-၆-၃
၄၆၀။ ဒိုးပတ်တီးရသည်ဟု မြင်မက်လျှင် အပူဇော်ခံရအံ့။ ၇-၁-၇
၄၆၁။ ဒွန်းစဏ္ဍားကို မြင်မက်လျှင် ကုသိုလ်ကံဆိုးအံ့။ ၇-၆-၇
၄၆၂။ ဒိန်ချဉ်သောက်ရသည်ကို မြင်မက်လျှင် လာဘ်ကြီးရအံ့။ ၇-၅-၂
၄၆၃။ ဒေါင်းကို မြင်မက်လျှင် ဘုန်းကျက်သရေတိုးအံ့။ ၇-၇-၇
၄၆၄။ ဒေါင်း ကနေသည်ဟု မြင်မက်လျှင် အလုပ်အကိုင် အဆင်ပြေအံ့။ ၇-၅-၇
၄၆၅။ ဒေါင်းတွန်သံကြားသည်ကို မြင်မက်လျှင် အဝေးအရပ်မှ မိမိနှင့် ပတ်သက်သော ကောင်းသတင်းကို ကြားရအံ့။ ၇-၇-၂
၄၆၆။ ဒီးဒုတ်ငှက်ကို မြင်မက်လျှင် စီးပွားရေးကျဆင်းအံ့။ ၇-၇-၅
၄၆၇။ ဒုံးလှေကို စီးရသည်ဟု မြင်မက်လျှင် စိတ်ချမ်းသာအံ့။ ၇-၃-၅
၄၆၈။ ဒုက္ခရောက်သည်ဟု မြင်မက်လျှင် မိတ်ဆွေကောင်းတွေ့အံ့။ ၇-၅-၃

**'ဓ'အက္ခရာ အိပ်မက်အဟောနှင့်**
**အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊**

၄၆၉။ ဓားကို မြင်မက်လျှင် ကျန်းမာပြီး အသက်ရှည်အံ့။ ၇-၇-၇
၄၇၀။ ဓားအရောင် တလက်လက် မြင်မက်လျှင် ဘုန်းတန်ခိုးကြီးအံ့။ ၇-၈-၃



www.burmeseclassic.com

www.burmeseclassic.com

၄၇၁။ ဓားသွေးရသည်ဟု မြင်မက်လျှင် အလုပ်အကိုင် အကြံအစည်များ အောင်မြင်အံ့။ ၇-၂-၃

၄၇၂။ ဓားခုတ်သည်ဟု မြင်မက်လျှင် ကျန်းမာရေး အထူးကောင်းမွန်အံ့။ ၇-၅-၂

၄၇၃။ ဓားနှင့်ထိုးသည်ဟု မြင်မက်လျှင် နိုက်ရန်ဖြစ်ပွားတတ်အံ့။ ၇-၇-၇

၄၇၄။ ဓားနှင့် အထိုးခံရသည်ဟု မြင်မက်လျှင် ကံဆိုးအံ့။ ၇-၇-၈

၄၇၅။ ဓာတ်ပုံကို မြင်မက်လျှင် ကံကောင်းအံ့။ ၇-၁-၅

၄၇၆။ ဓာတ်တော်ကို ဖူးတွေ့ရသည်ဟု မြင်မက်လျှင် ဘုန်းကျက်သရေတိုးအံ့။ ၇-၇-၅

၄၇၇။ ဓာတ်တော်ရသည်ဟု မြင်မက်လျှင် ဂုဏ်သတင်း ကျော်စောအံ့။ ၇-၇-၃

၄၇၈။ ဓာတ်လှေကား စီးရသည်ဟု မြင်မက်လျှင် တိုးတက်ကြီးပွားအံ့။ ၇-၃-၅

၄၇၉။ ဓာတ်လှေကားပျက်သည်ဟု မြင်မက်လျှင် အလုပ်အကိုင်များတွင် ဒုက္ခနှင့် တွေ့အံ့။ ၇-၃-၁

၄၈၀။ ဓာတ်ကြိုးကို မြင်မက်လျှင် ဒုက္ခတွေ့အံ့။ ၇-၅-၅

၄၈၁။ ဓာတ်လုံးရသည်ဟု မြင်မက်လျှင် အလိုဆန္ဒ ပြည့်ဝအံ့။ ၇-၃-၃

၄၈၂။ ဓူဝံကြယ်ကို မြင်မက်လျှင် ကံကောင်းအံ့။ ၇-၃-၅

၄၈၃။ ဓူဝံကြယ်ကို လှမ်းဆွတ်ရသည်ဟု မြင်မက်လျှင် အိမ်ထောင်ရေး သာယာအံ့။ ၇-၃-၅

၄၈၄။ ဓူဝံကြယ် မြေသို့ ခသည်ဟု မြင်မက်လျှင် အလုပ်အကိုင်များ ပျက်စီး ဆုံးရှုံးအံ့။ ၇-၃-၅

၄၈၅။ ဓာတ်တိုင်ကို မြင်မက်လျှင် အကြံဉာဉ်ကောင်းများ ရရှိအံ့။ ၇-၇-၅





## 'န' အက္ခရာ အိပ်မက်အဟောနှင့် အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊

၄၈၆။ နဂါးကို မြင်မက်လျှင် ဘုန်းကျက်သရေတိုးအံ့။ ၇-၇-၇

၄၈၇။ နဂါးကို ဖမ်းသည်ဟု မြင်မက်လျှင် ဘေးရန်ကင်းအံ့။ ၇-၅-၁

၄၈၈။ နဂါးကို စီးရသည်ဟု မြင်မက်လျှင် ခေါင်းဆောင်ဖြစ်အံ့။ ၇-၅-၅

၄၈၉။ နက္ခတ်ကို မြင်မက်လျှင် အကြီးအကဲဖြစ်အံ့။ ၇-၅-၅

၄၉၀။ နန္ဒင်းကို မြင်မက်လျှင် ဇနီးမယားနေထိုင်မကောင်းဖြစ်အံ့။ ၇-၇-၅

၄၉၁။ နပမ်းလုံးရသည်ဟု မြင်မက်လျှင် ပြဿနာရှင်းရအံ့။ ၇-၁-၃

၄၉၂။ နာနတ်သီးကို မြင်မက်လျှင် နတ်များချစ်အံ့။ ၇-၇-၁

၄၉၃။ နာနတ်ပင်ကို စိုက်ရသည်ဟု မြင်မက်လျှင် လာဘ်ဝင်အံ့။ ၇-၇-၁

၄၉၄။ နာနတ်တောကို မြင်မက်လျှင် ငွေများစွာ ရရှိအံ့။ ၇-၇-၇

၄၉၅။ နံ့သာကို လိမ်းကျံသည်ဟု မြင်မက်လျှင် ရောဂါဝေဒနာရရှိအံ့။ ၇-၂-၅

၄၉၆။ နံ့သာဖူး ငှက်ပျောသီးကို မြင်မက်လျှင် ဂုဏ်သတင်းကျော်ကြားအံ့။ ၇-၂-၁

၄၉၇။ နူနေသောလူကို မြင်မက်လျှင် လာဘ်ရအံ့။ ၇-၂-၂

၄၉၈။ နူနာရောဂါ စွဲကပ်နေသည်ကို မြင်မက်လျှင် ထီပေါက်အံ့။ ၇-၇-၃

၄၉၉။ နဲ့သံကို ကြားရသည်ဟု မြင်မက်လျှင် ကောင်းသတင်းကြားရအံ့။ ၇-၂-၅

၅၀၀။ နှင်းဆီပန်းကို မြင်မက်လျှင် စိတ်သောကများအံ့။ ၇-၆-၁

၅၀၁။ နှင်းသီးကို မြင်မက်လျှင် ဘေးရန်ကင်းအံ့။

၅၀၂။ နှင်းများကျနေသည်ကို မြင်မက်လျှင် အေးချမ်းသာယာအံ့။ ၇-၁-၅

၅၀၃။ နီသောပန်းကို မြင်မက်လျှင် ဒုက္ခတွေ့အံ့။ ၇-၂-၅

၅၀၄။ နီမြန်းသောအဝတ်ကို ဝတ်ရသည်ဟု မြင်မက်လျှင် အချုပ်အနှောင်ခံရအံ့။ ၇-၁-၂

၅၀၅။ နက်သောအရောင်ကို မြင်မက်လျှင် ဒုက္ခတွေ့အံ့။ (၇-၂-၈)

www.burmeseclassic.com

၅၀၆။ နက်သောအဝတ်ကို ဝတ်ရသည်ဟု မြင်မက်လျှင် ဝမ်းနည်းဖွယ်ရာ ကြုံတွေ့ရအံ့။ ၇-၂-၈
၅၀၇။ နေကို မြင်မက်လျှင် စီးပွားရေးတိုးအံ့။ ၇-၅-၁
၅၀၈။ နေကို ဖမ်းဆွဲရသည်ဟု မြင်မက်လျှင် လာဘ်ကြီးဝင်အံ့။ ၇-၅-၁
၅၀၉။ နေကြတ်သည်ဟု မြင်မက်လျှင် ဘုန်းကျက်သရေတိုးအံ့။ ၇-၅-၂
၅၁၀။ နေ, လတို့ကို ဖက်ရသည်ဟု မြင်မက်လျှင် ချမ်းသာကြွယ်ဝအံ့။ ၇-၃-၇
၅၁၁။ နေမွန်းတည့်သည်ကို မြင်မက်လျှင် ထီပေါက်အံ့။ ၇-၁-၇
၅၁၂။ နေထွက်သည်ကို မြင်မက်လျှင် တိုးတက်ကြီးပွားအံ့။ ၇-၇-၂
၅၁၃။ နေဝင်သည်ကို မြင်မက်လျှင် စီးပွားရေးကျဆင်းအံ့။ ၇-၃-၂
၅၁၄။ နေအိမ်ပေါ်သို့ ခြေးတက်သည်ဟု မြင်မက်လျှင် မွဲတတ်အံ့။ ၇-၁-၅
၅၁၅။ နေအိမ်, လအိမ် ဖွဲ့သည်ဟု မြင်မက်လျှင် ချမ်းသာကြွယ်ဝအံ့။ ၇-၈-၁
၅၁၆။ နေရာပြောင်းရွှေ့ရသည်ဟု မြင်မက်လျှင် အလုပ်ဌာန ပြောင်းရွှေ့ရအံ့။ ၇-၃-၁
၅၁၇။ နတ်ကို မြင်မက်လျှင် ချမ်းသာကြွယ်ဝအံ့။ ၇-၅-၁
၅၁၈။ နတ်က မိမိအား စကားပြောဆိုသည်ဟု မြင်မက်လျှင် ပြောဆိုတိုင်း အောင်မြင်အံ့။ ၇-၅-၁
၅၁၉။ နတ်ရုပ်ကို မြင်မက်လျှင် ကူညီသူပေါ်အံ့။ ၇-၃-၅
၅၂၀။ နှုတ်ခမ်းမွေးပေါက်နေသည်ဟု မြင်မက်လျှင် အရှက်ကွဲတတ်အံ့။ ၇-၅-၁
၅၂၁။ နမ်းကို မြင်မက်လျှင် လာဘ်ကြီးရရှိအံ့။ ၇-၅-၁
၅၂၂။ နမ်းခင်းကို မြင်မက်လျှင် စီးပွားဖြစ်ထွန်းအံ့။ ၇-၅-၅
၅၂၃။ နန်းပြာသဒ်ကို မြင်မက်လျှင် ကြီးပွားတိုးတက်အံ့။ ၇-၅-၂
၅၂၄။ နှာခေါင်းမှ သွေးများယိုထွက်သည်ဟု မြင်မက်လျှင် သူများ၏ အားကိုးရာ ဖြစ်အံ့။ ၇-၅-၁





၅၂၅။ နှာခေါင်းကျိုးသည်ဟု မြင်မက်လျှင် ဒုက္ခတွေ့အံ့။ ၇-၅-၅
၅၂၆။ နှာခေါင်းအတွင်းသို့ မကောင်းသောအနံ့များရသည်ဟု မြင်မက်လျှင် မကောင်းသတင်း ကြားရအံ့။ ၇-၅-၇
၅၂၇။ နှာခေါင်းအတွင်း ကောင်းသောအနံ့ ဝင်သည်ဟု မြင်မက်လျှင် ကောင်းသတင်းကြားရအံ့။ ၇-၅-၈
၅၂၈။ နှာချေသည်ဟု မြင်မက်လျှင် ကျော်စောထင်ရှားအံ့။ ၇-၅-၂
၅၂၉။ နို့သောက်ရသည်ဟု မြင်မက်လျှင် လာဘ်ရအံ့။ ၇-၂-၃
၅၃၀။ နို့ညှစ်သည်ဟု မြင်မက်လျှင် စီးပွားရေးကောင်းအံ့။ ၇-၃-၃
၅၃၁။ နို့စို့ရသည်ဟု မြင်မက်လျှင် ပညာတိုးပွားအံ့။ ၇-၆-၃
၅၃၂။ နို့ဆီဘူးကို မြင်မက်လျှင် လာဘ်ရအံ့။ ၇-၆-၁
၅၃၃။ နွားကို မြင်မက်လျှင် ကောင်းစားအံ့။ ၇-၇-၇
၅၃၄။ နွားဖွားသည်ဟု မြင်မက်လျှင် ကြီးပွားအံ့။ ၇-၁-၂
၅၃၅။ နွားစီးရသည်ဟု မြင်မက်လျှင် ကောင်းစားအံ့။ ၇-၅-၃
၅၃၆။ နွားလှည်းစီးရသည်ဟု မြင်မက်လျှင် ချမ်းသာကြွယ်ဝအံ့။ ၇-၄-၆
၅၃၇။ နွားက စကားပြောသည်ဟု မြင်မက်လျှင် မိမိပြောဆိုတိုင်း အောင်မြင်အံ့။ ၇-၅-၆
၅၃၈။ နွားသေသည်ဟု မြင်မက်လျှင် ထီပေါက်အံ့။ ၇-၂-၂
၅၃၉။ နွားကို ဖမ်းရသည်ဟု မြင်မက်လျှင် လာဘ်ကြီးရအံ့။ ၇-၅-၁
၅၄၀။ နွားကျောင်းရသည်ဟု မြင်မက်လျှင် အကြီးအကဲဖြစ်အံ့။ ၇-၅-၃
၅၄၁။ နွားဇေ့ခံရသည်ဟု မြင်မက်လျှင် ချမ်းသာကြွယ်ဝအံ့။ ၇-၃-၅
၅၄၂။ နိုင်ငံခြားသို့ သွားရသည်ဟု မြင်မက်လျှင် ပျော်ရွှင်ချမ်းမြေ့အံ့။ ၇-၅-၅
၅၄၃။ နိုင်ငံခြားသားများနှင့် စကားပြောရသည်ဟု မြင်မက်လျှင် အန္တရာယ်ကင်းရှင်းအံ့။ ၇-၅-၅
၅၄၄။ နားကွင်းကို မြင်မက်လျှင် ကြီးပွားချမ်းသာအံ့။ ၇-၅-၅


www.burmeseclassic.com

www.burmeseclassic.com

၅၄၅။ နားတောင်းကို ဝတ်ဆင်ရသည်ဟု မြင်မက်လျှင် အကြီးအကဲဖြစ်အံ့။ ၇-၇-၅

၅၄၆။ နားအပေါက်ဖောက်ရသည်ဟု မြင်မက်လျှင် စိတ်ချမ်းသာမှုနှင့် ကြုံတွေ့ရအံ့။ ၇-၈-၁

၅၄၇။ နားသမင်္ဂလာပြုလုပ်ရသည်ကို မြင်မက်လျှင် လေးစားခြင်း ခံရအံ့။ ၇-၂-၅

၅၄၈။ နားပြည်ယိုသည်ဟု မြင်မက်လျှင် စီးပွားဖြစ်ထွန်းအံ့။ ၇-၅-၃

၅၄၉။ နားတွင်းသို့ မကောင်းသောရေများ ဝင်လာသည်ဟု မြင်မက်လျှင် လာဘ်ရအံ့။ ၇-၇-၂

၅၅၀။ နံနံပင်စားရသည်ဟု မြင်မက်လျှင် ဘေးရန်ကင်းရှင်းအံ့။ ၇-၇-၁

၅၅၁။ နံနံပင်စိုက်ပျိုးရသည်ဟု မြင်မက်လျှင် စိတ်သောက အေးရအံ့။ ၇-၇-၁

၅၅၂။ နံပြားကို စားရသည်ဟု မြင်မက်လျှင် ငွေများဝင်အံ့။ ၇-၁-၅

၅၅၃။ နွယ်ပင်ကို မြင်မက်လျှင် မိမိကို မှီခိုသူပေါ်အံ့။ ၇-၁-၅

၅၅၄။ နွယ်ပင်ပေါ်သို့တက်ရသည်ဟု မြင်မက်လျှင် လုပ်ငန်းများ အောင်မြင်ပြီးစီးအံ့။ ၇-၁-၁

၅၅၅။ နွယ်ကြိုးများ ပြတ်ကျသည်ဟု မြင်မက်လျှင် အခက်အခဲများမှ ကျော်လွှားရအံ့။ ၇-၅-၁

## 'ပ'အက္ခရာ အိပ်မက်အဟောနှင့်
## အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊

၅၅၆။ ပလ္လင်ကို မြင်မက်လျှင် ခေါင်းဆောင်ဖြစ်အံ့။ ၁-၃-၅

၅၅၇။ ပတ္တမြားကို မြင်မက်လျှင် ကြီးစွာသော လာဘ်ကြီးဝင်အံ့။ ၁-၇-၁

၅၅၈။ ပိတုန်းကို မြင်မက်လျှင် လိုအင်ဆန္ဒ ပြည့်ဝအံ့။ ၁-၇-၅

၅၅၉။ ပိတုန်းတုပ်သည်ဟု မြင်မက်လျှင် ငွေကြေးရအံ့။ ၁-၇-၇

၅၆၀။ ပင်လယ်ပြင်ကို မြင်မက်လျှင် လာဘ်ရအံ့။ (၁-၇-၁)





၅၆၁။ ပင်လယ်ရေသောက်ရသည်ဟု မြင်မက်လျှင် ငွေကြေးများစွာဝင်အံ့။ ၁-၃-၅

၅၆၂။ ပင်စိမ်းရွက်စားရသည်ဟု မြင်မက်လျှင် ကျန်းမာအံ့။ ၁-၆-၃

၅၆၃။ ပြာသာဒ်ကို မြင်မက်လျှင် ကောင်းစားအံ့။ ၁-၂-၅

၅၆၄။ ပြာသာဒ်ကို မီးစွဲလောင်နေသည်ဟု မြင်မက်လျှင် မမျှော်လင့်ဘဲ စီးပွားရေးပျက်စီးအံ့။ ၁-၂-၅

၅၆၅။ ပြာသာဒ်ထက်တွင် နေထိုင်ရသည်ဟု မြင်မက်လျှင် ကျော်စောထင်ရှားအံ့။ ၁-၂-၇

၅၆၆။ ပြာသာဒ်ထက်တွင် နေထိုင်ကာ တစ်ခုခုကို သောက်သုံးရသည်ဟု မြင်မက်လျှင် ကောင်းစားအံ့။ ၁-၂-၇

၅၆၇။ ပြပွဲသို့ သွားရသည်ဟု မြင်မက်လျှင် လာဘ်ရအံ့။ ၁-၅-၂

၅၆၈။ ပြာများကို လိမ်းကျံရသည်ဟု မြင်မက်လျှင် ဘေးတွေ့အံ့။ ၁-၅-၁

၅၆၉။ ပြာကို လျက်စားရသည်ဟု မြင်မက်လျှင် ဆင်းရဲအံ့။ ၁-၅-၃

၅၇၀။ ပျားကို မြင်မက်လျှင် လာဘ်ရအံ့။ ၁-၅-၁

၅၇၁။ ပျားရည်သောက်ရသည်ဟု မြင်မက်လျှင် လာဘ်ကြီးဝင်အံ့။ ၁-၃-၅

၅၇၂။ ပျားအုံကို မြင်မက်လျှင် ငွေများစွာဝင်အံ့။ ၁-၈-၁

၅၇၃။ ပျားတုပ်ခံရသည်ဟု မြင်မက်လျှင် ခိုက်ရန်ဖြစ်အံ့။ ၁-၇-၅

၅၇၄။ ပျားများကို လိုက်ဖမ်းရသည်ဟု မြင်မက်လျှင် အကြံအောင်အံ့။ ၁-၁-၅

၅၇၅။ ပျားသေများကို မြင်မက်လျှင် စီးပွားယုတ်လျော့အံ့။ ၁-၂-၁

၅၇၆။ ပန်ကာကို မြင်မက်လျှင် အလိမ်ခံရအံ့။ ၁-၅-၁

၅၇၇။ ပန်းကို မြင်မက်လျှင် ဖျားနာအံ့။ ၁-၅-၁

၅၇၈။ ပန်းရသည်ဟု မြင်မက်လျှင် အရှုံးပေါ်အံ့။ ၁-၅-၃

၅၇၉။ ပန်းဖြူကို ပန်ဆင်ရသည်ဟု မြင်မက်လျှင် လူကြီးဖြစ်အံ့။ ၁-၁-၅

၅၈၀။ ပန်းစည်းကို မြင်မက်လျှင် ပင်ပန်းဆင်းရဲအံ့။ ၁-၆-၅

၅၈၁။ ပန်းပန်ရသည်ဟု မြင်မက်လျှင် ချစ်သူခင်သူများအံ့။ ၁-၁-၃



www.burmeseclassic.com

www.burmeseclassic.com

၅၈၂။ ပန်းသီးစားရသည်ဟု မြင်မက်လျှင် အဆင့်အတန်းမြင့်စွာ နေထိုင်ရအံ့။ ၁-၂-၆

၅၈၃။ ပန်းသီးအပုပ်စားရသည်ဟု မြင်မက်လျှင် နာဖျားအံ့။ ၁-၂-၈

၅၈၄။ ပန်းကန်ပြားကို မြင်မက်လျှင် အေးချမ်းသာယာစွာနေရအံ့။ ၁-၅-၁

၅၈၅။ ပန်းကန်ပြားကွဲသည်ကို မြင်မက်လျှင် အိမ်ထောင်ရေး ပြဿနာပေါ်အံ့။ ၁-၅-၁

၅၈၆။ ပန်းကန်ပြားပုံကို မြင်မက်လျှင် သတင်းကောင်းကြားရအံ့။ ၁-၅-၁

၅၈၇။ ပန်းချီနွယ်များကို မြင်မက်လျှင် စိတ်သောကရောက်အံ့။ ၁-၅-၇

၅၈၈။ ပျဉ်ကို မြင်မက်လျှင် မကောင်းကြံခြင်းခံရအံ့။ ၁-၅-၁

၅၈၉။ ပျဉ်ပုံကြီးကို မြင်မက်လျှင် ဆုံးရှုံးအံ့။ ၁-၁-၅

၅၉၀။ ပိုးစုန်းကြူးများကို မြင်မက်လျှင် ချစ်သူနှင့်တွေ့ရအံ့။ ၁-၆-၅

၅၉၁။ ပိုးဟတ်များကို မြင်မက်လျှင် စိတ်ဆင်းရဲအံ့။ ၁-၃-၁

၅၉၂။ ပုလဲကို မြင်မက်လျှင် ငိုကြွေးရအံ့။ ၁-၃-၅

၅၉၃။ ပုဏ္ဏားကို မြင်မက်လျှင် ပစ္စည်းယုတ်လျော့အံ့။ ၁-၇-၅

၅၉၄။ ပုဏ္ဏားက စကားပြောသည်ကို မြင်မက်လျှင် မိမိပြောဆိုတိုင်းဖြစ်အံ့။ ၁-၇-၅

၅၉၅။ ပုခက်စီးရသည်ဟု မြင်မက်လျှင် နာဖျားအံ့။ ၁-၅-၆

၅၉၆။ ပုခက်ကြိုးပြတ်သည်ဟု မြင်မက်လျှင် သေဘေးနှင့် ကြုံတွေ့ရအံ့။ ၁-၅-၅

၅၉၇။ ပုရွက်ဆိတ်ကို မြင်မက်လျှင် သားသမီးများကဒုက္ခပေးအံ့။ ၁-၃-၆

၅၉၈။ ပုရွက်ဆိတ်ကိုက်သည်ဟု မြင်မက်လျှင် သားသမီးများ ထိခိုက်အံ့။ ၁-၃-၅

၅၉၉။ ပုတီးကို မြင်မက်လျှင် သူတော်စင်နှင့် တွေ့ရအံ့။ ၁-၇-၅

၆၀၀။ ပုတီးစိပ်ရသည်ဟု မြင်မက်လျှင် သမာဓိအားကောင်းအံ့။ ၁-၇-၆

၆၀၁။ ပုတီးစိပ်နေသည်ကို မြင်မက်လျှင် သူတော်ကောင်းနှင့် တွေ့ရအံ့။ ၁-၇-၅





၆၀၂။ ပုဆိုးအဖြူဝတ်ဆင်ရသည်ဟု မြင်မက်လျှင် အလုပ်အကိုင်များ တိုးတက်အံ့။ ၁-၆-၈

၆၀၃။ ပုဆိုးအသစ်ဝတ်ဆင်ရသည်ဟု မြင်မက်လျှင် နာဖျားအံ့။ ၁-၆-၆

၆၀၄။ ပုဆိုးအနက်ဝတ်ဆင်ရသည်ဟု မြင်မက်လျှင် ဒုက္ခနှင့် ကြုံတွေ့ရအံ့။ ၁-၆-၇

၆၀၅။ ပုဆိုးအဝါကို ဝတ်ဆင်ရသည်ဟု မြင်မက်လျှင် မိတ်ဆွေကောင်းနှင့် တွေ့အံ့။ ၁-၆-၆

၆၀၆။ ပုဆိုးအစုတ်ကို ဝတ်ဆင်ရသည်ဟု မြင်မက်လျှင် စီးပွားရေးကျဆင်းအံ့။ ၁-၆-၃

၆၀၇။ ပုဆိန်ကို မြင်မက်လျှင် သေဘေးနှင့် ကြုံတွေ့ရအံ့။ ၁-၆-၅

၆၀၈။ ပုစွန်ထုပ်ကို မြင်မက်လျှင် လာဘ်ကြီးရအံ့။ ၁-၆-၇

၆၀၉။ ပုစွန်စားရသည်ဟု မြင်မက်လျှင် ငွေကြေးများစွာ ရရှိအံ့။ ၁-၆-၆

၆၁၀။ ပွဲကြည့်ရသည်ဟု မြင်မက်လျှင် ငိုကြွေးရအံ့။ ၁-၅-၆

၆၁၁။ ပွဲခံသည်ဟု မြင်မက်လျှင် သေကြေပျက်စီးအံ့။ ၁-၅-၂

၆၁၂။ ပွဲစားများနှင့် စကားပြောဆိုရသည်ဟု မြင်မက်လျှင် အရှုပ်အရှင်း ပြဿနာပေါ်အံ့။

၆၁၃။ ပွေးပေါက်သည်ဟု မြင်မက်လျှင် ကျော်စောအံ့။ ၁-၁-၂

၆၁၄။ ပိုက်ကွန်ရရှိသည်ဟု မြင်မက်လျှင် စီးပွားဖြစ်ထွန်းအံ့။ ၁-၅-၁

၆၁၅။ ပိုက်ကွန်ထဲတွင် ငါးများမိနေသည်ဟု မြင်မက်လျှင် လာဘ်ကြီးဝင်အံ့။ ၁-၅-၇

၆၁၆။ ပိုက်ကွန်ပေါက်ပြဲနေသည်ကို မြင်မက်လျှင် ငွေများစွာထွက်အံ့။ ၁-၅-၁

၆၁၇။ ပိုက်ကွန်ဖာထေးရသည်ဟု မြင်မက်လျှင် ဆုံးပါးနေသော ငွေကြေးများ ပြန်လည်ရရှိအံ့။ ၁-၅-၇

၆၁၈။ ပိုက်ကွန်ပျောက်ဆုံးသည်ဟု မြင်မက်လျှင် စီးပွားယုတ်လျော့အံ့။ ၁-၅-၁



www.burmeseclassic.com

www.burmeseclassic.com

၆၁၉။ ပေါင်နှံထားရသည်ဟု မြင်မက်လျှင် စီးပွားရေးအဆင်ပြေအံ့။ ၁-၇-၇

၆၂၀။ ပေါင်နှံထားသောပစ္စည်း ဆုံးပါးသွားသည်ဟု မြင်မက်လျှင် ရွှေနှင့် ငွေများ ဝင်အံ့။ ၁-၇-၇

၆၂၁။ ပေါင်းအိုးကို မြင်မက်လျှင် ကွေကွင်းကွဲကွာနေသူနှင့် ပြန်လည်တွေ့ဆုံအံ့။ ၁-၈-၅

၆၂၂။ ပေါက်တူးကို မြင်မက်လျှင် မမျှော်လင့်ဘဲ ရွှေများရအံ့။ ၁-၇-၅

၆၂၃။ ပေါက်တူးအရိုး ကျွတ်ထွက်သွားသည်ဟု မြင်မက်လျှင် စီးပွားပျက်အံ့။ ၁-၇-၆

၆၂၄။ ပေါက်တူးပျောက်သည်ဟု မြင်မက်လျှင် မိမိ၏ အကြံအစည်များ အောင်မြင်အံ့။ ၁-၇-၁

၆၂၅။ ပုံနှိပ်စာလုံးများကို မြင်မက်လျှင် အကြံအစည်များ ရရှိအံ့။ ၁-၇-၆

၆၂၆။ ပုံဆွဲသူကို မြင်မက်လျှင် ကြီးပွားအံ့။ ၁-၃-၂

၆၂၇။ ပုံးကို မြင်မက်လျှင် ကြီးပွားအံ့။ ၁-၅-၁

၆၂၈။ ပုံးထဲတွင် ရေများပြည့်လျှံသည်ဟု မြင်မက်လျှင် ဆန်စပါးပေါများအံ့။ ၁-၇-၇

၆၂၉။ ပုံးထဲတွင် မြွေကိုတွေ့ရသည်ဟု မြင်မက်လျှင် မမျှော်လင့်ဘဲ ငွေကြေးများ အစုလိုက်အပုံလိုက် ရရှိအံ့။ ၁-၇-၁

၆၃၀။ ပုံးပေါက်ကို မြင်မက်လျှင် စီးပွားကျဆင်းအံ့။ ၁-၁-၁

၆၃၁။ ပုန်းအောင်းနေသည်ကို မြင်မက်လျှင် ဘေးတွေ့အံ့။ ၁-၈-၇

၆၃၂။ ပုန်းအောင်းနေရာမှ ပြန်လည်တွေ့သည်ဟု မြင်မက်လျှင် ဘေးအပေါင်းမှ လွတ်ကင်းအံ့။ ၁-၈-၆

၆၃၃။ ပုန်းရည်ကြီးစားသုံးသည်ဟု မြင်မက်လျှင် စိတ်ဆင်းရဲအံ့။ ၁-၃-၅

၆၃၄။ ပုတ်သင်ညိုကို မြင်မက်လျှင် ရမည့်လာဘ် လွဲချော်အံ့။ ၁-၂-၆

၆၃၅။ ပုတ်သင်ညိုကို သတ်ဖြတ်မိသည်ဟု မြင်မက်လျှင် အပူဇော်ခံရအံ့။ ၁-၂-၇





၆၃၆။ ပုပ်နေသောအသားစားသောက်ရသည်ဟု မြင်မက်လျှင် ဘုန်းတန်ခိုး ကြီးအံ့။ ၁-၇-၂

၆၃၇။ ပုပ်ပွနေသော လူသေအလောင်းကို မြင်မက်လျှင် ရွှေငွေကျောက်မျက် ရတနာများ ဝင်အံ့။ ၁-၁-၇

၆၃၈။ ပုပ်ပွနေသော လူသေအလောင်း ရေတွင် မျောပါလာသည်ဟု မြင်မက်လျှင် လာဘ်ကြီးဝင်အံ့။' ၁-၁-၆

၆၃၉။ ပဲပင်ကို မြင်မက်လျှင် အကြံအစည်အောင်မြင်အံ့။ ၁-၁-၁

၆၄၀။ ပဲသီးကို မြင်မက်လျှင် သမီးများ ကောင်းစားအံ့။ ၁-၂-၁

၆၄၁။ ပဲသီးစားရသည်ဟု မြင်မက်လျှင် သမီး၏အကျိုးကျေးဇူးကို ခံစားရအံ့။ ၁-၂-၅

၆၄၂။ ပဲစေ့စားရသည်ဟု မြင်မက်လျှင် ကျန်းမာရေးချို့တဲ့အံ့။ ၁-၆-၅

၆၄၃။ ပဲပင်ပေါက်စားရသည်ဟု မြင်မက်လျှင် ပြဿနာပေါ်အံ့။ ၁-၅-၁

၆၄၄။ ပင့်ကူကို မြင်မက်လျှင် အန္တရာယ်ရှင်းအံ့။ ၁-၅-၅

၆၄၅။ ပင့်ကူမျှင်များ မိမိ၏နေအိမ်တွင် လာရောက်၍စွဲငြိနေသည်ဟု မြင်မက်လျှင် ကြွေးထူအံ့။ ၁-၅-၁

၆၄၆။ ပင့်ကူသေကို မြင်မက်လျှင် အားထားရမည့်သူ သေကြေပျက်စီးအံ့။ ၁-၅-၂

၆၄၇။ ပင့်ကူကြီးကို မြင်မက်လျှင် မှီခိုအားထားရမည့်သူတွေ့အံ့။ ၁-၅-၅

၆၄၈။ ပြောင်လှောင်ခြင်းခံရသည်ဟု မြင်မက်လျှင် အပူဇော်ခံရအံ့။ ၁-၆-၅

၆၄၉။ ပြောင်လှောင်သည်ဟု မြင်မက်လျှင် အလိုဆန္ဒပြည့်ဝအံ့။ ၁-၃-၂

၆၅၀။ ပြောင်ချောနေသောအခင်းကို မြင်မက်လျှင် အစစအရာရာအောင်မြင်အံ့။ ၁-၅-၇

၆၅၁။ ပြောင်ချောသောနေရာတွင် ထိုင်ရသည်ဟု မြင်မက်လျှင် အဆင့်အတန်း မြင့်စွာ နေထိုင်ရအံ့။ ၁-၅-၇

၆၅၂။ ပြောင်ချောနေသောနေရာတွင် မိမိ အိပ်စက်ရသည်ဟု မြင်မက်လျှင် အထက်လူကြီးများ၏ လေးစားခြင်းကို ခံရအံ့။ ၁-၅-၂


www.burmeseclassic.com

www.burmeseclassic.com

၆၅၃။ ပြုံးပြသည်ကို တွေ့ရသည်ဟု မြင်မက်လျှင် စိတ်ချမ်းသာမှု တွေ့ရအံ့။ ၁-၁-၂
၆၅၄။ ပျို့အန်သည်ဟု မြင်မက်လျှင် အကူအညီပေးမည့်သူ တွေ့ရအံ့။ ၁-၈-၂
၆၅၅။ ပျို့, လက်ာများ ရေးသားသည်ဟု မြင်မက်လျှင် လက်ဆောင်ပစ္စည်းများ ရရှိအံ့။ ၁-၃-၅
၆၅၆။ ပွတ်လုံး, ပွတ်တိုင်ကို မြင်မက်လျှင် စိတ်သောကရောက်အံ့။ ၁-၆-၁
၆၅၇။ ပွတ်သဘင်ပွဲကို မြင်မက်လျှင် ချစ်သူနှင့်ဆုံဆည်းရအံ့။ ၁-၂-၁
၆၅၈။ ပညာရှိဖြစ်ရသည်ဟု မြင်မက်လျှင် ဂုဏ်ကျက်သရေတိုးအံ့။ ၁-၃-၃
၆၅၉။ ပင်လယ်ကူးသင်္ဘောကို မြင်မက်လျှင် အဆင့်အတန်းမြင့်စွာ နေထိုင်ရအံ့။ ၁-၃-၅
၆၆၀။ ပင်လယ်ကူးသင်္ဘောဖြင့် ခရီးသွားလာရသည်ဟု မြင်မက်လျှင် စီးပွားတိုးတက်အံ့။ ၁-၆-၅
၆၆၁။ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ရသည်ဟု မြင်မက်လျှင် ရာထူးတိုးအံ့။ ၁-၆-၅
၆၆၂။ ပက်လက်ကုလားထိုင်ကျိုးကျသည်ဟု မြင်မက်လျှင် အကြံအစည်များ ပျက်စီးအံ့။ ၁-၆-၅
၆၆၃။ ပြည့်တန်ဆာကို မြင်မက်လျှင် ငွေရအံ့။ ၁-၇-၆
၆၆၄။ ပြည့်တန်ဆာနှင့်ပျော်ပါးရသည်ဟု မြင်မက်လျှင် စိတ်ဒုက္ခတွေ့ရအံ့။ ၁-၇-၆
၆၆၅။ ပျိုမျစ်ငယ်ရွယ်သော မိန်းမပျိုကို မြင်တွေ့ရသည်ဟု မြင်မက်လျှင် ငွေကုန်များအံ့။ ၁-၁-၅
၆၆၆။ ပိုးထည်များကို မြင်မက်လျှင် ကောင်းစားအံ့။ ၁-၇-၁
၆၆၇။ ပိုးလုံချည်ဝတ်ဆင်ရသည်ဟု မြင်မက်လျှင် အလုပ်အကိုင် အောင်မြင်အံ့။ ၁-၆-၅
၆၆၈။ ပိုးဖလံကို မြင်မက်လျှင် စီးပွားပျက်အံ့။ ၁-၁-၆





၆၆၉။ ပိုးမွှားကိုက်သည်ဟု မြင်မက်လျှင် ရောဂါရအံ့။ ၁-၁-၅
၆၇၀။ ပိုးထည်ရက်သော ချည်များကို တွေ့ရသည်ဟု မြင်မက်လျှင် ကြီးပွားတိုးတက်အံ့။ ၁-၇-၆

## 'ဖ'အက္ခရာ အိပ်မက်အဟောနှင့်
## အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊

၆၇၁။ ဖယောင်းခဲများကို မြင်မက်လျှင် မိတ်ဆွေကောင်း ရရှိအံ့။ ၁-၆-၅
၆၇၂။ ဖယောင်းတိုင်များကို မြင်မက်လျှင် ကောင်းသောအကြံကို ရရှိအံ့။ ၁-၆-၇
၆၇၃။ ဖယောင်းတိုင်တွင် မီးတောက်နေသည်ဟု မြင်မက်လျှင် ထူးထူးခြားခြား စီးပွားရေးတွင် အောင်မြင်အံ့။ ၁-၆-၁
၆၇၄။ ဖရဲသီးကို မြင်မက်လျှင် အလုပ်အကိုင်များ ဖရိုဖရဲဖြစ်အံ့။ ၁-၆-၂
၆၇၅။ ဖရဲသီးစားရသည်ဟု မြင်မက်လျှင် စိတ်သောကရအံ့။ ၁-၆-၃
၆၇၆။ ဖရုံသီးကို မြင်မက်လျှင် သောကရောက်အံ့။ ၁-၆-၂
၆၇၇။ ဖဲကစားသည်ကို မြင်မက်လျှင် ရန်သူတွေ့အံ့။ ၁-၅-၆
၆၇၈။ ဖျားနာနေသည်ကို မြင်မက်လျှင် ကျန်းမာရေးကောင်းအံ့။ ၁-၇-၇
၆၇၉။ ဖိနပ်ကို မြင်မက်လျှင် ကံဆိုးအံ့။ ၁-၇-၅
၆၈၀။ ဖိနပ် ၁ ဘက် လှန်နေသည်ကို တွေ့သည်ဟု မြင်မက်လျှင် လင်မယား စကားများအံ့။ ၁-၇-၇
၆၈၁။ ဖိနပ်စီးရသည်ဟု မြင်မက်လျှင် ကျန်းမာရေးချို့တဲ့အံ့။ ၁-၇-၃
၆၈၂။ ဖိနပ်ကြိုးပြတ်သည်ဟု မြင်မက်လျှင် ကံဆိုးအံ့။ ၁-၇-၅
၆၈၃။ ဖိနပ်ပျောက်သည်ဟု မြင်မက်လျှင် ကောင်းအံ့။ ၁-၇-၁
၆၈၄။ ဖွဲကို မြင်မက်လျှင် စိတ်ဆင်းရဲဒုက္ခရောက်အံ့။ ၁-၅-၁
၆၈၅။ ဖွဲမီးတငွေ့ငွေ့ လောင်ကျွမ်းနေသည်ကို မြင်မက်လျှင် အပူသောကမီးကို တွေ့ရအံ့။ ၁-၁-၇
၆၈၆။ ဖွဲစားရသည်ဟု မြင်မက်လျှင် ငတ်မွတ်ဆာနှင့်ကြုံတွေ့ရအံ့။ ၁-၁-၆

www.burmeseclassic.com

၆၈၇။ ဖားကို မြင်မက်လျှင် ကြီးပွားအံ့။ ၁-၅-၅
၆၈၈။ ဖားအော်သံကြားသည်ဟု မြင်မက်လျှင် ကောင်းစားအံ့။ ၁-၈-၂
၆၈၉။ ဖား နေအိမ်ပေါ်သို့ တက်လာသည်ကို မြင်မက်လျှင် ငွေဝင်အံ့။ ၁-၇-၈
၆၉၀။ ဖားသေကို မြင်မက်လျှင် အကြံအစည်များ ပျက်ပြားအံ့။ ၁-၆-၅
၆၉၁။ ဖြူစင်သောအဝတ်ကို မြင်မက်လျှင် သူတော်ကောင်းနှင့် တွေ့အံ့။ ၁-၆-၂
၆၉၂။ ဖြူသောပန်းကို ပန်ဆင်ရသည်ဟု မြင်မက်လျှင် အကြီးအကဲဖြစ်အံ့။ ၁-၂-၁
၆၉၃။ ဖြူးကောင်ကို မြင်မက်လျှင် လာဘ်ကြီးဝင်အံ့။ ၁-၅-၅
၆၉၄။ ဖြူးသားစားရသည်ဟု မြင်မက်လျှင် ကံကောင်းအံ့။ ၁-၂-၅
၆၉၅။ ဖန်ရည်စွန်းဝတ်ရသည်ဟု မြင်မက်လျှင် သောကငြိမ်းအံ့။ ၁-၃-၃
၆၉၆။ ဖန်ဂေါ်လီကစားရသည်ဟု မြင်မက်လျှင် ဒုက္ခတွေ့အံ့။ ၁-၁-၆
၆၉၇။ ဖျာလိပ်ကို မြင်မက်လျှင် အကြံအောင်အံ့။ ၁-၆-၅
၆၉၈။ ဖျာလိပ်ပေါက်ပြဲနေသည်ကို မြင်မက်လျှင် ဒုက္ခတွေ့ရအံ့။ ၁-၆-၅
၆၉၉။ ဖွတ်ဥစားရသည်ဟု မြင်မက်လျှင် ချမ်းသာကြွယ်ဝအံ့။ ၁-၈-၆
၇၀၀။ ဖောင်စီးရသည်ဟု မြင်မက်လျှင် ပင်ပန်းကြီးစွာ လုပ်ကိုင်ရအံ့။ ၁-၆-၃
၇၀၁။ ဖောင်ပျက်ကို မြင်မက်လျှင် စီးပွားပျက်အံ့။ ၁-၅-၅
၇၀၂။ ဖျံကို မြင်မက်လျှင် စီးပွားဖြစ်ထွန်းအံ့။ ၁-၅-၁
၇၀၃။ ဖျံသိုကို မြင်မက်လျှင် စန်းပွင့်အံ့။ ၁-၂-၅
၇၀၄။ ဖျံသားစားရသည်ဟု မြင်မက်လျှင် ဒုက္ခတွေ့ရအံ့။ ၁-၂-၆
၇၀၅။ ဖိုင်တွဲများကို မြင်မက်လျှင် အလုပ်များအံ့။ ၁-၇-၁
၇၀၆။ ဖြတ်ကိုက်သည်ဟု မြင်မက်လျှင် ကံကောင်းအံ့။ ၁-၅-၂
၇၀၇။ ဖားပြုတ်ကို မြင်မက်လျှင် ရန်တွေ့အံ့။ ၁-၁-၁
၇၀၈။ ဖားခုန်သည်ကို မြင်မက်လျှင် အလုပ်အကိုင် ပြောင်းရွှေ့ရအံ့။ ၁-၅-၂





၇၀၉။ ဖားပုံကို မြင်မက်လျှင် လုပ်ငန်းများကို တိုးချဲ့ရအံ့။ ၁-၁-၁
၇၁၀။ ဖေးမကူညီသူကိုတွေ့သည်ဟု မြင်မက်လျှင် လူလိမ်ခံရအံ့။ ၁-၁-၅
၇၁၁။ ဖာထေးနေသည်ကို မြင်မက်လျှင် ပစ္စည်းဥစ္စာ ရှားပါးအံ့။ ၁-၇-၇
၇၁၂။ ဖောရောင်နေသူကိုတွေ့ရသည်ဟု မြင်မက်လျှင် စိတ်ညစ်အံ့။ ၁-၃-၇
၇၁၃။ ဖောင်မျောလာသည်ဟု မြင်မက်လျှင် ပစ္စည်းဥစ္စာများ ဆုံးပါးအံ့။ ၁-၁-၃

**'ဗ'အက္ခရာ အိပ်မက်အဟောနှင့်**
**အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊**

၇၁၄။ ဗိဿနိုးနှတ်ကို မြင်မက်လျှင် ကူညီမည့်သူကို တွေ့ရအံ့။ ၁-၂-၇
၇၁၅။ ဗန်းကို မြင်မက်လျှင် စီးပွားဖြစ်ထွန်းအံ့။ ၁-၅-၁
၇၁၆။ ဗိမာန်ကို မြင်မက်လျှင် ကောင်းစားအံ့။ ၁-၁-၁

**'ဘ'အက္ခရာ အိပ်မက်အဟောနှင့်**
**အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊**

၇၁၇။ ဘုရားစေတီပုထိုးကို ဖူးတွေ့ရသည်ဟု မြင်မက်လျှင် ချမ်းသာကြွယ်ဝအံ့။ ၁-၆-၃
၇၁၈။ ဘုရားရှိခိုးသည်ဟု မြင်မက်လျှင် စိတ်ချမ်းသာအံ့။ ၁-၆-၆
၇၁၉။ ဘုရားရုပ်ပွားတော်မြတ် ကြွရောက်လာသည်ဟု မြင်မက်လျှင် ဘုန်းကျက်သရေတိုးအံ့။ ၁-၆-၁
၇၂၀။ ဘုရားရုပ်ပွားတော်မြတ် မိမိ၏ဦးခေါင်းထက် တည်နေသည်ဟု မြင်မက်လျှင် အကြီးအကဲ ခေါင်းဆောင်ဖြစ်အံ့။ ၁-၆-၁
၇၂၁။ ဘုရားရုပ်ပွားတော်မြတ် တရားဟောသည်ဟု မြင်မက်လျှင် ထင်ရှားကျော်ကြားအံ့။ ၁-၆-၁
၇၂၂။ ဘုရားစာတော်ကို ပူဇော်ရသည်ဟု မြင်မက်လျှင် စီးပွားတိုးအံ့။ ၁-၆-၇

www.burmeseclassic.com

၇၂၃။ ဘုရားပျက်ကို မြင်မက်လျှင် ပျက်စီးအံ့။ ၁-၆-၁
၇၂၄။ ဘုရားရောင်ခြည်တော် လွှတ်သည်ဟု မြင်မက်လျှင် တန်ခိုးကြီးအံ့။ ၁-၆-၃
၇၂၅။ ဘီးလှိမ့်နေသည်ဟု မြင်မက်လျှင် ကံကောင်းအံ့။ ၁-၃-၇
၇၂၆။ ဘီလိယက်ကစားရသည်ဟု မြင်မက်လျှင် စိတ်ဆင်းရဲရအံ့။ ၁-၃-၃
၇၂၇။ ဘုန်းကြီးကို မြင်မက်လျှင် ကံကောင်းအံ့။ ၁-၅-၅
၇၂၈။ ဘုန်းကြီးဆွမ်းခံနေသည်ကို မြင်မက်လျှင် ဆန်စပါး ပြည့်စုံအံ့။ ၁-၅-၆
၇၂၉။ ဘုန်းကြီးဆွမ်းစားနေသည်ကို မြင်မက်လျှင် စီးပွားတိုးတက်အံ့။ ၁-၅-၃
၇၃၀။ ဘုန်းကြီးပျံကို မြင်မက်လျှင် ငွေကြေးရအံ့။ ၁-၅-၁
၇၃၁။ ဘုန်းကြီးပျံကိုလိုက်ပို့ရသည်ဟု မြင်မက်လျှင် အလွန်ကောင်းစားအံ့။ ၁-၅-၁
၇၃၂။ ဘဲကို မြင်မက်လျှင် ငွေရအံ့။ ၁-၅-၁
၇၃၃။ ဘဲသားစားရသည်ဟု မြင်မက်လျှင် ဥစ္စာပစ္စည်း ပေါများအံ့။ ၁-၂-၅
၇၃၄။ ဘဲမွေးထားသည်ဟု မြင်မက်လျှင် စီးပွားရေး ကောင်းမွန်အံ့။ ၁-၁-၇
၇၃၅။ ဘဲ ရေကန်ထဲတွင်ရေကူးနေသည်ဟု မြင်မက်လျှင် ဥစ္စာစန တိုးပွားအံ့။ ၁-၃-၅
၇၃၆။ ဘဲသေကို မြင်မက်လျှင် ပျက်စီးဆုံးရှုံးအံ့။ ၁-၂-၅
၇၃၇။ ဘဲဥကို မြင်မက်လျှင် ငွေကြေးရအံ့။ ၁-၈-၅
၇၃၈။ ဘဲဥစားရသည်ဟု မြင်မက်လျှင် လာဘ်ရအံ့။ ၁-၈-၅
၇၃၉။ ဘူးသီးကို မြင်မက်လျှင် တိုးတက်အောင်မြင်အံ့။ ၁-၂-၅
၇၄၀။ ဘူးစင်ကို မြင်မက်လျှင် အေးချမ်းသာယာအံ့။ ၁-၃-၅
၇၄၁။ ဘူးသီးစားရသည်ဟု မြင်မက်လျှင် ကျန်းမာအံ့။ ၁-၂-၅
၇၄၂။ ဘူးသီးရောင်းရသည်ဟု မြင်မက်လျှင် ရွှေဝင်အံ့။ ၁-၂-၃
၇၄၃။ ဘွတ်ဖိနပ်အသစ်စီးရသည်ဟု မြင်မက်လျှင် ငွေဝင်အံ့။ ၁-၁-၇





၇၄၄။ ဘိုင်စကယ်အသစ်ဝယ်ရသည်ဟု မြင်မက်လျှင် ခရီးဝေးသို့ သွားရအံ့။ ၁-၆-၅
၇၄၅။ ဘိုင်စကယ်အခိုးခံရသည်ဟု မြင်မက်လျှင် အလုပ်အကိုင် နှောင့်နှေးကြန့်ကြာအံ့။ ၁-၆-၅
၇၄၆။ ဘူတာရုံကို မြင်မက်လျှင် ခရီးဝေးသို့သွားရအံ့။ ၁-၇-၃
၇၄၇။ ဘူတာရုံတွင် လူများစုဝေးနေသည်ဟု မြင်မက်လျှင် ဒုက္ခတွေ့အံ့။ ၁-၇-၃
၇၄၈။ ဘူတာရုံပိုင်ကြီးကို မြင်မက်လျှင် စိတ်သောကများအံ့။ ၁-၇-၃
၇၄၉။ ဘူတာရုံမီးလောင်သည်ဟု မြင်မက်လျှင် စိတ်ချမ်းသာအံ့။ ၁-၇-၃

**'မ'အက္ခရာ အိပ်မက်အဟောနှင့်**

**အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊**

၇၅၀။ မင်္ဂလာဆောင်ဖိတ်စာရသည်ဟု မြင်မက်လျှင် ငွေကုန်များအံ့။ ၁-၆-၃
၇၅၁။ မင်္ဂလာဆောင်သို့သွားရသည်ဟု မြင်မက်လျှင် လာဘ်ရအံ့။ ၁-၆-၂
၇၅၂။ မင်္ဂလာဆောင်ရသည်ဟု မြင်မက်လျှင် ကံဆိုးအံ့။ ၁-၆-၃
၇၅၃။ မစင်ကို မြင်မက်လျှင် လာဘ်ကြီးဝင်အံ့။ ၁-၆-၅
၇၅၄။ မစင်ကို လက်နှင့်ကိုင်ရသည်ဟု မြင်မက်လျှင် ထီဆုကြီးပေါက်အံ့။ ၁-၆-၅
၇၅၅။ မစင်စွန့်ရသည်ဟု မြင်မက်လျှင် စီးပွားရေး ကျဆင်းအံ့။ ၁-၆-၆
၇၅၆။ မစင်တွင်းထဲသို့ကျသွားသည်ဟု မြင်မက်လျှင် ထီပေါက်အံ့။ ၁-၆-၇
၇၅၇။ မကောင်းသောရေများကို သွန်းလောင်းသည်ဟု မြင်မက်လျှင် ရောဂါဝေဒနာရရှိအံ့။ ၁-၅-၂
၇၅၈။ မသာကို မြင်မက်လျှင် လာဘ်ကြီးရအံ့။ ၁-၂-၅
၇၅၉။ မသာလိုက်ပို့ရသည်ဟု မြင်မက်လျှင် ကျန်းမာရေးညှံ့အံ့။ ၁-၂-၅
၇၆၀။ မိကျောင်းကို မြင်မက်လျှင် ဘေးဒုက္ခတွေ့အံ့။ ၁-၅-၅



www.burmeseclassic.com

www.burmeseclassic.com

၇၆၁။ မိကျောင်းစီးရသည်ကို မြင်မက်လျှင် အောင်မြင်အံ့။ ၁-၅-၆
၇၆၂။ မိကျောင်းသားစားရသည်ဟု မြင်မက်လျှင် အောင်မြင်အံ့။ ၁-၅-၇
၇၆၃။ မိကျောင်းသားလေးကို မြင်မက်လျှင် ဦးစီးဦးဆောင်ဖြစ်အံ့။ ၁-၅-၂
၇၆၄။ မိကျောင်းသေကို မြင်မက်လျှင် ရန်အောင်မြင်အံ့။ ၁-၅-၇
၇၆၅။ မိကျောင်းစွယ်ရရှိသည်ဟု မြင်မက်လျှင် လိုအင်ဆန္ဒ ပြည့်ဝအံ့။ ၁-၅-၆
၇၆၆။ မိမိရှုံးသွပ်နေသည်ဟု မြင်မက်လျှင် မကောင်းမှုများ ပပျောက်အံ့။ ၁-၃-၂
၇၆၇။ မိမိအူကိုထုတ်ရသည်ဟု မြင်မက်လျှင် အကြီးအကဲဖြစ်အံ့။ ၁-၈-၅
၇၆၈။ မိဘထံမှ အမွေများ ရရှိသည်ဟု မြင်မက်လျှင် စီးပွားဖြစ်ထွန်းအံ့။ ၁-၁-၇
၇၆၉။ မီးပုံးကို မြင်မက်လျှင် အေးချမ်းသာယာအံ့။ ၁-၁-၅
၇၇၀။ မီးခိုးကို မြင်မက်လျှင် စိတ်သောကရအံ့။ ၁-၁-၁
၇၇၁။ မီးမှုတ်သည်ဟု မြင်မက်လျှင် အပူအေးအံ့။ ၁-၁-၂
၇၇၂။ မီးကို ရသည်ဟု မြင်မက်လျှင် ဒုက္ခကြီးစွာတွေ့အံ့။ ၁-၅-၃
၇၇၃။ မီးရှို့ရသည်ဟု မြင်မက်လျှင် ဦးစီးခေါင်းဆောင်ဖြစ်အံ့။ ၁-၆-၆
၇၇၄။ မီးနတ်ရသည်ဟု မြင်မက်လျှင် ကြီးပွားအံ့။ ၁-၇-၆
၇၇၅။ မီးလောင်သည်ဟု မြင်မက်လျှင် ဒုက္ခတွေ့ရအံ့။ ၁-၃-၂
၇၇၆။ မီးပုံးပျံကို မြင်မက်လျှင် အထက်သို့ရောက်အံ့။ ၁-၁-၁
၇၇၇။ မီးသွေးကို မြင်မက်လျှင် နာဖျားအံ့။ ၁-၂-၅
၇၇၈။ မီးဖိုကို မြင်မက်လျှင် စိတ်ဒုက္ခကြုံတွေ့ရအံ့။ ၁-၁-၁
၇၇၉။ မီးရှူးမီးပန်းကို မြင်မက်လျှင် စီးပွားယုတ်လျော့အံ့။ ၁-၆-၁
၇၈၀။ မီးတောင်ကို မြင်မက်လျှင် ဘေးရန်များအံ့။ ၁-၇-၅
၇၈၁။ မီးတောင် ပေါက်ကွဲသည်ဟု မြင်မက်လျှင် ဒုက္ခရောက်အံ့။ ၁-၇-၁
၇၈၂။ မီးကို နင်းရသည်ဟု မြင်မက်လျှင် အကြံအောင်အံ့။ ၁-၅-၇





၇၈၃။ မင်းကို မြင်မက်လျှင် ဒုက္ခတွေ့အံ့။ ၁-၅-၁
၇၈၄။ မင်းနေအိမ်သို့ရောက်သည်ဟု မြင်မက်လျှင် ဒုက္ခကြီးတွေ့အံ့။ ၁-၇-၈
၇၈၅။ မြူတိမ်ကင်းသော ကောင်းကင်ကို မြင်မက်လျှင် တိုးတက်ကြီးပွားအံ့။ ၁-၇-၅
၇၈၆။ မြစ်ကို မြင်မက်လျှင် အေးချမ်းသာယာအံ့။ ၁-၅-၁
၇၈၇။ မြစ်ရေသောက်ရသည်ဟု မြင်မက်လျှင် ကျော်စောထင်ရှားအံ့။ ၁-၆-၅
၇၈၈။ မြစ်ကိုဖြတ်ကူးရသည်ဟု မြင်မက်လျှင် အခက်အခဲဟူသမျှ ကျော်လွှန်အံ့။ ၁-၅-၁
၇၈၉။ မှိုကို မြင်မက်လျှင် ထီပေါက်အံ့။ ၁-၁-၁
၇၉၀။ မှိုတွေပေါက်နေသည်ကို အများအပြားမြင်တွေ့ရသည်ဟု မြင်မက်လျှင် လာဘ်ကြီးရအံ့။ ၁-၇-၁
၇၉၁။ မှိုဟင်းစားရသည်ဟု မြင်မက်လျှင် ငွေများဝင်အံ့။ ၁-၆-၅
၇၉၂။ မှို သောက်ရေအိုးစင်မှာ ပေါက်နေသည်ဟု မြင်မက်လျှင် စားနပ်ရိက္ခာပြည့်စုံ၍ ငွေများစွာရအံ့။ ၁-၂-၃
၇၉၃။ မှိုများရောင်းနေသည်ကို မြင်မက်လျှင် မမျှော်လင့်ဘဲ အဖိုးတန်ပစ္စည်းများ ရရှိအံ့။ ၁-၁-၃
၇၉၄။ မြား၊ လေး လက်နက်ကို မြင်မက်လျှင် ရန်တွေ့အံ့။ ၁-၃-၃
၇၉၅။ မြင့်သောတောင်ကို တက်ရောက်ရသည်ဟု မြင်မက်လျှင် ခေါင်းဆောင်ဖြစ်အံ့။ ၁-၂-၇
၇၉၆။ မြင့်သောနေရာတွင် နေထိုင်ရသည်ဟု မြင်မက်လျှင် ကောင်းစားအံ့။ ၁-၁-၂
၇၉၇။ မြင့်ရာမှ လိမ့်ကျသည်ဟု မြင်မက်လျှင် ကျန်းမာရေးညံ့အံ့။ ၁-၃-၁
၇၉၈။ မြင့်မိုရ်တောင်ကို မြင်မက်လျှင် ကံကောင်းအံ့။ ၁-၁-၇
၇၉၉။ မြွေကို မြင်မက်လျှင် ငွေရအံ့။ ၁-၅-၁
၈၀၀။ မြွေပေါက်သည်ဟု မြင်မက်လျှင် ထီပေါက်အံ့။ ၁-၃-၂


www.burmeseclassic.com

www.burmeseclassic.com

၈၀၁။ မြွေစီးရသည်ဟု မြင်မက်လျှင် ကူညီမည့်သူပေါ်ပေါက်အံ့။ ၁-၅-၆

၈၀၂။ မြွေ နေအိမ်ပေါ်သို့တက်သည်ဟု မြင်မက်လျှင် ငွေများရရှိအံ့။ ၁-၇-၈

၈၀၃။ မြွေသားစားရသည်ဟု မြင်မက်လျှင် ငွေများ မမျှော်လင့်ဘဲ ရရှိအံ့။ ၁-၂-၆

၈၀၄။ မြွေကိုယ်ခန္ဓာပေါ်သို့ တက်ရသည်ဟု မြင်မက်လျှင် ရွှေငွေများရရှိအံ့။ ၁-၅-၅

၈၀၅။ မြင်းကို မြင်မက်လျှင် ပြေးလွှား၍ အလုပ်ကိုလုပ်ကိုင်ရအံ့။ ၁-၅-၁

၈၀၆။ မြင်းရရှိသည်ဟု မြင်မက်လျှင် ယာဉ်ရထားရရှိအံ့။ ၁-၁-၅

၈၀၇။ မြင်းဖြူကို မြင်မက်လျှင် နတ်များ မ,စစောင့်ရှောက်အံ့။ ၁-၁-၅

၈၀၈။ မြင်းစီးရသည်ဟု မြင်မက်လျှင် ပင်ပန်းကြီးစွာ လုပ်ကိုင်စားသောက်ရအံ့။ ၁-၆-၃

၈၀၉။ မြင်းအကန်ကို ခံရသည်ဟု မြင်မက်လျှင် စီးပွားရေးယုတ်လျော့အံ့။ ၁-၈-၅

၈၁၀။ မျောက်ကို မြင်မက်လျှင် ကံဆိုးအံ့။ ၁-၁-၁

၈၁၁။ မျောက်ကိုက်ခံရသည်ဟု မြင်မက်လျှင် ဒုက္ခတွေ့အံ့။ ၁-၅-၅

၈၁၂။ မျောက်နှင့် ကစားရသည်ဟု မြင်မက်လျှင် အမှုအခင်းဖြစ်အံ့။ ၁-၇-၅

၈၁၃။ မျောက်သေသည်ဟု မြင်မက်လျှင် အမှုရှိလျှင် အမှုနိုင်အံ့။ ၁-၂-၂

၈၁၄။ မျောက်သားစားရသည်ဟု မြင်မက်လျှင် ရန်ဟူသမျှကို အောင်နိုင်အံ့။ ၁-၇-၅

၈၁၅။ မုဆိုးကို မြင်မက်လျှင် လူလိမ်ခံရအံ့။ ၁-၆-၅

၈၁၆။ မုဆိုးတောလိုက်နေသည်ကို မြင်မက်လျှင် အရှက်ကွဲအံ့။ ၁-၆-၇

၈၁၇။ မင်ပုလင်းကို မြင်မက်လျှင် ချစ်သောသူနှင့် ကွေကွင်းအံ့။ ၁-၁-၆

၈၁၈။ မင်ပုလင်းကွဲသည်ဟု မြင်မက်လျှင် ခိုက်ရန်ဖြစ်အံ့။ ၁-၁-၃





၈၁၉။ မင်များ မိမိ၏အဝတ်အစားပေါ်သို့ပေကျံသည်ဟု မြင်မက်လျှင် အထင်လွဲခံရအံ့။ ၁-၁-၁

၈၂၀။ မိတ်ဆွေများနှင့် ဝိုင်းဖွဲ့၍စကားပြောရသည်ဟု မြင်မက်လျှင် ပြဿနာ ဖြေရှင်းရအံ့။ ၁-၆-၁

၈၂၁။ မိတ်ဖွဲ့ရသည်ဟု မြင်မက်လျှင် ရန်ဖြစ်အံ့။ ၁-၁-၃

၈၂၂။ မှိုင်းခံစက္ကူကို မြင်မက်လျှင် အလုပ်များအံ့။ ၁-၅-၆

၈၂၃။ မျက်နှာသုတ်ပဝါကို မြင်မက်လျှင် ချစ်သူခင်သူပေါများအံ့။ ၁-၇-၂

၈၂၄။ မျက်နှာသုတ်ပဝါပေါ်သို့ အကြောင်အကျားများ ရေးဆွဲထားသည်ဟု မြင်မက်လျှင် ရန်များအံ့။ ၁-၇-၆

၈၂၅။ မျက်စိမှိတ်ပြသည်ဟု မြင်မက်လျှင် သားသမီးများ ရရှိအံ့။ ၁-၆-၁

၈၂၆။ မျက်စိကို မြင်မက်လျှင် သားသမီးကောင်းများထွန်းကားအံ့။ ၁-၆-၅

၈၂၇။ မျက်စိပိတ်သည်ဟု မြင်မက်လျှင် အလုပ်၌ ထိခိုက်အံ့။ ၁-၆-၁

၈၂၈။ မျက်စိ (ဘယ်ဘက်မျက်စိ) ထွက်သွားသည်ဟု မြင်မက်လျှင် မကောင်းမှုတွင် ပြေပျောက်အံ့။ ၁-၁-၆

၈၂၉။ မျက်စိ (ညာဘက်မျက်စိ) ထွက်သွားသည်ဟု မြင်မက်လျှင် ငွေကုန်ကြေးကျ များအံ့။ ၆-၁-၇

၈၃၀။ မျက်စိနှစ်လုံး ထွက်ကျသည်ဟု မြင်မက်လျှင် သားသမီးများ သေကြေပျက်စီးအံ့။ ၁-၆-၅

၈၃၁။ မျက်စိစုံကန်းသွားသည်ဟု မြင်မက်လျှင် ဒုက္ခကြီးစွာ ရောက်အံ့။ ၁-၆-၆

၈၃၂။ မျက်စိအတွင်း အမှိုက်များဝင်သည်ဟု မြင်မက်လျှင် အမှုအခင်းဖြစ်အံ့။ ၁-၆-၈

၈၃၃။ မျက်နှာချောမောလှပသူကို မြင်တွေ့ရသည်ဟု မြင်မက်လျှင် ကောင်းသော စကားကို ကြားရအံ့။ ၁-၇-၅

၈၃၄။ မျက်နှာကျက်ကို မြင်မက်လျှင် တိုးတက်ကြီးပွားအံ့။ ၁-၇-၅

၈၃၅။ မျက်နှာသစ်ရသည်ဟု မြင်မက်လျှင် ဒုက္ခတွေ့အံ့။ ၁-၇-၂


www.burmeseclassic.com

www.burmeseclassic.com



၈၃၆။ မျက်လှည့်ပြနေသည်ဟု မြင်မက်လျှင် လူလိမ်ခံရအံ့။ ၁-၃-၁
၈၃၇။ မြက်ခင်းကို မြင်မက်လျှင် စိတ်ချမ်းသာအံ့။ ၁-၅-၁
၈၃၈။ မြက်ခင်းစိမ်းကို မြင်မက်လျှင် မိမိတို့မိသားစု သာယာပျော်ရွှင်အံ့။
၁-၅-၆
၈၃၉။ မြက်ပင်စိုက်ရသည်ဟု မြင်မက်လျှင် စိတ်သောက ပြေငြိမ်းအံ့။
၁-၅-၃
၈၄၀။ မြက်ပင်များ မိမိနေအိမ်ရှေ့တွင် စုပုံနေသည်ဟု မြင်မက်လျှင် သာယာ
ပျော်ရွှင်အံ့။ ၁-၁-၁
၈၄၁။ မှန်ပေါက်ဝကို မြင်မက်လျှင် ဒုက္ခတွေ့ရအံ့။ ၁-၁-၃
၈၄၂။ မြောင်းကို မြင်မက်လျှင် ဒုက္ခတွေ့ရအံ့။ ၃-၅-၁
၈၄၃။ မြောင်းထဲသို့လိမ့်ကျသည်ဟု မြင်မက်လျှင် ဘေးအန္တရာယ်တွေ့ရအံ့။
၁-၇-၂
၈၄၄။ မာလကာသီးကို မြင်မက်လျှင် ကျန်းမာအံ့။ ၁-၃-၅
၈၄၅။ မာလကာပင်စိုက်ရသည်ဟု မြင်မက်လျှင် လုပ်ငန်းများ အောင်မြင်အံ့။
၁-၃-၅
၈၄၆။ မှိုပင်ကို မြင်မက်လျှင် ငွေရအံ့။ ၁-၅-၅
၈၄၇။ မှိုပင်များ မိမိနေအိမ်ရှေ့တွင် ရှိသည်ဟု မြင်မက်လျှင် ရွှေများရရှိအံ့။
၁-၁-၁
၈၄၈။ မျက်မှန်ကို မြင်မက်လျှင် ပညာရေးဘက်တွင် ထူးချွန်အံ့။ ၁-၁-၁
၈၄၉။ မျက်နှာပေါ်တွင် မှဲ့များပေါက်နေသည်ဟု မြင်မက်လျှင် ဒုက္ခကြီးစွာ
တွေ့ကြုံအံ့။ ၁-၇-၁
၈၅၀။ မောင်းချားကို မြင်မက်လျှင် ငွေဝင်အံ့။ ၁-၅-၇
၈၅၁။ မုတ်ဆိတ်မွေးရှည်သည်ဟု မြင်မက်လျှင် သမာဓိရရှိအံ့။ ၁-၃-၈
၈၅၂။ မုတ်ဆိတ်မွေးတိုသည်ဟု မြင်မက်လျှင် ကျန်းမာရေးညံ့အံ့။ ၁-၃-၈





၈၅၃။ မုတ်ဆိတ်မွေးရိတ်ရသည်ဟု မြင်မက်လျှင် စီးပွားရေး ယုတ်လျော့
ပျက်စီးအံ့။ ၁-၃-၆
၈၅၄။ မြကျောက်ကို မြင်မက်လျှင် ကံကောင်းအံ့။ ၁-၅-၅
၈၅၅။ မြသပိတ်ကို မြင်မက်လျှင် ထီပေါက်အံ့။ ၁-၂-၁
၈၅၆။ မြင့်မိုရ်တောင်ကြီးကို မြင်မက်လျှင် ခေါင်းဆောင်ဖြစ်အံ့။ ၁-၁-၆
၈၅၇။ မြင့်မိုရ်တောင်ကြီးကို ခေါင်းအုံးအိပ်ရသည်ဟု မြင်မက်လျှင် လိုအင်
ဆန္ဒအဝဝ ပြီးပြည့်စုံအံ့။ ၁-၁-၆
၈၅၈။ မန်းကျည်းပင်ကို မြင်မက်လျှင် ဝင်ငွေတိုးအံ့။ ၁-၅-၁
၈၅၉။ မန်းကျည်းသီးမှည့်စားရသည်ဟု မြင်မက်လျှင် ကျန်းမာရေး ညံ့အံ့။ ၁-
၁-၂
၈၆၀။ မိဘဖြစ်သူကို မြင်မက်လျှင် လာဘ်ကြီးဝင်အံ့။ ၁-၁-၁
၈၆၁။ မိဘဆရာသမားများကို မြင်မက်လျှင် ရွှေဝင်အံ့။ ၁-၁-၆
၈၆၂။ မိဘသေဆုံးသည်ဟု မြင်မက်လျှင် စီးပွားပျက်အံ့။ ၁-၁-၂
၈၆၃။ မိဘထံမှအမွေရရှိသည်ဟု မြင်မက်လျှင် ငွေများ အစုလိုက်အပြုံလိုက်
ရရှိအံ့။ ၁-၁-၁
၈၆၄။ မိဘမဲ့ကလေးများကို မြင်မက်လျှင် အကူအညီပေးမည့်သူပေါ်အံ့။
၁-၁-၁
၈၆၅။ မိဘမဲ့ကလေးများကို ထောက်ပံ့ကျွေးမွေးရသည်ဟု မြင်မက်လျှင် ရွှေ
ဝင်အံ့။ ၁-၁-၁
၈၆၆။ မိဘမဲ့ကလေးကို အကျိုးလှူရသည်ဟု မြင်မက်လျှင် ငွေများရရှိအံ့။
၁-၁-၁
၈၆၇။ မိမိကိုယ်တိုင် ရှုးသွပ်နေသည်ဟု မြင်မက်လျှင် လာဘ်ကြီးဝင်အံ့။
၁-၁-၅



www.burmeseclassic.com

www.burmeseclassic.com


'ယ'အက္ခရာ အိပ်မက်အဟောနှင့်
အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊

၈၆၈။ ယမင်းရုပ်ကို မြင်မက်လျှင် ကျန်းမာရေးကောင်းအံ့။ ၆-၁-၆

၈၆၉။ ယင်ကောင်များ အုံခဲနားနေသည်ကို မြင်မက်လျှင် သူခိုးခိုးခံရအံ့။ ၃-၁-၅

၈၇၀။ ယားယံသည်ဟု မြင်မက်လျှင် ငွေဝင်အံ့။ ၃-၃-၂

၈၇၁။ ယားနာ (အစက်များ) မိမိကိုယ်၌ ပေါက်သည်ဟု မြင်မက်လျှင် ငွေများ အထူးဝင်အံ့။ ၆-၇-၁

၈၇၂။ ယပ်တောင်ကို မြင်မက်လျှင် အေးချမ်းသာယာအံ့။ ၆-၇-၅

၈၇၃။ ယုန်ကို မြင်မက်လျှင် အသိပညာတိုးပွားအံ့။ ၆-၇-၄

၈၇၄။ ယုန်ကို လှောင်ထားသည်ဟု မြင်မက်လျှင် ပညာရေးမှာ အနှောင့် အယှက်များ တွေ့ရအံ့။ ၆-၅-၆

၈၇၅။ ယုန်သားစားသောက်ရသည်ဟု မြင်မက်လျှင် ဝင်ငွေတိုးအံ့။ ၆-၂-၃

၈၇၆။ ယုန်လွတ်ပြေးသည်ဟု မြင်မက်လျှင် ပညာရေး ကောင်းအံ့။ ၆-၆-၁

၈၇၇။ ယုန်သေကို မြင်မက်လျှင် ပညာရေး ဆုံးရှုံးအံ့။ ၆-၂-၅

၈၇၈။ ယမ်းမှုန့်များကို မြင်မက်လျှင် ဒုက္ခတွေ့အံ့။ ၆-၁-၁

၈၇၉။ ယောက္ခမကို မြင်မက်လျှင် ရန်ဖြစ်အံ့။ ၆-၅-၁

၈၈၀။ ယောက်ဖကို မြင်မက်လျှင် ငွေကုန်အံ့။ ၆-၁-၅

၈၈၁။ ယောင်းမနှင့် ထမင်းအိုးမွှေသည်ဟု မြင်မက်လျှင် အစားအသောက် ကောင်း စားရအံ့။ ၆-၁-၇

၈၈၂။ ယောင်းမတော်စပ်ရသည်ဟု မြင်မက်လျှင် ငွေရအံ့။ ၆-၁-၇







'ရ'အက္ခရာ အိပ်မက်အဟောနှင့်
အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊

၈၈၃။ ရဟန်းသံဃာတို့ကို ဖူးတွေ့ရသည်ဟု မြင်မက်လျှင် ကံကောင်းအံ့။ ၆-၃-၂

၈၈၄။ ရဟန်းသံဃာတို့နှင့် စကားပြောဆိုရသည်ဟု မြင်မက်လျှင် သတင်း ကောင်းကြားရအံ့။ ၆-၃-၇

၈၈၅။ ရဟန်းတော် မိမိနေအိမ်သို့ ကြွရောက်ဆွမ်းခံသည်ဟု မြင်မက်လျှင် လာဘ်ကြီးဝင်အံ့။ ၆-၃-၇

၈၈၆။ ရဟန်းခံရသည်ဟု မြင်မက်လျှင် အမွေရအံ့။ ၆-၃-၅

၈၈၇။ ရဟန်း ဈာန်နှင့်ကြွလာသည်ဟု မြင်မက်လျှင် ပုဂ္ဂိုလ်ထူးနှင့် ဆုံဆည်း ရအံ့။ ၆-၆-၇

၈၈၈။ ရထားကို မြင်မက်လျှင် ခရီးဝေးသို့ သွားရအံ့။ ၆-၇-၅

၈၈၉။ ရထားစီးရသည်ဟု မြင်မက်လျှင် အိမ်ထောင်ကျအံ့။ ၆-၇-၃

၈၉၀။ ရဟတ်ကို မြင်မက်လျှင် လူလိမ်ခံရအံ့။ ၆-၆-၅

၈၉၁။ ရဟတ်စီးရသည်ဟု မြင်မက်လျှင် ဒုက္ခတွေ့အံ့။ ၆-၆-၃

၈၉၂။ ရဟတ်ပျက်သည်ဟု မြင်မက်လျှင် ပျက်စီးဆုံးရှုံးအံ့။ ၆-၆-၁

၈၉၃။ ရုပ်ထုကို မြင်မက်လျှင် ချမ်းသာအံ့။ ၆-၇-၅

၈၉၄။ ရုပ်ထုကိုထုလုပ်ရသည်ဟု မြင်မက်လျှင် စီးပွားဖြစ်ထွန်းအံ့။ ၆-၇-၅

၈၉၅။ ရုပ်ရှင်ကြည့်ရသည်ဟု မြင်မက်လျှင် စိတ်ရှုပ်ရအံ့။ ၆-၆-၅

၈၉၆။ ရှူးသွပ်နေသည်ကို မြင်မက်လျှင် လာဘ်ဝင်အံ့။ ၆-၂-၇

၈၉၇။ ရယ်ရွှင်ဖွယ်များ မြင်မက်လျှင် ဝမ်းသာစရာနှင့်ဆုံတွေ့ရအံ့။ ၆-၆-၁

၈၉၈။ ရှောက်သီးစားရသည်ဟု မြင်မက်လျှင် စန်းပွင့်အံ့။ ၆-၂-၅

၈၉၉။ ရေအိုးကို မြင်မက်လျှင် ချမ်းသာအံ့။ ၆-၈-၅

၉၀၀။ ရေချိုးရသည်ဟု မြင်မက်လျှင် ဖျားနာအံ့။ ၆-၅-၆

၉၀၁။ ရေသောက်ရသည်ဟု မြင်မက်လျှင် သာယာအေးချမ်းအံ့။ ၆-၂-၆

၉၀၂။ ရေကြည်ကို မြင်မက်လျှင် စိတ်ချမ်းသာအံ့။ ၆-၅-၅



www.burmeseclassic.com

www.burmeseclassic.com

၉၀၃။ ရေနှောက်ကို မြင်မက်လျှင် ဒုက္ခတွေ့ရအံ့။ ၆-၇-၅
၉၀၄။ ရေခပ်သည်ဟု မြင်မက်လျှင် လာဘ်ဝင်အံ့။ ၆-၅-၂
၉၀၅။ ရေကူးရသည်ဟု မြင်မက်လျှင် ပင်ပန်းဆင်းရဲအံ့။ ၆-၅-၆
၉၀၆။ ရေနစ်သည်ကို မြင်မက်လျှင် စီးပွားယုတ်လျော့အံ့။ ၆-၇-၂
၉၀၇။ ရေ၌ မြွေတွေ့သည်ဟု မြင်မက်လျှင် ငွေရအံ့။ ၆-၁-၇
၉၀၈။ ရေပေါ်လမ်းလျှောက်ရသည်ဟု မြင်မက်လျှင် သိဒ္ဓိတန်ခိုးများ ရရှိအံ့။
၆-၁-၆
၉၀၉။ ရေကန်ကို မြင်မက်လျှင် ကူညီမည့်သူပေါ်အံ့။ ၆-၅-၅
၉၁၀။ ရေကစားရသည်ဟု မြင်မက်လျှင် ပျော်ရွှင်အံ့။ ၆-၅-၃
၉၁၁။ ရေတိုင်ကီကို မြင်မက်လျှင် ဆန့်ရေစပါး ပေါများအံ့။ ၆-၇-၅
၉၁၂။ ရေတိုင်ကီထဲတွင် ရေများခမ်းခြောက်နေသည်ဟု မြင်မက်လျှင် စီးပွားရေး
ကျဆင်းအံ့။ ၆-၇-၅
၉၁၃။ ရွှံ့နွံများကို မြင်မက်လျှင် ဒုက္ခရအံ့။ ၆-၇-၁
၉၁၄။ ရွှံ့များစင်သည်ဟု မြင်မက်လျှင် သတင်းကောင်း ကြားရအံ့။
၆-၃-၂
၉၁၅။ ရွှံ့နွံများလူးရသည်ဟု မြင်မက်လျှင် ကျန်းမာရေး ညံ့အံ့။ ၆-၃-၁
၉၁၆။ ရှဉ့်ကို မြင်မက်လျှင် အရှုံးနှင့်တွေ့ရအံ့။ ၆-၅-၁
၉၁၇။ ရှဉ့်ဖမ်းရသည်ဟု မြင်မက်လျှင် လာဘ်များ ရရှိအံ့။ ၆-၅-၁
၉၁၈။ ရွှေငွေများကို မြင်မက်လျှင် လူလိမ်ခံရအံ့။ ၆-၅-၁
၉၁၉။ ရွှေများအရောင်ထွက်နေသည်ဟု မြင်မက်လျှင် သေကြေပျက်စီးအံ့။
၆-၁-၈
၉၂၀။ ရွှေထည်များဝတ်ဆင်ထားသည်ဟု မြင်မက်လျှင် လူကြီးဖြစ်အံ့။
၆-၇-၁
၉၂၁။ ရွှေခွက်ကို မြင်မက်လျှင် ဘုန်းကြီးအံ့။ ၆-၅-၅
၉၂၂။ ရွှေလက်ဖွဲ့ရသည်ဟု မြင်မက်လျှင် ကြွယ်ဝချမ်းသာအံ့။ ၆-၆-၁





၉၂၃။ ရွှေလက်ကောက်ဝတ်ရသည်ဟု မြင်မက်လျှင် သားသမီးထွန်းကားအံ့။
၆-၆-၅
၉၂၄။ ရွှေဟင်္သာငှက်ကို မြင်မက်လျှင် ကံကောင်းအံ့။ ၆-၂-၂
၉၂၅။ ရေဆွဲရသည်ဟု မြင်မက်လျှင် နာဖျားအံ့။ ၆-၆-၆
၉၂၆။ ရေတွင်းကို မြင်မက်လျှင် လာဘ်ကြီးဝင်ရအံ့။ ၆-၇-၅
၉၂၇။ ရေခဲမုန့်စားရသည်ဟု မြင်မက်လျှင် ကုသိုလ်ကံထူးအံ့။ ၆-၅-၁
၉၂၈။ ရေတာကောင်းကို မြင်မက်လျှင် ခက်ခဲအံ့။ ၆-၇-၅
၉၂၉။ ရှက်လှေကို မြင်မက်လျှင် ခရီးဝေးသို့သွားရအံ့။ ၆-၆-၅
၉၃၀။ ရှက်လှေစီးရသည်ဟု မြင်မက်လျှင် အကြံများအောင်မြင်အံ့။ ၆-၆-၅
၉၃၁။ ရှက်လှေမှောက်သည်ဟု မြင်မက်လျှင် ဒုက္ခရောက်အံ့။ ၆-၆-၁
၉၃၂။ ရိပ်သာကို မြင်မက်လျှင် ချမ်းသာအံ့။ ၆-၂-၅
၉၃၃။ ရိပ်သာ၌ တရားအားထုတ်ရသည်ဟု မြင်မက်လျှင် ပြည့်စုံအောင်မြင်အံ့။
၆-၂-၆
၉၃၄။ ရှေ့နေကို မြင်မက်လျှင် ဒုက္ခတွေ့ရအံ့။ ၆-၇-၅
၉၃၅။ ရှေ့တွင်အတားအဆီးကို မြင်မက်လျှင် ဒုက္ခကြီးစွာ တွေ့ရအံ့။ ၆-၇-၈
၉၃၆။ ရှောက်ချိုသီးကို မြင်မက်လျှင် ကောင်းအံ့။ ၆-၅-၂
၉၃၇။ ရွာထဲလျှောက်လည်သည်ဟု မြင်မက်လျှင် အကြံများ အောင်မြင်အံ့။
၆-၇-၆
၉၃၈။ ရဲကို မြင်မက်လျှင် အချုပ်အနှောင်ခံရအံ့။ ၆-၆-၆
၉၃၉။ ရုံးတက်ရသည်ဟု မြင်မက်လျှင် အမှုအခင်းနိုင်အံ့။ ၄-၇-၆
၉၄၀။ ရှလပတ်ရည်သောက်ရသည်ဟု မြင်မက်လျှင် ဆုံးပါးနေသော အကြွေး
များ ပြန်လည်ရအံ့။ ၆-၆-၁


www.burmeseclassic.com

www.burmeseclassic.com

## 'လ' အက္ခရာ အိပ်မက်အဟောနှင့်
## အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊

၉၄၁။ လကို မြင်မက်လျှင် အေးချမ်းသာယာအံ့။ ၆-၆-၆

၉၄၂။ လမွန်းတည့်ချိန်ကို မြင်မက်လျှင် လာဘ်ကြီးရအံ့။ ၆-၁-၇

၉၄၃။ လကြတ်သည်ကို မြင်မက်လျှင် ငွေကြေးများစွာ ဆုံးပါးအံ့။ ၆-၅-၂

၉၄၄။ လထွက်လာသည်ကို မြင်မက်လျှင် ကံကောင်းအံ့။ ၆-၇-၆

၉၄၅။ လကို ဖမ်း၍ရရှိသည်ဟု မြင်မက်လျှင် လာဘ်ကြီးဝင်အံ့။ ၆-၅-၁

၉၄၆။ လငပုပ်ဖမ်းသည်ဟု မြင်မက်လျှင် ဒုက္ခတွေ့ရအံ့။ ၆-၅-၁

၉၄၇။ လဲကျသည်ဟု မြင်မက်လျှင် ကျန်းမာရေးညံ့အံ့။ ၆-၅-၂

၉၄၈။ လေတိုက်သည်ဟု မြင်မက်လျှင် သောကရောက်အံ့။ ၆-၁-၇

၉၄၉။ လေပွေတိုက်သည်ဟု မြင်မက်လျှင် ဒုက္ခရောက်အံ့။ ၆-၁-၇

၉၅၀။ လေယာဉ်ပျံစီးရသည်ဟု မြင်မက်လျှင် အကြံအောင်အံ့။ ၆-၆-၁

၉၅၁။ လေယာဉ်ပျံပျက်ကျသည်ဟု မြင်မက်လျှင် အကြံအစည် ပျက်ပြားအံ့။ ၆-၆-၁

၉၅၂။ လားကို မြင်မက်လျှင် ခရီးဝေးသို့သွားရအံ့။ ၆-၅-၁

၉၅၃။ လားစီး၍သွားရသည်ဟု မြင်မက်လျှင် အလုပ်များအောင်မြင်အံ့။ ၆-၃-၂

၉၅၄။ လုယက်ခံရသည်ဟု မြင်မက်လျှင် ငွေများဝင်အံ့။ ၆-၆-၅

၉၅၅။ လူသေလောင်းကို မြင်မက်လျှင် လာဘ်ကြီးဝင်အံ့။ ၆-၂-၅

၉၅၆။ လူသားကို စားသောက်ရသည်ဟု မြင်မက်လျှင် ခေါင်းဆောင်ဖြစ်အံ့။ ၆-၂-၅

၉၅၇။ လူသေအလောင်း၏အူကို သုပ်စားရသည်ဟု မြင်မက်လျှင် ကြီးပွား ချမ်းသာအံ့။ ၆-၂-၅

၉၅၈။ လူသေကောင်ထလာသည်ဟု မြင်မက်လျှင် ကွဲကွာနေသောသူနှင့် ပြန်လည်ဆုံဆည်းရအံ့။ ၆-၂-၅





၉၅၉။ လူ၏ဦးခေါင်းကို စားရသည်ဟု မြင်မက်လျှင် ခေါင်းဆောင်ကြီးဖြစ်အံ့။ ၆-၈-၅

၉၆၀။ လူအများစုဝေးနေသည်ကို မြင်မက်လျှင် စီးပွားရေးပျက်အံ့။ ၆-၈-၁

၉၆၁။ လူအိုရုံကို မြင်မက်လျှင် အလှူကြီးပေးရအံ့။ ၆-၈-၆

၉၆၂။ လက်ကို မြင်မက်လျှင် မိမိကိုအသုံးချမည့်သူနှင့် တွေ့ကြုံရအံ့။ ၆-၅-၁

၉၆၃။ လက်ပြတ်နေသည်ကို မြင်မက်လျှင် တပည့်လက်သား ဆုံးရှုံးအံ့။ ၆-၁-၇

၉၆၄။ လက်ယာလက်ပြုတ်သည်ဟု မြင်မက်လျှင် သားဖြစ်သူ ဒုက္ခဆင်းရဲ တွေ့ကြုံရအံ့။ ၆-၆-၆

၉၆၅။ လက်ဝဲလက်ပြုတ်သည်ဟု မြင်မက်လျှင် သမီးဖြစ်သူ ဒုက္ခဆင်းရဲ တွေ့ကြုံရအံ့။ ၆-၆-၁

၉၆၆။ လက်သည်းလှီးရသည်ဟု မြင်မက်လျှင် ကံဆိုးအံ့။ ၆-၂-၆

၉၆၇။ လက်ထိပ်ကို မြင်မက်လျှင် အမှုပွေအံ့။ ၆-၇-၅

၉၆၈။ လက်ကောက်, လက်စွပ်ကို မြင်မက်လျှင် ရတနာများ ဝင်အံ့။ ၆-၅-၆

၉၆၉။ လက်မောင်းမှ သွေးများယိုစီးသည်ဟု မြင်မက်လျှင် သားသမီးများ ဒုက္ခပေးအံ့။ ၆-၁-၁

၉၇၀။ လက်သည်းရှည်သည်ဟု မြင်မက်လျှင် ကျန်းမာရေးကောင်းအံ့။ ၆-၂-၆

၉၇၁။ လက်သည်းတိုသည်ဟု မြင်မက်လျှင် ကျန်းမာရေးညံ့အံ့။ ၆-၂-၇

၉၇၂။ လက်သည်းပွင့်သည်ဟု မြင်မက်လျှင် စန်းပွင့်အံ့။ ၆-၂-၅

၉၇၃။ လက်မောင်းကြီးသည်ဟု မြင်မက်လျှင် ကြီးပွားအံ့။ ၆-၁-၅

၉၇၄။ လက်မောင်းသေးသည်ဟု မြင်မက်လျှင် စီးပွားယုတ်လျော့အံ့။ ၆-၅-၂

၉၇၅။ လက်သုပ်စားရသည်ဟု မြင်မက်လျှင် လာဘ်ရအံ့။ ၆-၂-၃


www.burmeseclassic.com

www.burmeseclassic.com

၉၇၆။ လက်သုတ်ပဝါကို မြင်မက်လျှင် ချစ်သူတွေ့အံ့။ ၆-၂-၆
၉၇၇။ လက်နက်ခဲယမ်းကို မြင်မက်လျှင် ဘေးတွေ့အံ့။ ၆-၇-၅
၉၇၈။ လက်နက် မြေ၌စိုက်ထားသည်ကို မြင်မက်လျှင် အေးချမ်းသာယာအံ့။ ၆-၇-၅
၉၇၉။ လိမ့်ကျသည်ဟု မြင်မက်လျှင် ဆုံးရှုံးပျက်စီးအံ့။ ၆-၅-၂
၉၈၀။ လိပ်ကို မြင်မက်လျှင် လာဘ်ဝင်အံ့။ ၆-၅-၁
၉၈၁။ လိပ်ကိုအစာကျွေးရသည်ဟု မြင်မက်လျှင် ငွေအစုလိုက်ဝင်အံ့။ ၆-၅-၈
၉၈၂။ လိပ်ဥကို မြင်မက်လျှင် ကောင်းစားအံ့။ ၆-၈-၅
၉၈၃။ လိပ်ကို စားရသည်ဟု မြင်မက်လျှင် လာဘ်ကြီးဝင်အံ့။ ၆-၈-၅
၉၈၄။ လိပ်ကို ဖမ်းရသည်ဟု မြင်မက်လျှင် လာဘ်ရအံ့။ ၆-၅-၁
၉၈၅။ လိပ်ခွံဘီး ခေါင်း၌ဖြီးသည်ဟု မြင်မက်လျှင် ကောင်းစားအံ့။ ၆-၅-၁
၉၈၆။ လိင်တံရှည်သည်ဟု မြင်မက်လျှင် ဘုန်းတန်ခိုးကျဆင်းအံ့။ ၆-၆-၁
၉၈၇။ လိင်တံတိုသည်ဟု မြင်မက်လျှင် ဘုန်းတန်ခိုးကြီးအံ့။ ၆-၇-၇
၉၈၈။ လည်ပင်းကြီးသည်ဟု မြင်မက်လျှင် အလုပ်အကိုင်သစ်ရအံ့။ ၆-၁-၅
၉၈၉။ လည်ပင်းသေးသည်ဟု မြင်မက်လျှင် ကျန်းမာရေးညံ့အံ့။ ၆-၁-၂
၉၉၀။ လှည်းကို မြင်မက်လျှင် သူတစ်ပါးတို့က မကောင်းကြံအံ့။ ၆-၅-၁
၉၉၁။ လှည်းစီးရသည်ဟု မြင်မက်လျှင် ရန်ကို အောင်မြင်အံ့။ ၆-၃-၆
၉၉၂။ လှည်းကျိုးကို မြင်မက်လျှင် ဘေးဒုက္ခတွေ့ရအံ့။ ၆-၅-၅
၉၉၃။ လှေကို မြင်မက်လျှင် ကံဆိုးအံ့။ ၆-၅-၁
၉၉၄။ လှေစီးရသည်ကို မြင်မက်လျှင် စီးပွားရေး ကျဆင်းအံ့။ ၆-၃-၆
၉၉၅။ လှေမှောက်သည်ဟု မြင်မက်လျှင် သေကြေပျက်စီးအံ့။ ၆-၁-၂
၉၉၆။ လှေထဲတွင် ရေများဝင်နေသည်ဟု မြင်မက်လျှင် ဘေးဒုက္ခ တွေ့ကြုံရအံ့။ ၆-၇-၇





၉၉၇။ လှေကို ကုန်းပေါ်တင်ထားသည်ဟု မြင်မက်လျှင် အမှုအခင်းဖြစ်အံ့။ ၆-၅-၅
၉၉၈။ လှေတည်ဆောက်သည်ဟု မြင်မက်လျှင် ရန်ဟူသမျှ အောင်မြင်အံ့။ ၆-၇-၃
၉၉၉။ လှေကားပေါ်မှ လိမ့်ကျသည်ဟု မြင်မက်လျှင် ကံဆိုးအံ့။ ၃-၅-၁
၁၀၀၀။ လင်းတငှက်ကို မြင်မက်လျှင် ကံဆိုးအံ့။ ၆-၇-၅
၁၀၀၁။ လင်းတငှက် နေအိမ်ပေါ်၌ နားနေသည်ဟု မြင်မက်လျှင် သေကြေပျက်စီးအံ့။ ၆-၇-၇
၁၀၀၂။ လင်းတငှက်အစာစားနေသည်ဟု မြင်မက်လျှင် အခက်အခဲများနှင့် ရင်ဆိုင်ရအံ့။ ၆-၇-၈
၁၀၀၃။ လင်းတငှက် နေအိမ်အတွင်းသို့ ဝင်ရောက်လာသည်ဟု မြင်မက်လျှင် ရန်သူနှင့်ရင်ဆိုင်တွေ့ရပြီး ဒုက္ခများအံ့။ ၆-၇-၇
၁၀၀၄။ လင်းတငှက်သေကို မြင်မက်လျှင် အခက်အခဲမှ လွတ်အံ့။ ၆-၇-၇
၁၀၀၅။ လင်းနို့ကို မြင်မက်လျှင် နာဖျားအံ့။ ၃-၇-၅
၁၀၀၆။ လင်းနို့အကိုက်ခံရသည်ဟု မြင်မက်လျှင် သေကြေပျက်စီးအံ့။ ၃-၇-၈
၁၀၀၇။ လယ်ကို မြင်မက်လျှင် ဘေးဒုက္ခတွေ့ကြုံရအံ့။ ၃-၅-၁
၁၀၀၈။ လယ်ကွင်းပြင်တွင် ကြာပေါက်နေသည်ဟု မြင်မက်လျှင် စီးပွားရေး အထူးအောင်မြင်အံ့။ ၃-၅-၁
၁၀၀၉။ လယ်ကွင်းပြင်၌ ရေများပြည့်လျှံနေသည်ဟု မြင်မက်လျှင် စီးပွားဖြစ်ထွန်းအံ့။ ၃-၅-၁
၁၀၁၀။ လယ်ကွင်းပြင်၌ ရေများခမ်းခြောက်နေသည်ဟု မြင်မက်လျှင် စီးပွားပျက်အံ့။ ၃-၅-၁
၁၀၁၁။ လောက်ကို မြင်မက်လျှင် ဆန့်စပါးပေါများအံ့။ ၃-၅-၁
၁၀၁၂။ လောက်ကို စားရသည်ဟု မြင်မက်လျှင် လာဘ်ရအံ့။ ၃-၅-၃
၁၀၁၃။ လောက်စာလုံးကို မြင်မက်လျှင် ဘေးရန်များအံ့။ ၃-၆-၃


www.burmeseclassic.com

www.burmeseclassic.com

၁၀၁၄။ လွယ်အိတ်ကို မြင်မက်လျှင် ငွေဝင်အံ့။ ၃-၈-၅
၁၀၁၅။ လုံတံကို မြင်မက်လျှင် ဘေးရန်များအံ့။ ၃-၇-၅
၁၀၁၆။ လူပြက်ကို မြင်မက်လျှင် စိတ်ညစ်ရအံ့။ ၃-၅-၅
၁၀၁၇။ လူဆိုးများကို မြင်တွေ့ရသည်ဟု မြင်မက်လျှင် ဘေးရန်များအံ့။
၃-၆-၅
၁၀၁၈။ လက်နှိပ်စက်ကို မြင်မက်လျှင် သူများပြဿနာကို ကိုယ်ကရှင်းရအံ့။
၃-၇-၃
၁၀၁၉။ လက်ဆွဲမှန်အိမ်ကို မြင်မက်လျှင် အသိပညာတိုးပွားအံ့။ ၃-၃-၁
၁၀၂၀။ လက်ဖက်စားရသည်ဟု မြင်မက်လျှင် လူချစ်လူခင်များပြားအံ့။
၃-၁-၆
၁၀၂၁။ လက်အိတ်ကို မြင်မက်လျှင် အထင်လွဲခံရအံ့။ ၃-၈-၅
၁၀၂၂။ လက်ချင်းချိတ်နေသည်ဟု မြင်မက်လျှင် မိတ်ဆွေသစ်တိုးပွားအံ့။
၃-၅-၅

**'ဝ'အက္ခရာ အိပ်မက်အဟောနှင့်**
**အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊**

၁၀၂၃။ ဝတ်အသင်းကို မြင်မက်လျှင် သူကောင်းပြုခြင်း ခံရအံ့။ ၃-၈-၂
၁၀၂၄။ ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ရသည်ဟု မြင်မက်လျှင် သူတော်ကောင်းနှင့် တွေ့ကြုံအံ့။ ၃-၁-၆
၁၀၂၅။ ဝါးပင်ကို မြင်မက်လျှင် စိတ်ချမ်းသာအံ့။ ၃-၁-၅
၁၀၂၆။ ဝါးအိမ်ဆောက်လုပ်ရသည်ဟု မြင်မက်လျှင် ငွေများ တိုးပွားအံ့။
၃-၈-၆
၁၀၂၇။ ဝါးများရောင်းရသည်ဟု မြင်မက်လျှင် စီးပွားယုတ်လျော့အံ့။ ၃-၁-၃
၁၀၂၈။ ဝေယာဉ်စီးရသည်ဟု မြင်မက်လျှင် ကြီးပွားတိုးတက်အံ့။ ၃-၃-၅
၁၀၂၉။ ဝေယာဉ်ပေါ်မှပြုတ်ကျသည်ဟု မြင်မက်လျှင် သေကြေအံ့။ ၃-၃-၁
၁၀၃၀။ ဝက်ကို မြင်မက်လျှင် ကောင်းစားအံ့။ ၃-၅-၁





၁၀၃၁။ ဝက်သေကို မြင်မက်လျှင် ငွေအလုံးအရင်းနှင့်ဝင်အံ့။ ၃-၂-၅
၁၀၃၂။ ဝက်သားစားရသည်ဟု မြင်မက်လျှင် လာဘ်ရအံ့။ ၃-၂-၃
၁၀၃၃။ ဝက်ဝံကို မြင်မက်လျှင် ဘေးရန်များအံ့။ ၃-၃-၅
၁၀၃၄။ ဝဲနာပေါက်သည်ဟု မြင်မက်လျှင် ထီပေါက်အံ့။ ၃-၇-၁
၁၀၃၅။ ဝေလငါးကို မြင်မက်လျှင် ရေလမ်းခရီးသို့ သွားရအံ့။ ၃-၃-၁
၁၀၃၆။ ဝံပုလွေကို မြင်မက်လျှင် အလုပ်အကိုင်များ ပျက်စီးအံ့။ ၃-၁-၃
၁၀၃၇။ ဝင်းထရံခတ်ထားသည်ဟု မြင်မက်လျှင် ချုပ်နှောင်ခံရအံ့။ ၃-၇-၃
၁၀၃၈။ ဝင်းထရံပေါ်သို့ ကျော်တက်ရသည်ဟု မြင်မက်လျှင် အခက်အခဲများ ကျော်လွှားအံ့။ ၃-၇-၃
၁၀၃၉။ ဝင်းထရံပေါက်နေသည်ကို မြင်မက်လျှင် အိမ်တွင်းရန်ရှိအံ့။ ၃-၇-၃

**'သ'အက္ခရာ အိပ်မက်အဟောနှင့်**
**အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊**

၁၀၄၀။ သပိတ်ကို မြင်မက်လျှင် လာဘ်ကြီးရအံ့။ ၂-၁-၅
၁၀၄၁။ သတင်းစာကို မြင်မက်လျှင် အထူးသတင်းများ ကြားရအံ့။ ၂-၇-၃
၁၀၄၂။ သခွားသီးကို မြင်မက်လျှင် ကောင်းစားအံ့။ ၂-၅-၂
၁၀၄၃။ သမုဒ္ဒရာကို မြင်မက်လျှင် ကြီးပွားတိုးတက်အံ့။ ၂-၁-၃
၁၀၄၄။ သမွန်စီးရသည်ဟု မြင်မက်လျှင် ဒုက္ခတွေ့ရအံ့။ ၂-၁-၃
၁၀၄၅။ သင်္ဘောစီးရသည်ဟု မြင်မက်လျှင် နေထိုင်မှုအဆင့်အတန်း မြင့်မားအံ့။
၃-၁-၃
၁၀၄၆။ သင်္ဘောနစ်သည်ဟု မြင်မက်လျှင် သေကြေပျက်စီးအံ့။ ၃-၅-၇
၁၀၄၇။ သံပရာသီးစားရသည်ဟု မြင်မက်လျှင် ရန်များပျောက်အံ့။ ၃-၁-၃
၁၀၄၈။ သီချင်းသံကြားရသည်ဟု မြင်မက်လျှင် စိတ်သောကများအံ့။ ၃-၅-၃
၁၀၄၉။ သားစိမ်းငါးစိမ်းစားရသည်ဟု မြင်မက်လျှင် ဒုက္ခတွေ့အံ့။ ၂-၆-၅
၁၀၅၀။ သားကင်စားရသည်ဟု မြင်မက်လျှင် လာဘ်ကြီးဝင်အံ့။ ၂-၅-၆


www.burmeseclassic.com

www.burmeseclassic.com

၁၀၅၁။ သားပိုက်ကောင်ကို မြင်မက်လျှင် သားသမီးအကျိုးကျေးဇူး ခံစားရအံ့။ ၂-၁-၅

၁၀၅၂။ သည်းထန်စွာ ငိုကြွေးရသည်ဟု မြင်မက်လျှင် ထင်ပေါ်ကျော်ကြားအံ့။ ၂-၇-၆

၁၀၅၃။ သည်းထန်စွာ ရွာသွန်းသောမိုးရေထဲ လမ်းလျှောက်ရသည်ဟု မြင်မက်လျှင် အလုပ်အကိုင်များ အထူးကောင်းမွန်အံ့။ ၂-၇-၂

၁၀၅၄။ သွေးသောက်ရသည်ဟု မြင်မက်လျှင် အသိပညာတိုးပွားအံ့။ ၂-၂-၆

၁၀၅၅။ သွေးကို မြင်မက်လျှင် ဘုန်းတန်ခိုးကြီးမားအံ့။ ၂-၅-၁

၁၀၅၆။ သွေးထွက်သည်ဟု မြင်မက်လျှင် လာဘ်ကြီးရအံ့။ ၂-၇-၂

၁၀၅၇။ သွားပေါက်သည်ဟု မြင်မက်လျှင် ကောင်းစားအံ့။ ၂-၅-၁

၁၀၅၈။ သွားကျိုးသည်ဟု မြင်မက်လျှင် အဘိုးအဘွားများပျက်စီးအံ့။ ၂-၅-၂

၁၀၅၉။ သွားနာ, သွားယိုင်သည်ဟု မြင်မက်လျှင် စီးပွားရေးကျဆင်းအံ့။ ၂-၇-၂

၁၀၆၀။ သေနေသောသူနှင့် စကားပြောရသည်ဟု မြင်မက်လျှင် အကြံဉာဏ်ကောင်း ရရှိအံ့။ ၂-၇-၂

၁၀၆၁။ သစ်ပင်ကို မြင်မက်လျှင် စီးပွားတိုးတက်အံ့။ ၂-၁-၅

၁၀၆၂။ သစ်ပင်တက်ရသည်ဟု မြင်မက်လျှင် ရာထူးတက်အံ့။ ၂-၁-၅

၁၀၆၃။ သစ်ပင်ခုတ်လဲရသည်ဟု မြင်မက်လျှင် ကံဆိုးအံ့။ ၂-၁-၅

၁၀၆၄။ သစ်သီးများခူးဆွတ်ရသည်ဟု မြင်မက်လျှင် ကောင်းစားအံ့။ ၂-၂-၁

၁၀၆၅။ သစ်သားချောင်းများကို မြင်မက်လျှင် ဒုက္ခတွေ့ရအံ့။ ၂-၂-၅

၁၀၆၆။ သူတောင်းစားကို မြင်မက်လျှင် ကောင်းစားအံ့။ ၂-၇-၆

၁၀၆၇။ သူများ သားမယားကို မြင်မက်လျှင် ဒုက္ခကြီးစွာ တွေ့ရအံ့။ ၂-၁-၂

၁၀၆၈။ သူခိုး, ဓားပြများကို တွေ့ရသည်ဟု မြင်မက်လျှင် အထူးအန္တရာယ်ကင်းရှင်းအံ့။ ၂-၅-၇





## 'ဟ'အက္ခရာ အိပ်မက်အဟောနှင့် အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊

၁၀၆၉။ ဟင်းသီးဟင်းရွက်ခူးဆွတ်ရသည်ဟု မြင်မက်လျှင် လာဘ်ရအံ့။ ၆-၂-၆

၁၀၇၀။ ဟင်းသီးဟင်းရွက်စားရသည်ဟု မြင်မက်လျှင် လာဘ်ရအံ့။ ၆-၂-၆

၁၀၇၁။ ဟသ်ာငှက်ကို မြင်မက်လျှင် ကောင်းစားအံ့။ ၆-၂-၅

၁၀၇၂။ ဟင်းပန်းကန်ကို မြင်မက်လျှင် ငွေများရအံ့။ ၆-၁-၅

## 'အ'အက္ခရာ အိပ်မက်အဟောနှင့် အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊

၁၀၇၃။ အစိမ်းရောင်ကို မြင်မက်လျှင် တန်ခိုးသိဒ္ဓိများ ရရှိအံ့။ ၈-၃-၆

၁၀၇၄။ အသီးရှိသောအပင်ကို မြင်မက်လျှင် ချမ်းသာကြွယ်ဝအံ့။ ၈-၁-၃

၁၀၇၅။ အဆိပ်ကို မြင်မက်လျှင် ကောင်းစားအံ့။ ၈-၃-၅

၁၀၇၆။ အဆိပ်ရှိသော သတ္တဝါများ အိမ်ပေါ်သို့တက်လာသည်ဟု မြင်မက်လျှင် စီးပွားတိုးတက်အံ့။ ၈-၃-၆

၁၀၇၇။ အစွယ်ရှိသောဆင်ကို မြင်မက်လျှင် ချမ်းသာကြွယ်ဝအံ့။ ၈-၃-၆

၁၀၇၈။ အစွယ်ရှိသော သတ္တဝါများ ကိုက်ခဲခြင်းကို ခံရသည်ဟု မြင်မက်လျှင် ဘေးဒုက္ခနှင့် တွေ့ကြုံရအံ့။ ၈-၃-၆

၁၀၇၉။ အမဲလိုက်သည်ဟု မြင်မက်လျှင် လာဘ်ဝင်အံ့။ ၈-၁-၆

၁၀၈၀။ အလံကို မြင်မက်လျှင် အကြံအောင်အံ့။ ၈-၆-၅

၁၀၈၁။ အလံတိုင်ကျိုးသည်ဟု မြင်မက်လျှင် စီးပွားပျက်အံ့။ ၈-၆-၇

၁၀၈၂။ အဝတ်အစားသစ်များ ဆင်မြန်းရသည်ဟု မြင်မက်လျှင် နာမကျန်း ဖြစ်အံ့။ ၈-၆-၈

၁၀၈၃။ အဝတ်ဖြူကိုဆင်မြန်းရသည်ဟု မြင်မက်လျှင် လာဘ်ရအံ့။ ၈-၆-၅

၁၀၈၄။ အလိုမတူသောသူနှင့် ပေါင်းသင်းရသည်ဟု မြင်မက်လျှင် သေကြေအံ့။ ၈-၆-၅


www.burmeseclassic.com

www.burmeseclassic.com



၁၀၈၅။ အလှူအတန်းပေးရသည်ဟု မြင်မက်လျှင် ကောင်းစားအံ့။ ၈-၆-၈
၁၀၈၆။ အမှုဖြစ်ရသည်ဟု မြင်မက်လျှင် ကောင်းစားအံ့။ ၈-၁-၁
၁၀၈၇။ အားကစားလုပ်နေသည်ကို မြင်မက်လျှင် ကျန်းမာရေး ကောင်းမွန်အံ့။ ၈-၅-၆
၁၀၈၈။ အိပ်ရာကို မြင်မက်လျှင် စည်းစိမ်တိုးအံ့။ ၈-၆-၅
၁၀၈၉။ အိပ်နေသူကို မြင်မက်လျှင် အကြံပျက်အံ့။ ၈-၂-၂
၁၀၉၀။ အိပ်ရာပေါ်သို့ မြွေတက်သည်ဟု မြင်မက်လျှင် ငွေများဝင်အံ့။ ၈-၆-၁
၁၀၉၁။ အိမ်ကို မြင်မက်လျှင် အကြံအောင်မြင်အံ့။ ၈-၅-၁
၁၀၉၂။ အိမ်ပြိုသည်ဟု မြင်မက်လျှင် စီးပွားပျက်အံ့။ ၈-၁-၂
၁၀၉၃။ အိမ်မီးလောင်သည်ဟု မြင်မက်လျှင် ပျက်စီးအံ့။ ၈-၁-၆
၁၀၉၄။ အိမ်သစ်ကို မြင်မက်လျှင် ကံကောင်းအံ့။ ၈-၂-၅
၁၀၉၅။ အိမ်ဆောက်ရသည်ဟု မြင်မက်လျှင် ကံကောင်းအံ့။ ၈-၃-၆
၁၀၉၆။ အိမ်ခေါင်ပေါ်တက်ရသည်ဟု မြင်မက်လျှင် လူကြီးဖြစ်အံ့။ ၈-၅-၅
၁၀၉၇။ အိမ်ထောင်ပြုသည်ဟု မြင်မက်လျှင် လာဘ်ကြီးဝင်အံ့။ ၈-၇-၁
၁၀၉၈။ အိမ်ထောင်ကွဲသည်ဟု မြင်မက်လျှင် ချမ်းသာသုခရရှိအံ့။ ၈-၇-၅
၁၀၉၉။ အိုးခွက်ပန်းကန်များကို မြင်မက်လျှင် စီးပွားဖြစ်ထွန်းအံ့။ ၈-၅-၁
၁၁၀၀။ အိုးလည်ပြတ်ကို မြင်မက်လျှင် ဒုက္ခတွေ့ရအံ့။ ၈-၆-၅
၁၁၀၁။ အိုးထဲတွင် ရေများပြည့်လျှံနေသည်ဟု မြင်မက်လျှင် ရွှေငွေများဝင်အံ့။ ၈-၇-၇
၁၁၀၂။ အိုးထဲတွင် ရေများခန်းခြောက်နေသည်ဟု မြင်မက်လျှင် စီးပွားရေး ယုတ်လျော့အံ့။ ၈-၇-၁
၁၁၀၃။ အိုးလွတ်ကျ၍ကွဲသည်ဟု မြင်မက်လျှင် သေကြေပျက်စီးအံ့။ ၈-၆-၅
၁၁၀၄။ အုန်းသီးကို မြင်မက်လျှင် လာဘ်ရအံ့။ ၈-၆-၅
၁၁၀၅။ အုန်းသီးက အညှောင့်ပေါက်သည်ဟု မြင်မက်လျှင် လာဘ်ရအံ့။ ၈-၆-၅





၁၁၀၆။ အုန်းပင်တက်ရသည်ဟု မြင်မက်လျှင် အကြံဉာဏ်ကောင်းများ ပေါ်အံ့။ ၈-၅-၅
၁၁၀၇။ အုန်းသီးစားရသည်ဟု မြင်မက်လျှင် အိမ်သစ်နှင့် နေထိုင်ရအံ့။ ၈-၂-၆
၁၁၀၈။ အုန်းမောင်းခေါက်သံကို ကြားရသည်ဟု မြင်မက်လျှင် သတင်းကောင်း ကြားရအံ့။ ၈-၁-၅
၁၁၀၉။ အုန်းမှုတ်ခွက်ကို မြင်မက်လျှင် ဆင်းရဲဒုက္ခရောက်အံ့။ ၈-၁-၅
၁၁၁၀။ အူကို ထုတ်၍ ရွာကိုပတ်ရသည်ဟု မြင်မက်လျှင် ခေါင်းဆောင်ကြီး ဖြစ်အံ့။ ၈-၅-၇
၁၁၁၁။ အူကို ချက်စားရသည်ဟု မြင်မက်လျှင် လာဘ်ရအံ့။ ၈-၅-၅
၁၁၁၂။ အုတ်ခဲကို မြင်မက်လျှင် အမှုအခင်းဖြစ်အံ့။ ၈-၅-၅
၁၁၁၃။ အုတ်ပုံကို မြင်မက်လျှင် အိုးသစ်အိမ်သစ်ရအံ့။ ၈-၁-၅
၁၁၁၄။ အုတ်ပုံပြိုကျသည်ဟု မြင်မက်လျှင် အခက်အခဲနှင့် ကြုံတွေ့ရအံ့။ ၈-၁-၁
၁၁၁၅။ အုတ်လမ်းခင်းသည်ဟု မြင်မက်လျှင် အလုပ်အကိုင်များ အောင်မြင်အံ့။ ၈-၆-၅
၁၁၁၆။ အိတ်ကို မြင်မက်လျှင် စီးပွားဖြစ်အံ့။ ၈-၅-၁
၁၁၁၇။ အိတ်ထဲတွင် ငွေများရှိနေသည်ဟု မြင်မက်လျှင် လာဘ်ကြီးဝင်အံ့။ ၈-၇-၇
၁၁၁၈။ အခြေအရံများပေါများသည်ဟု မြင်မက်လျှင် လာဘ်ကြီးဝင်အံ်။ ၈-၅-၈
၁၁၁၉။ အုန်းပင်မှ အုန်းသီးပြုတ်ကျသည်ဟု မြင်မက်လျှင် နေအိမ်မှပြောင်းရွှေ့ ရအံ့။ ၈-၁-၁
၁၁၂၀။ အိမ်သာကို မြင်မက်လျှင် လာဘ်ကြီးဝင်အံ့။ ၈-၂-၅
၁၁၂၁။ အိမ်ရှေ့တွင် မဏ္ဍပ်ထိုးထားသည်ဟု မြင်မက်လျှင် အလှူကြီးပေးရအံ့။ ၈-၃-၇



www.burmeseclassic.com

www.burmeseclassic.com



အောင်မြတ်ဦး

၁၁၂၂။ အိမ်စောက်ထိုးဖြစ်နေသည်ဟု မြင်မက်လျှင် စီးပွားရေး ပျက်စီးအံ့။ ၈-၆-၇

၁၁၂၃။ အိမ်ခေါင်မိုးပေါ်မှ အိမ်မြှောင်စုတ်ထိုးနေသည်ဟု မြင်မက်လျှင် ထီပေါက်အံ့။ ၈-၆-၇

၁၁၂၄။ အိမ်ခေါင်းရင်းတွင် အိမ်မြှောင်များစုတ်ထိုးနေသည်ကို မြင်မက်လျှင် လာဘ်ကြီးဝင်အံ့။ ၈-၅-၆

၁၁၂၅။ အိမ်ခေါင်မိုးလန်နေသည်ကို မြင်မက်လျှင် အကြံအစည်များပျက်ပြားအံ့။ ၈-၅-၁

၁၁၂၆။ အပ်ကို မြင်မက်လျှင် ထိရောက်သောလုပ်ငန်းများကို လုပ်ကိုင်ရအံ့။ ၈-၁-၁

၁၁၂၇။ အပ်ချည်လုံးကို မြင်မက်လျှင် ပြဿနာများကို ရှင်းရအံ့။ ၈-၅-၆

၁၁၂၈။ အိပ်ခန်းကို မြင်မက်လျှင် ကျန်းမာရေးညံ့အံ့။ ၈-၅-၅

၁၁၂၉။ အန် (ကြွေအံ) ကစား၍နိုင်သည်ဟု မြင်မက်လျှင် ရွှေကြေးအကုန်အကျများအံ့။ ၈-၅-၆

၁၁၃၀။ အန် (ကြွေအံ) ကစား၍ ရှုံးသည်ဟု မြင်မက်လျှင် စီးပွားတိုးတက်အံ့။ ၈-၅-၆

## 'ဥ'အက္ခရာ အိပ်မက်အဟောနှင့် အတိတ်နိမိတ်ကောက် အကျိုးပေးဂဏန်းများ၊

၁၁၃၁။ ဥဗျိုင်းကို မြင်မက်လျှင် ရာထူးတိုးအံ့။ ၈-၁-၅

၁၁၃၂။ ဥဗျိုင်းသေနေသည်ကို မြင်မက်လျှင် မိမိ၏အကြီးအကဲဖြစ်သူ သေကြေပျက်စီးအံ့။ ၈-၁-၂

၁၁၃၃။ ဥဗျိုင်းများ မိမိကိုဝိုင်းရံနေသည်ဟု မြင်မက်လျှင် အကြီးအကဲ ဖြစ်အံ့။ ၈-၁-၁

၁၁၃၄။ ဥယျာဉ်ကို မြင်မက်လျှင် လာဘ်ရအံ့။ ၈-၆-၅





၁၁၃၅။ ဥယျာဉ်တွင် မီးတောက်နေသည်ဟု မြင်မက်လျှင် စီးပွားရေး ယုတ်လျော့အံ့။ ၈-၆-၇

၁၁၃၆။ ဥစားရသည်ကို မြင်မက်လျှင် အလုပ်အကိုင်များ အဆင်ပြေအံ့။ ၈-၅-၆

၁၁၃၇။ ဥမျိုးစုံကို တထိုင်တည်းနှင့်စားရသည်ဟု မြင်မက်လျှင် အောင်မြင်အံ့။ ၈-၁-၆

၁၁၃၈။ ဥဒေါင်းတွန်သံ ကြားရသည်ဟု မြင်မက်လျှင် အဝေးအရပ်မှ သတင်းကောင်းကို ကြားရအံ့။ ၈-၇-၇

၁၁၃၉။ ဥသျှစ်ပင်ကို မြင်မက်လျှင် ပစ္စည်းဥစ္စာပေါများအံ့။ ၈-၂-၁

၁၁၄၀။ ဥသျှစ်သီးကို ခွဲ၍စားရသည်ဟု မြင်မက်လျှင် ချမ်းသာအံ့။ ၈-၂-၂

၁၁၄၁။ ဥသျှစ်သီးဖျော်ရည်ကို သောက်သုံးရသည်ဟု မြင်မက်လျှင် အကြံများ အောင်မြင်အံ့။ ၈-၂-၁

၁၁၄၂။ ဦးနှောက်ပျက်သွားသည်ဟု မြင်မက်လျှင် အကြံကောင်းများ ပေါ်ထွက်အံ့။ ၈-၇-၁

၁၁၄၃။ ဦးခေါင်းပြတ်သည်ဟု မြင်မက်လျှင် သေကြေပျက်စီးအံ့။ ၈-၅-၁

၁၁၄၄။ ဦးခေါင်းကွဲသွားသည်ဟု မြင်မက်လျှင် ကံအလွန်ဆိုးအံ့။ ၈-၅-၅

၁၁၄၅။ ဦးခေါင်းကို ရိတ်ရသည်ဟု မြင်မက်လျှင် စိတ်ချမ်းသာအံ့။ ၈-၇-၅

၁၁၄၆။ ဦးထုပ်ဆောင်းရသည်ဟု မြင်မက်လျှင် စိတ်ချမ်းသာအံ့။ ၈-၇-၅

၁၁၄၇။ ဦးချိုရှိသော သတ္တဝါ၏ ရန်ပြုခြင်း ခံရသည်ဟု မြင်မက်လျှင် ဒုက္ခကြီးစွာ တွေ့ရအံ့။ (၈-၅-၆)

၁၁၄၈။ ဦးဦးဖျားဖျား စားသောက်ရသည်ဟု မြင်မက်လျှင် အကြီးအကဲ ဦးဆောင်သူဖြစ်အံ့။ (၈-၈-၁)

၁၁၄၉။ ဦးစားပေးခံရသည်ဟု အိပ်မက်မြင်မက်လျှင် လူတကာ၏ အရေးပေးခြင်းကို ခံရအံ့။ (၈-၆-၁)

၁၁၅၀။ ဦးနှောက်ကို စားရသည်ဟု မြင်မက်လျှင် အသိဉာဏ်ပညာ တိုးပွားအံ့။ (၈-၇-၅)



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း ၃
# ဂျစ်ပစီအိပ်မက်နိမိတ်
# သို့မဟုတ်
# အဓိပ္ပာယ်ရှိသော အိပ်မက်နိမိတ်များ



www.burmeseclassic.com

www.burmeseclassic.com



## ၁၆- အိပ်မက်ပုံစံနှင့် အယူအဆများ

အိပ်မက်မက်ခြင်းနှင့်ပတ်သက်၍ ဂျွန်အဲလီယော့, ဆစ်ဂမန်ဖရိုက်စ်, ဒယ်နီယယ်စတက်ချ် စသော စိတ်ပညာပုဂ္ဂိုလ်ကျော်များ၏ အတွေးလေ့လာချက် အပေါ်မှီတင်သည့် အခြေခံမှုများပါရှိနေသော်လည်း ၄င်းတို့၏တွေးခေါ် မြော်မြင်မှုများမှာ သိပ္ပံနည်းစနစ်၏လက်အောက်ခံမျှသာဖြစ်သည် ဟုဆို၏။

အချို့သောအချက်များက ခြားနားနေကြောင်း တွေ့ရ၏။ ရီယယ်က ‘ကျွန်ုပ်လေ့လာရသည့်အိပ်မက်များအနက် ယခုဖော်ပြမည့် အိပ်မက်များသည် ရုပ်ပိုင်းဆိုင်ရာတွက်ချက်ဖော်ပြမှုမှ ကင်းလွတ်လျက်ရှိပြီး အကြောင်းအကျိုး ဆက်စပ်မှုရှိခြင်းထက် အဖန်တလဲလဲတိုက်ဆိုင်ခြင်းကို အခြေခံသည်’ ဟု ဖော်ပြထား၏။

စိတ်ပညာရှင် ဂျွန်အဲလီယော့သည် ‘အိပ်မက်နှင့်ပတ်သက်၍ လူ၏ စိတ်တန်ခိုး သတ္တိထူးများရှိခြင်းကို ကျွန်ုပ်တို့လက်ခံနိုင်လျှင်၊ အိပ်မက်သည်လည်း တစ်ခါတစ်ရံ ကြိုတင်မြင်နိုင်စွမ်းသောသတ္တိ ရှိနိုင်သည်’ ဟုဆိုခဲ့၏။

သို့သော် လူတို့ကမူ လူတို့မက်သမျှ အိပ်မက်တိုင်းသည် အနာဂတ်ကို ကြိုတင်ဟောနိုင်စွမ်း မရှိဟု မှတ်ယူကြ၏။

လောကဓာတ်သိပ္ပံပညာရှင်များ စူးစိုက်ခြင်းပြုခဲ့သည့် အိပ်မက်များသည် ယေဘုယျအားဖြင့် ဦးနှောက်ကလာပ်စည်းတို့၏ လက်ခံကျင့်သုံးမှု, တုံ့ပြန်မှု အပေါ်တွင် အခြေခံနေ၏။ ထို့ကြောင့် မက်သောအိပ်မက်တိုင်းသည် အမှတ်အသား နှင့် ပုံစံ ခွဲခြားလျက်ရှိသော အဓိပ္ပာယ် သက်ဝင်နေ၏။

အတိတ်မှ ကြုံကြိုက်မှုများနှင့် စိတ်အသွင် ထင်ဟပ်မှုများသာလျှင် ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

သိပ္ပံပညာရှင်များ၏ လေ့လာမှုအဆိုအရမှ 'အိပ်မက် ဘာကြောင့်မက်ရသလဲ' ဆိုသော အခြေခံပေါ်တွင် အခြေတည်နေ၏။ အချို့က အိပ်မက်ဟူသည် အသိစိတ်၏ စဉ်းစားမှုတစ်မျိုး သို့မဟုတ် လူက စဉ်းစားခြင်း, စိတ်ကူးယဉ်ခြင်း ဟုဆို၏။

ဆစ်ဂမန်ဖရိုက်အမှူးပြုသည့် ပညာရှင်များ၏ ယူဆပုံနည်းစနစ်အရ အိပ်မက်ကို အဓိပ္ပာယ်ဖော်ရာတွင် အောင်ပါအတိုင်း သတ်မှတ်ကြသည်ကို တွေ့ရ၏။

| အိပ်မက်ပုံစံ | အယူအဆ |
|---|---|
| ၁- သူနာပြုဆရာမ, ဘုရင်မ, | - မိခင်မေတ္တာ |
| အမယ်အို, ဆရာ | - မိန်းမသြဇာအာဏာ |
| ၂- ပုလိပ်, ဆရာဝန်, အကြီးအကဲ | - ဖခင် |
| ၃- သမုဒ္ဒရာ, ရေကန်, ရေအိုင် နွားနို့, နွားမများ | - မိခင် |
| ၄- အိမ်, အဆောက်အဦး | - မိန်းမ |
| ၅- ဘုန်းကြီးကျောင်း, သီလရှင်, အဖြူရောင် | - သန့်ရှင်းစင်ကြယ်ခြင်း |
| ၆- မြွေ, လက်ရိုက်, အကောင်, ဓား, သေနတ်, ဒုတ်ချောင်း, တိုင် | - ယောကျ်ားလိင် |
| ၇- ပူ, သရေအိတ်, လက်စွပ်, ပွင့်နေသောတံခါး, ပြတင်းပေါက် | - မိန်းမလိင် |
| ၈- ရိုင်းစိုင်းသောတိရစ္ဆာန်များ | - သေခြင်းကိုကြောက်ခြင်း |
| ၉- အစားအစာ | - ပျော်ရွှင်ခြင်း, ဘေးကင်းခြင်း |
| ၁၀- ပေါက်ကွဲခြင်းများ | - ရှက်ခြင်းကို ကြောက်မှု |
| ၁၁- မီး, တောက်ပြောင်သောအရောင် | - ပြင်းထန်စွာစိတ်လှုပ်ရှားခြင်း |





| | |
|---|---|
| ၁၂-မီးရထား, သင်္ဘောဖြင့် ခရီးသွားခြင်း | - တစ်စုံတစ်ယောက်၏ ဘဝလမ်းညွှန် |
| ၁၃- အမြင့်တက်ခြင်း | - ကြီးပွားလိုသောဆန္ဒ, ယောကျ်ား, သတ္တိရှိခြင်း |
| ၁၄- အနိမ့်ဆင်းခြင်း | - ဆုံးရှုံးခြင်း, စိတ်ဓာတ်ပျက်ပြားခြင်း |
| ၁၅- မိမိကိုယ်ကို နတ်ထင်သည်၊ သွားကျွတ်ထွက်သည် | - မိမိအားပျက်စီးစေသည့်စိတ် |
| ၁၆- လှပသောပန်းပွင့်များ | - စိတ်ကူးယဉ်အချစ် |
| ၁၇- ငွေကြေး | - အချစ်ကိစ္စ |
| ၁၈- လက်ထိပ်, စည်းနှောင်ချုပ်တည်းခြင်း | - ကိုယ်မှုကိုယ်ကျင့် ကောင်း, မကောင်းသိသော, အင်အားကြီးသောစိတ် |
| ၁၉- ကားယာဉ်စီးသည်။ မောင်းနှင်ရခြင်း | - အသိဉာဏ်ပြည့်ဝခြင်း |

ဖော်ပြပါအိပ်မက်ပုံစံနှင့် အယူအဆများအရ အိပ်မက်များအား ကောက်ချက်ချရာတွင် သတိပြုဖို့လိုသည်။


www.burmeseclassic.com

www.burmeseclassic.com

## ၁၇- အိပ်မက်နှင့် အိပ်မက်အမျိုးအစား

အိပ်မက်ကို လူတိုင်း မက်ဖူးကြ၏။ သို့သော် မက်သည့်အိပ်မက်တိုင်းသည် အဓိပ္ပာယ်ရှိမည် မဟုတ်သကဲ့သို့ အနာဂတ်ကို ကြိုတင်တွက်ဆနိုင်သည့် နိမိတ် မပါသည်ကို သတိထားရမည်။

အိပ်မက်မက်သူတိုင်းသည် အိပ်မက်ပုံသဏ္ဍာန်နှင့် အမျိုးအစားကို ခွဲခြားနားလည်ဖို့ လိုသည်။

အိပ်မက်တွင် အမျိုးအစားများစွာရှိသလို အဓိပ္ပာယ်ရှိသော၊ ဝိညာဉ်နှင့် သက်ဆိုင်သော အိပ်မက်များအား ခွဲခြားနိမိတ်ကောက်နိုင်ဖို့ လိုသည်။

အနာဂတ်ကိုသတိပေးသည့် အိပ်မက်သည် ရိုးရိုးမက်စဉ် အိပ်မက်နှင့် နှိုင်းစာလျှင် မြင်မက်ခဲသည့်အိပ်မက် ဖြစ်၏။

အစာမကြေညက်လျှင် အိပ်မက်ဆိုး (ထမင်းလုံးတစ္ဆေ) အိပ်မက်မျိုးကို ဦးနှောက်သဘာဝအရ မြင်မက်တတ်၏။

ခေါင်းမြီးခြုံအိပ်သူသည် စောင်ပိ၍မွန်းခြင်း၊ ခေါင်းအုံးပေါ်တွင် မှောက်လျက်အိပ်ခြင်းတို့ကြောင့် ထိတ်လန့်ဖွယ်အိပ်မက်တို့ကို မက်တတ်၏။ ထိုအိပ်မက်များအား အဓိပ္ပာယ်ကောက်ယူနေလျှင်မူ မိုက်မဲရာကျပေလိမ့်မည်။

### အိပ်မက်မြင်မက်ခြင်းနှင့် အချိန်ကာလ

အဓိပ္ပာယ် ကောက်ယူရရှိနိုင်သည့်အိပ်မက်၊ ကြိုတင်အသိပေးသော အိပ်မက်မျိုးသည် ညဦးပိုင်းတွင် မြင်မက်ခဲ၏။ ဝိညာဉ်နှင့်ဆိုင်သော အဓိပ္ပာယ်ရှိသည့် အိပ်မက်မျိုးအား ညဉ့်နက်ပိုင်းနှင့် မိုးလင်းပိုင်းအချိန်တွင်သာ မြင်မက်နိုင်သည်ကို သတိချပ်ရမည်။





ဤကဲ့သို့ပင် အိပ်မက်မြင်မက်သူ၏ ပကတိအခြေအနေသည်လည်း အရေးကြီးသည်ကို သိထားဖို့လိုသည်။ အိပ်မက်မြင်မက်သူသည် အရက်သေစာကို လွန်စွာ စွဲစွဲလန်းလန်းသောက်သုံးသူဖြစ်ခြင်း၊ ဆေးလိပ်၊ အရက်၊ မူးယစ်စေတတ်သော အရာများအား ကြာရှည်လေးမြင့်စွာ သောက်စားခဲ့ဖူးခြင်း စသည့်သူတို့သည် အဓိပ္ပာယ်ရှိသောအိပ်မက်မျိုးအား ခံယူနိုင်သည့်အခြေအနေ မရှိချေ။

အိပ်မက်နှင့်ပတ်သက်၍ လေ့လာလျှင် အိပ်မက်နှင့်ပတ်သက်၍ မိန်းမများသည် ယောကျ်ားများထက် အိပ်မက်အာရုံကို ခံယူနိုင်စွမ်းရှိသကဲ့သို့၊ မိန်းမများသည် ယောကျ်ားများအား နိမိတ်ဖတ်နိုင်သည့်အိပ်မက်များ မြင်မက်နိုင်သည်ကို သတိချပ်ရမည်ဖြစ်သည်။

### အိပ်မက်သည် ဆန့်ကျင်သည့်အဓိပ္ပာယ်ကို ဆောင်သလော

အချို့က အိပ်မက်နိမိတ်ကောက်ယူရာ၌ အဖြေသည် အိပ်မက်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည် ဟု အဆိုရှိ၏။ ဥပမာ ဝမ်းသာစရာအိပ်မက်မက်လျှင် ဝမ်းနည်းစရာကြုံမည်။ သေခြင်းမက်လျှင် ကျန်းမာမည်။

ယေဘုယျအားဖြင့် ထိုသို့မဟုတ်ချေ။ ပုံသေမဟုတ်သကဲ့သို့ အိပ်မက်တိုင်း တစ်မျိုးတစ်စားတည်းမဟုတ်သည်ကို သတိချပ်ရမည်။

### တစ်ပိုင်းတစ်စအိပ်မက်

အိပ်မက်မက်သူတိုင်းသည် အိပ်မက်အပြည့် မက်မည်မဟုတ်။ တချို့က တစ်ပိုင်းတစ်စနှင့် အိပ်ရာမှ လန့်နိုးကြ၏။ ထိုသို့ဖြစ်ခြင်းအဓိပ္ပာယ်သည် သင်၏ အိပ်မက်နှင့်ပတ်သက်သည့် လိုအင်ဆန္ဒသည် စိတ်ပျက်စရာအခြေအနေနှင့် ပြီးလိမ့်မည် ဖြစ်သတည်း။



www.burmeseclassic.com

www.burmeseclassic.com

**အိပ်ရာအနေအထား**

အဓိပ္ပာယ်ကောက်ယူရာ၌ အမှန်ကန်ဆုံးတွေ့ရသည့် အိပ်မက်များအား မြင်မက်ရာတွင် မြင်မက်သူ၏ အိပ်ရာအနေအထားသည် ခေါင်းရင်းပိုင်းက မြောက်အရပ်သို့ ဦးတည်နေလေ့ရှိပေမည်။

ကျွန်ုပ်တို့၏ခန္ဓာကိုယ်အတွင်း၌ရှိသော လှုပ်ရှားလည်ပတ်နေသည့် သွေးများထဲ၌ သံဓာတ် ပါရှိနေသည်။ ထို့ပြင် လူခန္ဓာကိုယ်၌ဖြစ်ပေါ်နေသော လျှပ်စစ်ဓာတ်သည်လည်း ဦးနှောက်ရှိအခန်းငယ်များအား လှုပ်နှိုးစေမည်။

သို့ဖြစ်လေရာ ဝင်ရိုးစွန်း ၂ ဘက်ရှိ သံလိုက်ဓာတ် ဆွဲငင်မှုသည် ကျွန်ုပ်တို့အိပ်ပျော်နေစဉ် ကျွန်ုပ်တို့ ဦးနှောက်ကလာပ်စည်းများ အနည်းငယ် ငြိမ်သက်နားနေမည် ဖြစ်သတည်း။





## ၁၈- အဓိပ္ပာယ်ရှိသောအိပ်မက်နှင့် နိမိတ်အဖွင့်

### က

**ကခုန်သည်။** ။ ကောင်းသောအိပ်မက်တစ်ခု ဖြစ်သည်။

တစ်ဦးတည်း ကနေသည်ကို မြင်မက်က ငွေကြေးကိစ္စ အောင်မြင်မည်။

အများ ကခုန်နေပါက အချစ်ရေးကိစ္စ အောင်မြင်မည်။

မိမိကိုယ်တိုင် ကနေပါက ရာထူးဂုဏ်ထူး တိုးတက်မည်။

**ကစားပွဲ။** ။ ကစားနေသည်ကို ကြည့်ရသည် ဖြစ်စေ၊ ကိုယ်တိုင် ကစားနေသည်ဖြစ်စေ အဓိပ္ပာယ်သည် ကစားပွဲအပေါ်၌ မူတည်၏။ အောင်မြင်သည်ဆိုလျှင် ငွေကြေး အဆင်ပြေမည်။ အလုပ်အကိုင် အဆင်ပြေမည်။ ရှုံးနိမ့်လျှင် သတင်းဆိုး ကြားရမည်။ ကစားပွဲသည် ဖဲချပ်များဖြစ်လျှင် မကောင်းချေ။ ခိုက်ရန်ဖြစ်ပွားမည်။

**ကမ္ဘာလုံး။** ။ ကမ္ဘာလုံး သို့မဟုတ် ဂြိုလ်တစ်ခုခုကဲ့သို့ မြင်မက်သည့် အိပ်မက်သည် ကောင်း၏။ အထူးသဖြင့် သင့်လုပ်ငန်းသည် ခရီးသွားလာမှုနှင့်ပတ်သက်နေပါက ငွေကြေးများစွာ ဝင်လိမ့်မည်။

**ကြယ်။** ။ ကောင်းကင်၌ ကြယ်တို့တောက်ပနေသည်ဟု မြင်မက်လျှင် ငွေကြေးအတွက် ကံကောင်းမည်။ အကြံအစည်, အလုပ်အကိုင်တို့ အောင်မြင်မည်။


www.burmeseclassic.com

www.burmeseclassic.com


ကြယ်တို့ မှေးမှိန်နေမည်ဆိုလျှင် သင့်အား လိမ်လည်လှည့်စားသူတို့ ရှိနေမည်။

ကြယ်ပွင့် တဖြည်းဖြည်း လင်းလာပါက ဆွေမျိုးသားချင်း ရင်းနှီးသူတို့အထဲမှ တစ်ဦးဦးနှင့် ပတ်သက်၍ ဝမ်းသာစရာ သတင်း ကြားရမည်။

ကြက်တူရွေး။ ။ စကားပြောသည့်ကြက်တူရွေးကို မြင်မက်လျှင် ကံကောင်းမည်။ အသိမိတ်ဆွေတို့၏ ကူညီရိုင်းပင်းမှုကြောင့် ငွေကြေးကိစ္စ, အလုပ်အကိုင်ကိစ္စ အောင်မြင်မည်။

လှောင်ချိုင့်တွင်းမှ ကြက်တူရွေးကိုတွေ့လျှင် မိတ်ဆွေတု မိတ်ဆွေယောင်များကြောင့် စိတ်ဆင်းရဲမည်။ အကူအညီများသဖြင့် ဒုက္ခရောက်မည်။

ကျိုးကန်း။ ။ သတိပေးသည့်အိပ်မက် ဖြစ်သည်။ ဒုက္ခနိမိတ်။

ပျံသန်းသွားသည်ကိုတွေ့လျှင် ဒုက္ခကြုံသော်လည်း လွတ်မြောက်မည်။

ပျံသန်းရာမှ ရောက်လာသည်ကိုတွေ့လျှင် ဒုက္ခရောက်နိုင်သည်။ သတိထားပါ။

ကြာပွင့်။ ။ ကောင်းသောအမှတ်အသားပင်။

ကြာပွင့် ကြီးမားခြင်း, လန်းဆန်းခြင်းကို တွေ့ပါက ဝမ်းသာ ပျော်ရွှင်ဖွယ်အဖြစ်အပျက်ကို ရက်ပိုင်းအတွင်း ကြုံရမည်။ ကြာပန်းကို ကိုင်တွယ်ရသည်ဟု မြင်မက်လျှင် ချစ်သူ၏ ကူညီခြင်း ခံရမည်။

ကယ်ဆယ်သည်။ ။ အန္တရာယ်မှ ကယ်တင်ခံရသည်ဟု မြင်မက်လျှင် အချစ်ရေးနှင့်ပတ်သက်၍ ကံကောင်းခြင်း, ပျော်ရွှင်ခြင်းကို ဖော်ပြသည်။အခြားသူတစ်ဦးဦးအား ကယ်ဆယ်ရသည်ဟု မြင်မက်လျှင် ချစ်သူနှင့် စကားများမည်၊ စွပ်စွဲခံရမည်။





ကျရှုံးသည်။ ။ အချစ်ကိစ္စ, အလုပ်အကိုင်ကိစ္စ, စာမေးပွဲကိစ္စများတွင် ကျရှုံးသည်ဟု မြင်မက်လျှင် အရာရာတွင် ကံကောင်းလိမ့်မည်။

ကော်ဇော။ ။ အလွန်ကံကောင်းသည့် အိပ်မက်ဖြစ်သည်။ ငွေကြေး, အချစ်ရေးကိစ္စများ၌ ထူးခြားစွာ အောင်မြင်မည်။

ကော်ဇောတွင် ထိုင်နေသည်ဟုမြင်မက်လျှင် ငွေကြေးနှင့် အချစ်သစ်များ ဖန်တီးလာမည်။

ကုတ်အင်္ကျီ။ ။ ကုတ်အင်္ကျီသည် သေသပ်ကျနန၍ အသစ်ဖြစ်နေမည်ဆိုက ချစ်ခင်သူက ဖွင့်ဟလိမ့်မည်။

ဟောင်းနွမ်းစုတ်ပြဲနေက ငွေကြေးနှင့် ခက်ခဲမှု ရင်ဆိုင်ရမည်။

ကုတ်အင်္ကျီ ဝတ်ဆင်ရသည်ဟုမြင်မက်လျှင် ပြဿနာ အခက်အခဲတစ်ခုနှင့် ရင်ဆိုင်ရမည်။

ကတ္တရာ။ ။ ခိုက်ရန်ဒေါသ၏အထိမ်းအမှတ် ဖြစ်သည်။ အထူးသဖြင့် ခင်မင်သူများ, ရင်းနှီးသူများနှင့် ငြင်းခုံမှုဖြစ်မည်။

ကြည့်မှန်။ ။ မှန်ရှေ့တွင်ရပ်လျက် သင့်ကိုယ်သင် ကြည့်နေရသည်ဟု မြင်မက်လျှင် ရင်းနှီးသူ၏အထင်လွဲခြင်း ခံရမည်။

ငှင်းမှန် မှုန်နေလျှင် အရှုပ်အရှင်းကိစ္စ ဖြေရှင်းရမည်။

ကြောက်ရွံ့သည်။ ။ မည်သည့်အတွက်ကြောင့် ကြောက်ရွံ့သည်ကိုမသိရဘဲ သင့်အိပ်မက်တွင်း၌ ကြောက်ရွံ့နေလျှင် သင့်အတွက် စိုးရိမ်မကင်းကိစ္စများ ဖြေရှင်းရမည်။

ကွာရှင်းသည်။ ။ လင်မယားများအဖို့ ကွာရှင်းရသည်ဟု အိပ်မက် မြင်မက်လျှင် ကောင်းသောအိပ်မက်တစ်ခု ဟုဆိုရမည်။ ဇနီးသည်၏ သစ္စာရှိ, တည်ကြည်မှုကို ဖော်ပြခြင်းဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com



အောင်မြတ်ဦး

ကောင်းကင်။ ။ သင့်အိပ်မက်၌ ကောင်းကင်ကိုမြင်ပြီး ကြည်လင်နေလျှင် ကောင်းသောအိပ်မက် ဖြစ်သည်။ ခရီးသွားခြင်းဖြင့် ငွေကြေး ဝင်မည်။

မိုးသားပြည့်နေလျှင်, မှောင်နေလျှင် ဒုက္ခတစ်ခုနှင့် ရင်ဆိုင်ရမည်။

ကွင်းကျယ်။ ။ အိပ်မက်တွင် ကွင်းကျယ်ကိုမြင်ရပါက လွတ်လပ်မှုကို ရမည်။ စိတ်လက်ပေါ့ပါးပြီး စိတ်ချမ်းသာမည်။

ကွင်းကျယ်ကြီးကိုဖြတ်ရသည်ဆိုလျှင် ရည်မှန်းချက်အား ခက်ခဲပင်ပန်းစွာ ရင်ဆိုင်ရပြီး နှောင့်နှေးမည်။

ကွင်းတွင် မြက်ပင်မရှိက ပင်ပန်းမှု ကြာရှည်မည်။ စိမ်းလန်းမှု ရှိက ချမ်းသာသုခ ရမည်။

ကြယ်သီး။ ။ အင်္ကျီကြယ်သီးများ တပ်ဆင်နေရသည်ဟု မြင်မက်က ကောင်းသည်။ အလုပ် အဆင်ပြေချောမောမည်။

ကြယ်သီးဖြုတ်နေသည်ဟု မြင်မက်လျှင် မကောင်းချေ။ အလုပ်အကိုင် လွဲချော်တတ်သည်။ စိတ်ပျက်စရာပြဿနာ ရင်ဆိုင်ရမည်။

ကြယ်သီးများ ကွဲနေသည်ကို မြင်မက်လျှင် ရန်သူတွေ့မည်။

ကိတ်မုန့်။ ။ သင် ကိတ်မုန့်ဖုတ်ရန် ပြင်ဆင်နေမည်၊ ကိတ်မုန့်ဖုတ်နေသည်ဟု မြင်မက်လျှင် ကျန်းမာပျော်ရွှင်မှုအတွက် ကောင်းမွန်သည်။

ကိတ်မုန့် ဝယ်စားသည် မြင်မက်လျှင် ကောင်းမွန်၏။

ကန်သည်။ ။ အိပ်မက်၌ တစ်စုံတစ်ယောက်အား ကန်ကျောက်ရသည်ဟု မြင်မက်လျှင် တိုင်းခြားသားနှင့် အမှုအခင်း ဖြစ်မည်။

တိရစ္ဆာန် တစ်ကောင်ကောင်အား ကန်ကျောက်ရသည်ဟု မြင်မက်လျှင် အိမ်တွင် ရန်တွေ့မည်။





တစ်ဦးတစ်ယောက်အား ကန်ကျောက်ရသည်ဟု အိပ်မက် မြင်မက်လျှင် ငွေဝင်မည်။ ပျောက်ဆုံးနေသောပစ္စည်း ပြန်ရမည်။

ကုတင်။ ။ ကုတင်ပေါ်၌ သင် အိပ်နေသည်ဟုမြင်မက်လျှင် ကျန်းမာရေး ကောင်းမွန်သည်ကို ပြဆိုသည်။

ကုတင်ပေါ်၌ ပင်ပန်းစွာ လဲလျောင်းနေသည်ဟု မြင်မက်လျှင် ကျန်းမာရေး ချို့တဲ့မည်။ သင် သို့မဟုတ် သင့်ချစ်သူ ကျန်းမာရေး ချို့တဲ့မည်။

## ခ

ခရာ။ ။ ခရာမှုတ်သည်ဟု မြင်မက်လျှင် ချစ်သူနှင့်ပတ်သက်သော ပျော်ရွှင်မှု ရမည်။ ပျော်ရွှင်ဖွယ်ကောင်းသည့် မိတ်ဆွေများနှင့် ပေါင်းသင်းသွားရမည်။

ခွေးဘီလူး။ ခွေးနက်ကြီး ။ သင် အိပ်မက်၌ ခွေးဘီလူး သို့မဟုတ် ခွေးနက်ကြီးကို မြင်မက်၍ သင်ကြောက်ရွံ့နေမည်ဆိုလျှင် သင့်အား အကောက်ကြံသူ ရှိနေမည်။

သင့်အား ကိုက်မည်, နောက်မှလိုက်လာမည်ဆိုလျှင် အရေးနိမ့် မည်။ လက်လျှော့ အရှုံးပေးရမည်။

ငှင်းနှင့် ရင်းနှီးမည်ဆိုလျှင် မိတ်ဆွေတို့ စောင့်ရှောက်ခြင်း ခံရမည်။

ခို။ ။ ခိုငှက်, ချိုးငှက် စသည်တို့ကို မြင်မက်ခြင်းသည် အချစ်ရေးအတွက် အောင်မြင်ခြင်းနိမိတ် ဖြစ်သည်။

အသေမြင်လျှင်မူ မကောင်းချေ။

ခွဲပစ်သည်။ ။ မည်သည့်အရာဝတ္ထုကိုမဆို ခွဲပစ်သည်, ဆုတ်ဖြဲပစ်သည် ဟုမြင်မက်လျှင် မကောင်းချေ။



www.burmeseclassic.com

www.burmeseclassic.com

ပန်းကန်၊ အိုးခွက် ကွဲသည်၊ ခွဲသည်ကိုမြင်လျှင် အချုပ်အနှောင်ခံရမည်။

နေအိမ် ပရိဘောဂရိုက်ချိုးသည်ကိုမြင်မက်လျှင် ကြီးစွာသော နာမကျန်းမှု ဖြစ်မည်။

တံခါးအကျိုးအပျက် ပြုပြင်ရသည်ဟု မြင်မက်လျှင် မီးနှင့်ပတ်သက်သည့်အန္တရာယ်ကို ဖော်ပြသည်။

မျက်မှန် အကျိုးအကွဲမြင်လျှင် အတွေ့တွေ့ကံဆိုးခြင်း ဖြစ်သည်။ မြေအိုး မြေခွက် ကွဲသည်ကိုမြင်မက်လျှင် အသေးစား အခိုးခံရမည်။

**ခုန်ကျော်သည်။** ။ ရှေ့မှကာထားသည့် အရာတစ်ခုခုအား ခုန်ကျော်သွားသည်ဟု မြင်မက်လျှင် ကောင်း၏။ စိတ်ညစ်စရာ ပြေပျောက်ပြီး အကြံအစည် အောင်မည်။

တစ်စုံတစ်ယောက် ခုန်ကျော်နေသည်ကိုမြင်မက်လျှင် သားသမီးအတွက် စိတ်ညစ်ရမည်။

**ခေါင်းလောင်း။** ။ သာယာနာပျော်ဖွယ်ကောင်းသော ခေါင်းလောင်းသံကို ကြားရခြင်းသည် မိမိချစ်သူနှင့် ထိမ်းမြားခြင်းအတွက် ကောင်းသောအထိမ်းအမှတ် ဖြစ်သည်။

ခေါင်းလောင်းကို တစ်ဦးဦးတီးခတ်သည်ဟု မြင်မက်လျှင် အကြံအစည်မှန်သမျှ အောင်မြင်မည်။

သင်ကိုယ်တိုင်ခေါင်းလောင်းထိုးရလျှင် ချစ်သူ ပေါ်မည်။

ခေါင်းလောင်းသည် တီးသော်လည်း မမြည်ဘဲနေလျှင် အချစ်ရေးအတွက် ကြေကွဲဝမ်းနည်းဖွယ် ကြုံမည်။

**ခြေထောက်။** ။ သင့်ခြေထောက်တွင် ရွှံ့များ၊ အညစ်အကြေးများ ပေကျံနေသည်ကိုမြင်မက်လျှင် သင့်အားအကူအညီပေးမည့် မိတ်ဆွေ ရောက်လာမည်။





သင့်ခြေထောက်တွင် အနာပေါက်နေသည်ဟုမြင်မက်လျှင် သင့်ထက် ငယ်ရွယ်သူ၊ နိမ့်ကျသူ ချစ်ရေးဆိုခြင်း ခံရမည်။

သင့်ခြေထောက် ဆေးကြောနေသည်ကိုမြင်မက်လျှင်မူ လုပ်ငန်းသစ်တစ်ခု ပြောင်းလဲလုပ်ရမည်။

**ခြစည်းရိုး။** ။ ခြံစည်းရိုးအမြင့်ကြီးကို ခုန်ကျော်ရသည်ဟု မြင်မက်လျှင် ကောင်းသောအိပ်မက် ဖြစ်သည်။ ဘဝတွင်တွေ့ကြုံမည့် အောင်မြင်မှုအမှတ်အသားပင်။

**ခေါင်းတလား။** ။ အသုဘခေါင်းတလားမြင်မက်ခြင်းသည် အလွန်ဆိုးဝါးသည့်အဓိပ္ပာယ် ဆောင်၏။ အိပ်မက်မြင်မက်သူအား ထူးထူးခြားခြားပေးခြင်း ဖြစ်၏။ အန္တရာယ်ဘေးဆိုး ကျရောက်မည်ကို သတိပေးခြင်း ဖြစ်၏။

ခေါင်းထဲ၌ အမည်မသိသူအားတွေ့ရလျှင် အိပ်မက်မက်သူ၏အနီးအပါးတွင် ဘေးအန္တရာယ် ကျရောက်လိမ့်မည်။ ခေါင်းတလားကိုချည်းမြင်ရလျှင် အန္တရာယ်သေးငယ်ပြီး အတန်ကြာမှ ကျရောက်မည်။

ခေါင်းထဲ၌ ကိုယ်တိုင်ရှိနေလျှင်မူ မမျှော်လင့်ဘဲ ငွေကြေးရမည်။ လောင်းကစား အကျိုးပေးမည်။

**ချောက်ကမ်းပါး။** ။ အလွန်တရာနက်ရှိုင်းသည့် ချောက်ကမ်းပါး၌ ရပ်နေသည်ကိုမြင်မက်လျှင် မကောင်းသောအပေါင်းအသင်းကြောင့် ဒုက္ခရောက်နိုင်သည်။

ချောက်ကမ်းပါးအောက်သို့ ငုံ့ကြည့်နေသည်ဟုမြင်မက်လျှင် သင်၏ဆုံးဖြတ်ချက် မှားယွင်းမှုကြောင့် ဒုက္ခကြုံရမည်။


www.burmeseclassic.com

www.burmeseclassic.com

ဂ

ဂူလိုဏ်။ ။ သင် ဂူတွင်းသို့ ရောက်ရှိနေသည်ဟုမြင်မက်လျှင် ချစ်သူ စွန့်ပစ်ခြင်း ခံရမည်။

ဂီတ။ ။ ဂီတနှင့်ပတ်သက်၍ မြင်မက်ခြင်း၊ တီးမှုတ်ရခြင်း၊ တွေ့ရခြင်းသည် ကောင်းမွန်သည့်အမှတ်အသားဖြစ်၏။ အချစ်ရေးတွင် ကံကောင်း အောင်မြင်မည်။ ချစ်သူ၏အရေးပေးခြင်း ခံရမည်။

င

ငါး။ ။ ရေထဲ၌ ငါးများကူးခတ်နေသည်ဟု မြင်မက်လျှင် အလွန်ကောင်းသည့်နိမိတ် ဖြစ်သည်။ မည်သည့် အလုပ်ကိစ္စမဆို ချောမောပြေပြစ်မည်။ ခက်ခဲသောကိစ္စမှန်သမျှ အောင်မြင်မည်။

သင် ငါးဟင်းစားရသည်ဟု မြင်မက်လျှင် အစိုးရအမှုထမ်းဆောင်ရမည်။

ငါးမျှားခြင်း။ ငါးဖမ်းခြင်း ။ ငါးမျှားနေသည်၊ ငါးဖမ်းနေသည်ဟု မြင်မက်လျှင် ငွေကြေးအတွက် နိုက်ရန့်ဒေါသ ဖြစ်မည်။ မိမိပစ္စည်းများ အလိမ်ခံရ၍ ဆုံးရှုံးပျက်စီးမည်။

ကိုယ်တိုင် ငါးဖမ်းနေသည်ဟု မြင်မက်လျှင် ကံကောင်း၏။ မမျှော်လင့်သည့်နေရာမှ ငွေရမည်။

ဖမ်းထားသည့်ငါးများ လွတ်သွားသည်ဟု မြင်မက်လျှင် ငွေကြေးပျောက်ဆုံးမည်။

ငါးမျှားချိတ်မှ ငါး ၁ ကောင်တန်းလန်းဖမ်းမိနေသည်ဟု မြင်မက်သော် အလိုလောဘကြောင့် ဘေးရောက်တတ်၏။

ငွေဒင်္ဂါး။ ။ ငွေဒင်္ဂါး (ပိုက်ဆံပြား) များကိုမြင်မက်လျှင် ပျော်ရွှင်ခြင်းနှင့် အောင်မြင်ခြင်းကို ရမည်။





ငွေဒင်္ဂါး အစုအပြုံလိုက် တွေ့ပြီး ကိုင်တွယ်ရေတွက်နေသည်ကို မြင်မက်လျှင် အလွန်ကံကောင်း သည်ဟု ဆိုရမည်။

ငွေဒင်္ဂါး အကြွေစေ့တစ်စေ့ လက်ထဲက လွတ်ကျပြီး ပျောက်ဆုံးနေသည်ကိုရှာရလျှင် အိမ်တွင်းရေး အဆင်မပြေမှု၊ နိုက်ရန့်ဖြစ်ပွားမှု ကြုံရမည်။

ငိုကြွေးခြင်း။ ။ ကြီးမားသော ပျော်ရွှင်မှုနှင့် တွေ့မည်။

ငိုက်မျဉ်းခြင်း။ ။ ငိုက်မျဉ်းနေသည့်ကလေးတစ်ဦးအား မြင်မက်လျှင် အသေးအဖွဲပြဿနာများ စိုးရိမ်စရာများနှင့် ကြုံရမည်။

သင်ကိုယ်တိုင်ငိုက်မျဉ်းနေလျှင် အိမ်တွင်းရေးကိစ္စများ ကြုံရမည်။ ပြဿနာတက်မည်။ ဆွေမျိုးချင်း ပြဿနာ တက်မည်။

ငြင်းခုံခြင်း။ ။ ရင်းနှီးသူတစ်ဦးနှင့် ငြင်းခုံရသည်ဟုမြင်မက်လျှင် တစ်စုံတစ်ယောက်၏ အကူအညီတောင်းခြင်းကို သင် ခံရလိမ့်မည်။ သူစိမ်းတစ်ဦးနှင့် ငြင်းခုံနေရသော် လူမျိုးကွဲ (ကျား၊မ) တစ်ဦးဦး၏ချစ်ရေးဆိုခြင်း ခံရမည်။

ငြိမ်သက်ခြင်း။ ။ အိပ်မက်တွင်း၌ ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်သက်လျက် မြင်မက်ပါက ပျော်ရွှင်ခြင်း၊ ကံကောင်းခြင်းကို ခံစားရမည်။

ငေးမောခြင်း။ ။ သင် တစ်နေရာသို့ ငေးမောကြည့်နေရသည်ဟု မြင်မက်လျှင် မကောင်းပါ။ ကျန်းမာရေး သတိထားပါ။

စ

စပါး။ ။ စပါးပင်များ၊ စပါးခင်းများကို မြင်တွေ့ရခြင်းသည် ငွေကြေးဥစ္စာရတနာ ဝင်မည့်အဓိပ္ပာယ်ပင်။

စပါးပုံ မြင်တွေ့ရလျှင် ငွေကြေးချမ်းသာသူတို့၏ ကူညီစောင်မခြင်းကို ခံရမည်။


www.burmeseclassic.com

www.burmeseclassic.com

စပါးကျီ။ ။ စပါးကျီကိုမြင်မက်လျှင် ကံကောင်းသည်။ အချစ်ရေးနှင့်ပတ်သက်၍ ပျော်ရွှင်မှု ဖန်တီးမည်။

စပိတ်ဖဲ။ ။ စပိတ်ဖဲချပ်ကို အိပ်မက်၌မြင်မက်ရလျှင် အလုပ်ရာထူးတိုးတက်မည်။

စစ်သား။ ။ စစ်သားများ လက်နက်ကိုင်ပြီးသွားလာနေသည်ဟု မြင်မက်လျှင် မလိုမုန်းထားသူတို့ အကောက်ကြံခြင်း ခံရမည်။

စစ်သားများ တန်းစီနေသည်ကိုမြင်မက်လျှင် သင် ဘဝတိုးတက်မှု ရုတ်တရက်တွေ့ရမည်။

စာချုပ်။ ။ မည်သည့်ကိစ္စမဆို စာချုပ်ချုပ်ဆိုရသည်ဟု မြင်မက်လျှင် မဖြေရှင်းနိုင်သည့် အကျပ်အတည်းတစ်ခုနှင့် ရင်ဆိုင်ရမည်။ စာချုပ်တွင် လက်မှတ်ရေးထိုးရသည်ဟု မြင်မက်လျှင် ငွေကြေးအတွက် စိတ်ညစ်ရမည်။

စားကျက်။ ။ စိမ်းလန်းစိုပြည်သော စားကျက်၌ ကျွဲ, နွား တိရစ္ဆာန်များ စားသောက်နေသည်ကို မြင်မက်ပါက နေအိမ်အဆောက်အအုံ ပြောင်းရွှေ့ရမည်။ သို့မဟုတ် ခရီးရှည် သွားရမည်။

စွပ်စွဲခြင်း။ ။ သင့်ကို သူတစ်ပါးက စွပ်စွဲပြောဆိုခြင်းခံရသည်ဟု မြင်မက်လျှင် အလုပ်အကိုင် တိုးတက်လုပ်ကိုင်ရမည်။

သင်က တခြားသူအား စွပ်စွဲပြောဆိုနေသည်ဟု မြင်မက်ပါက သစ္စာရှိသောမိတ်ဆွေသစ်နှင့် ကြုံတွေ့ရမည်။

စိမ်းသောအရောင်။ ။ အစိမ်းရောင်နှင့် အစိမ်းရောင်ရှိသောအဝတ်အစားများ, အရာဝတ္ထုများကိုမြင်လျှင် ခိုက်ရန်ဒေါသ ဖြစ်ပွားမည်။ စိတ်မချမ်းမသာ ဖြစ်မည်။

စေ့စပ်ကြောင်းလမ်းခြင်း။ ။ စေ့စပ်ကြောင်းလမ်းမှုနှင့် ပတ်သက်သည့်သတင်းကြားရသည်ဟု မြင်မက်လျှင် မကြာမီ သင်၏အကြံအစည်နှင့် လိုအင်ဆန္ဒများ ပြည့်ဝမည်။





သင်ကိုယ်တိုင် စေ့စပ်ကြောင်းလမ်းရာတွင် ပါဝင်နေသည်ဟု မြင်မက်လျှင် အချစ်ရေးတွင် ပျော်ရွှင်မှုရမည်။ သစ္စာရှိသော မိတ်ဆွေနှင့် ပေါင်းသင်းရမည်။

စစ်တုရင်။ ။ စစ်တုရင်ကစားနေသည်ကို ကြည့်ရှုရသည်ဟု မြင်မက်လျှင် မိမိနေအိမ်ရှိ လူများနှင့် မသင့်မတင့် ဖြစ်မည်။

သင် စစ်တုရင် ကစားနေသည်ဟုမြင်မက်လျှင် လိုအင်ဆန္ဒ မကြာမီ ပြည့်မည်။ သင်ဆောင်ရွက်သမျှ အောင်မြင်မည်။

စာရွက်။ ။ မည်သည့်စာရွက်ကိုမဆို မြင်မက်လျှင် အချစ်ကိစ္စနှင့် ပတ်သက်သောအရှုပ်အရှင်း စိတ်ဆင်းရဲစရာ ကြုံမည်။ စာရွက်စာတမ်း မီးရှို့ဖျက်ဆီးသည်ကိုမြင်မက်သော် ချစ်သူ၏ အထင်မှားမှု ခံရမည်။ စိတ်သဘောမတိုက်ဆိုင်ရှိမည်။

စားသောက်ပွဲ။ ။ ကျွေးမွေးပြုစုသည့် စားသောက်ပွဲတစ်ခု သွားရသည်ဟု မြင်မက်လျှင် မိတ်ဆွေများနှင့် ခိုက်ရန်ဖြစ်မည်။

သင်က ဖိတ်၍ကျွေးရသည်ဟု မြင်မက်လျှင် ကောင်းသည်။ ငွေဝင်မည်။

စည်ပိုင်း။ ။ စည်ပိုင်းကို မြင်တွေ့ရသည်ဟုမြင်မက်လျှင် မမျှော်လင့်သောငွေကြေး ရမည်။

စီတန်းလှည့်ခြင်း။ ။ လူအများ စီတန်းလှည့်လည်နေသည်ကို မြင်မက်လျှင် ပေါင်းသင်းဆက်ဆံရေးတွင် စိတ်ပျက် စရာများနှင့် ကြုံတွေ့မည်။ မိတ်သစ်မိတ်ဟောင်းများနှင့် စိတ်ဝမ်းကွဲမည်။ အလုပ်အကိုင်ထိခိုက်မည်။

စိုက်ပျိုးခြင်း။ ။ သစ်ပင်, ပန်းပင်များ စိုက်ပျိုးနေသည်၊ ရေလောင်းနေသည်ကို မြင်မက်လျှင် အလွန်ကောင်း၏။ အလုပ်အကိုင် လွယ်ကူစွာ အောင်မြင်မည်။ သာယာပျော်ရွှင်မှု ရမည်။



www.burmeseclassic.com

www.burmeseclassic.com

## ဆ

ဆင်။ ။ ဆင်ကိုမြင်လျှင် ဝင်ငွေကောင်းမည်။ အလုပ်အောင်မြင်မည်။ ဆင်စီးရသည်ဟု မြင်မက်လျှင် ရာထူးဂုဏ်တိုးမည်။ အစိုးရ ချီးမြှင့်သည့်ဂုဏ်ထူးများ ရမည်။

ဆင် တိုက်ခိုက်ရန်ပြုခံရသည်ဟု မြင်မက်လျှင် အလုပ် အကိုင် ရာထူးဂုဏ်သိမ် နိမ့်ကျမည်။ အရှက်တကွဲ အကျိုးနည်း ဖြစ်မည်။

ဆင်သေမြင်ရလျှင် ရာထူးဂုဏ်သိမ် တိုးမည်။ လူကြီးတို့ ချီးမြှောက်ခြင်းခံရမည်။ လူချစ်လူခင်ပေါမည်။ ဆင်သေ မြင်မက်ခြင်းသည် နိမိတ်ကောင်းခြင်း ဖြစ်သည်။

ဆိပ်ကမ်း။ ။ သင်္ဘောဆိုက်ကပ်လာသည် မြင်ရလျှင် အလုပ်ပင်ပန်းခြင်းမှ အနားယူရမည်။ အနားယူခရီး သွားရမည်။

ဆိပ်ကမ်းသည် အေးဆေးနေပါက သာယာပျော်ရွှင်ဖွယ် ခရီး သွားရမည်။

ဆိပ်ကမ်းဆူညံနေသည်ကို မြင်မက်လျှင် စိတ်မချမ်းမြေ့ဖွယ် ခရီးနှင့် ကြုံတွေ့ရမည်။

ဆံပင်။ ။ ဆံပင်ကျွတ်ထွက်သည်ဟု မြင်မက်လျှင် စီးပွားရေး ပျက် မည်။ ငွေကြေးကျပ်တည်းဆုံးရှုံးမှုနှင့် ကြုံရမည်။ ပစ္စည်းဥစ္စာ ပျောက်ဆုံးမည်။

ဆံပင်ရှုပ်ထွေးသည်ကို မြင်မက်လျှင် အမှုအခင်း ဖြစ် မည်။ ပြဿနာကြောင့် စိတ်ညစ်ရမည်။

ဆံပင်ညှပ်ရသည်၊ ရိတ်ရသည်ဟု မြင်မက်လျှင် မိမိ အမှားကြောင့် ငွေကြေးဆုံးရှုံးရမည်။

ဆေးရုံ။ ။ ဆေးရုံတက်ရသည်၊ ဆင်းရသည်ဟု မြင်မက်လျှင် မိသားစု တစ်ခုလုံး ပျော်ရွှင်ဖွယ်ဘဝရမည်။





ဆပ်ကပ်ပွဲ။ ။ ဆပ်ကပ်ပွဲတစ်ခု ကြည့်ရသည်ဟုမြင်မက်လျှင် ငွေဝင် မည်။ အလုပ်အကိုင် ကောင်းမည်။

ဆေးဝါး။ ။ ဆေးဝါးသောက်သုံးရသည်ဟု မြင်မက်လျှင် မကောင်းချေ။ ကျန်းမာရေးအတွက်သတိပေးခြင်း ဖြစ်သည်။

ဆုလာဘ်။ ။ ဆုလာဘ်တစ်စုံတစ်ရာ ရရှိသည်ဟုမြင်မက်လျှင် စပ်တူ လုပ်ငန်း လုပ်ရမည်။

ဆူးစူးသည်။ ။ ခြေထောက် ဆူးစူးသည်ဟုမြင်မက်လျှင် လက်အောက် ငယ်သား, မိမိထက်နိမ့်ကျသူများ၏ စော်ကားခြင်း၊ ဒုက္ခ ပေးခြင်းကို ခံရမည်။

လက်တွင်ဆူးစူးပါက မိမိထက်မြင့်မားသူ၏ ပြစ်တင်ခြင်း, ဆူပူကျိန်းမောင်းခြင်း ခံရမည်။

## ဇ

ဇီးကွက်။ ။ ဇီးကွက်ကိုမြင်လျှင် ကောင်း၏။ လျှို့ဝှက်စွာ ငွေများ, ပစ္စည်းများ ဝင်လာမည်။

ဇီးကွက်အသေကိုမြင်လျှင် ငွေကြေးပစ္စည်း ခိုးယူခြင်း ခံရမည်။

## ဈ

ဈေး။ ။ ဈေးထဲ လှည့်လည်ကြည့်ရှုနေသည်ဟု မြင်မက်လျှင် မမျှော်လင့်ဘဲ သတင်းကောင်း ကြားရမည်။

ဈေးဝယ်သည်ဟု မြင်မက်လျှင် ငွေကြေး မမျှော်လင့်ဘဲ ရမည်။

ဈေးသည်။ ။ မည်သည့် ဈေးရောင်းသူကိုမဆို မြင်မက်လျှင် ကံကောင်း မည်။ ပျော်ရွှင်ချမ်းသာသည့်အမှတ်အသား ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

## ည

ည။ ။ ညဘက် လမ်းလျှောက်သည်၊ တစ်စုံတစ်ရာပြုရသည် ဟု မြင်မက်လျှင် လျှို့ဝှက်သောအကြံအစည်များ ပြုရမည်။

ညနေခင်း။ ။ ညနေခင်း နေဝင်ရီတရောအချိန် သာယာသောမြင်ကွင်းကို မြင်ရလျှင် အလှူအတန်း ပြုရမည်။ တစ်ပါးသူအား ကူညီရမည်။

ညစာ။ ။ ညစာ စားသောက်ရသည်ဟု မြင်မက်လျှင် သင်၏အိမ်တွင် ဒုက္ခကျရောက်မည်။

ညစာအတွက် ဝယ်ခြမ်းရသည်ဟု မြင်မက်လျှင် အသေးအဖွဲ ပြဿနာ ကြုံမည်။

## တ

တံတား။ ။ တံတားကိုမြင်မက်လျှင် သစ္စာရှိသောမိတ်ဆွေအပေါင်းအသင်းနှင့် ကြုံတွေ့မည်။

တံတားပေါ် ဖြတ်ကျော်ရသည်ဟု မြင်မက်လျှင် အပေါင်းအသင်းတို့ကူညီမှုကြောင့် အခြေအနေ တိုးတက်မည်။

တံတားသည် မြင့်မားသည့်တံတားဖြစ်လျှင် သင့်အခြေအနေ မမျှော်လင့်ဘဲမြင့်မားမည်။ ကျိုးနေသော၊ ယိမ်းယိုင်နေသောတံတားဖြစ်လျှင် ခက်ခဲစွာကြိုးစားပြီးမှ အောင်မြင်မည်။

တဲအိမ်။ ။ တဲအိမ်ကို မြင်မက်ခြင်းသည် ကောင်း၏။ ကံကောင်းခြင်း အမှတ်အသားပင်။ သာယာပျော်ရွှင်မှုကို ရမည်။

တိမ်တိုက်။ ။ ကောင်းကင်တွင် တိမ်တိုက်များကိုမြင်မက်လျှင် ကောင်း၏။ သာယာပျော်ရွှင်ဖွယ်အခြေအနေကို ဖန်တီးမည်။

တိုက်ပွဲ။ ။ တိုက်ပွဲကိုမြင်မက်လျှင် လူအများနှင့် ခိုက်ရန်ဖြစ်တတ်သည်။





တိုက်ပွဲပြီးဆုံးသွားသည်ဟုမြင်မက်လျှင် မိမိနှင့် ရန်သူ ပြန်လည်သင့်မြတ်မည်။

တံခါး။ ။ တံခါးဖွင့်သည် ဟုမြင်မက်လျှင် အကျိုးပြုသောမိတ်ဆွေများ ရောက်လာမည်။

တံခါးပိတ်သည် ဟုမြင်မက်လျှင်မူ မကောင်းချေ။ စိတ်ဆင်းရဲခြင်း, ဝမ်းနည်းပူဆွေးခြင်း ဖြစ်လိမ့်မည်။

တံတွေး။ သလိပ် ။ ရွံရှာဖွယ် တံတွေး သလိပ်များအား မြင်မက်လျှင် ဝင်ငွေကောင်းမည်။ ကံကောင်းမည်။

တံတွေး ထွေးသည်ဟု မြင်မက်လျှင် ကျန်းမာရေးထိခိုက်မှုများနာတတ်သည်။

တံတွေးများ ခန္ဓာကိုယ်တွင်ပေကျံနေသည် ဟုမြင်မက်လျှင် ငွေကြေး လွယ်ကူစွာရမည်။

တောင်ကုန်း။ ။ တောင်ကုန်းကို မြင်မက်လျှင် မိတ်ဆွေတို့၏ကုန်းစကားကြားရမည်။ အထင်လွဲခံရမည်။

တောင်ကုန်းပေါ် တက်ရသည်ဟုမြင်မက်လျှင် ကံကောင်း၏။ အလုပ်အကိုင် ပြောင်းလွဲတိုးတက်မည်။

တောတောင်။ ။ တောကြီးတောင်ကြီးများ မြင်မက်လျှင် မသိကျွမ်းသေးသူထံမှ ငွေကြေးရမည်။

တောထဲလျှောက်သွားရသည်ဟု မြင်မက်သော် မိတ်ဆွေသစ်နှင့် ရင်းနှီးစွာပေါင်းသင်းရပြီး ဝင်ငွေကောင်းလိမ့်မည်။

တံလှပ်။ ။ တံလှပ် ဖြစ်ပေါ်နေသည်ကိုမြင်မက်က ငွေကြေးကိစ္စနှင့် ပတ်သက်၍ ကတိစာချုပ်များ မပြုလုပ်သင့်။ အမှုအခင်း ပြဿနာဖြစ်ပေါ်ပြီး အရှုပ်အနှောင်ခံရလိမ့်မည်။

တောက်တဲ့။ ။ တောက်တဲ့ အော်မြည်နေသည်ကို အိပ်မက်မြင်မက်လျှင် မိဘဆွေမျိုးကြောင့် ချစ်သူနှင့် ကွဲရမည်။



www.burmeseclassic.com

www.burmeseclassic.com



တောက်တဲ့သောကို မြင်မက်လျှင် အချစ်ရေးကြောင့် တရားဥပဒေနှင့် ရင်ဆိုင်ရမည်။

တံငါ။ ။ တံငါသည် ငါးဖမ်းနေသည်ကိုမြင်မက်လျှင် ကောင်းမွန်သည်။ အခြေအနေအရပ်ရပ် ပြေပြစ်ချောမောလိမ့်မည်။

ထ

ထွက်ခွာသည်။ ။ မိမိနေရပ်မှ တစ်နေရာသို့ ထွက်ခွာသွားသည်ဟု မြင်မက်လျှင် မကောင်း။ မှားယွင်းစွာ လုပ်ကိုင်မိသည့်ကိစ္စအတွက် ထိခိုက်နစ်နာမည်။

ထောင်။ ။ ထောင်, ထောင်သားများကိုမြင်မက်လျှင် ရင်းနှီးသူ၏

ထောင်သား လှည့်စားခံရမည်။

ကိုယ်တိုင် ထောင်သားဖြစ်နေလျှင် သင့်မိတ်ဆွေက သင့်အား ငွေကြေးဖြင့် အနိုင်ကျင့်လိမ့်မည်။

ထီ။ ။ ထီထိုး, ကံစမ်းသည်ဟု မြင်မက်လျှင် ကောင်းသည်။ ထူးခြားသည့်ကံအကျိုးပေး ခံရမည်။ ငွေကြေးလုပ်ငန်း အဆင်ပြေမည်။

ထန်းပင်။ ။ ထန်းပင်ကို မြင်မက်လျှင် ကံတရား၏ ကူညီထောက်ပံ့မှု ခံရမည်။

ထန်းပင်မှ ထန်းသီးများကိုမြင်လျှင် လိုအင်ဆန္ဒ ပြည့်စုံမည်။

ထူးဆန်းသောအိပ်မက်။ ။ အိပ်မက်သည် ထူးထူးဆန်းဆန်းမြင်မက်လျှင် စိတ်ကူးစိတ်သန်းအရမက်ခြင်းလဲသည်း ဖြစ်နိုင်၏။ အိပ်မက်အတိုင်း ဖြစ်ချင်မှဖြစ်မည်ကို သတိပြုရမည်။





ဒ

ဒေါသဖြစ်ခြင်း။ ။ ဒေါသထွက်နေသည်ဟု အိပ်မက်မြင်မက်လျှင် မကောင်းသောအဓိပ္ပာယ် ဆောင်သည်။ ကျန်းမာရေး ယိုယွင်းမည်။

အခြားသူ ဒေါသဖြစ်နေသည်ကို မြင်မက်လျှင် လူချစ်လူခင်ပေါမည်။ မိတ်ဆွေများ ကူညီမည်။

ဒဏ်ရာအနာတရ။ ။ ဒဏ်ရာအနာတရ ရသည်ဟု မြင်မက်လျှင် မကောင်းချေ။ ဆွေမျိုးသားချင်းတို့၏နှိပ်စက်ခြင်း ခံရမည်။

တစ်စုံတစ်ယောက် ဒဏ်ရာရနေသည်ကို မြင်မက်လျှင် သင့် ကျန်းမာရေး နိမ့်ကျမည်။

ဒေလီယာပန်း။ ။ ငွေကြေး, အချစ်ရေးအတွက် အလွန်ကံကောင်းသော အိပ်မက်ဖြစ်သည်။

ဓ

ဓားမြှောင်။ ။ ဓားမြှောင်သည် ခိုက်ရန်ဖြစ်ပွားမည့်နိမိတ် ဖြစ်သည်။ ဓားမြှောင်ကိုင်တွယ်ရသည်ဟု မြင်မက်လျှင် အိမ်နီးနားချင်းနှင့် ခိုက်ရန်ဖြစ်ပွားမည်။

သူတစ်ပါး ဓားမြှောင်ကိုင်သည်ဟု မြင်သော် လုပ်ငန်းနှင့် ခိုက်ရန်ရှိသည်။

လိုက်ထိုးခံရပါက မလိုမုန်းထားခံရမည်။ ထိုးခြင်း, တိုက်ခိုက်ခြင်း မြင်လျှင် မကောင်းပါ။ သင့်အပေါ် မလိုမုန်းထားသူတို့ အောင်မြင်သွားမည်။

ဓားပြ။ ။ ဓားပြလူဆိုး၏ လုယက်တိုက်ခိုက် ခံရသည်ဟုမြင်မက်လျှင် အစိုးရတာဝန်ဝတ္တရားများ ထမ်းဆောင်ရမည်။



www.burmeseclassic.com

www.burmeseclassic.com

န

နန်းတော်။ ။ ခံ့ညားသည့်နန်းဆောင်ကို မြင်မက်လျှင် ရာထူးဂုဏ်ရှိန် တိုးမည်။ အစစ အောင်မြင်မည်။ ကံကောင်းခြင်းအမှတ်အသားဖြစ်သည်။

နတ်သမီး။ ။ နတ်သမီးနှင့် တွေ့ရသည်ဟုအိပ်မက်မြင်မက်လျှင် အချစ်ရေး၊ အိမ်ထောင်ရေးအတွက် ကံကောင်းခြင်းဖြစ်သည်။

နံနက်စာ။ ။ စားသောက်ရသည်ဟု မြင်မက်လျှင် အိမ်ထောင်ရှင်များအတွက် သာယာပျော်ရွှင်ခြင်း၊ ကျန်းမာခြင်း ဖြစ်၏။ အိမ်ထောင်ရှင် မဟုတ်သူများအတွက် အရက်တကွဲဖြစ်ခြင်း၊ စွပ်စွဲခံရခြင်းဖြစ်မည်။

နာနာဘာဝ။ ။ မကောင်းဆိုးဝါး တစ္ဆေသရဲ မြင်မက်လျှင် ရန်သူထင်မှတ်သူ မိတ်ဆွေ ဖြစ်သွားမည်။ မိတ်ဆွေအပေါ် အထင်မှားမည်။

နီသောအရောင်။ ။ နီသောအဆင်းကို မြင်မက်လျှင် ခိုက်ရန်ဖြစ်ပွားတတ်၏။

ပ

ပန်းများ။ ။ ပန်းများ မြင်မက်ခြင်းသည် ကောင်းသောအိပ်မက် ဖြစ်သည်။ ပန်းများ လန်းဆန်းနေသည်ဟု အိပ်မက် မြင်မက်လျှင် ပျော်ရွှင်မည်။ ငွေဝင်မည်။

ညှိုးခြောက်နေလျှင် ဆန့်ကျင်ဘက် မြင်ရမည်။

ပန်းပေးခံရသည်ဟု မြင်မက်လျှင် စစ်မှန်သောမိတ်ဆွေနှင့် ပေါင်းသင်း ဆက်ဆံရမည်။ မိတ်ဆွေတို့၏ အကူအညီရမည်။

ပန်းသီး။ ။ ရတ်တရက်ဝမ်းသာစရာတွေ့မည်။

ပျားကောင်များ။ ။ ပျားကောင်များ ပျံဝဲနေသည်ကိုမြင်မက်လျှင် အလုပ်အကိုင်အတွက် ကောင်းသောအိပ်မက်ဖြစ်သည်။

ပျားတုပ်ခံရသည်ဟု မြင်မက်လျှင် အလုပ်အကိုင် ထိခိုက်မည်။ ကျဆုံး ပျက်စီးမည်။ စိတ်ပျက်ဖွယ်ကြုံမည်။





ပင့်ကူ။ ။ ပင့်ကူကိုသတ်ခြင်း၊ ပင့်ကူအသေတွေ့ခြင်းသည် မကောင်းပါ။ ပျက်စီးတတ်၏။

ပင့်ကူအား အနီးကပ်တွေ့လျှင် ပျောက်ဆုံးနေသည့် ပစ္စည်းပြန်ရမည်

ပုရွက်ဆိတ်။ ။ ပုရွက်ဆိတ်များ မြင်မက်လျှင် ကျော်ကြားအောင်မြင်သည့် နေရာသို့ ပြောင်းရွှေ့ရမည်။ သင့်လုပ်အားကြောင့် အောင်မြင်မည်။ ပုရွက်ဆိတ်သည် အလုပ်၏သင်္ကေတ ဖြစ်သည်။

ပင့်ကူအိမ်။ ။ သင့်ဘဝအတွက် ပြောင်းလွဲမှုတွေ့ရမည်။ အိမ်သစ်၊ အလုပ်သစ် ပြောင်းရမည်။

ပင့်ကူအိမ်ပျက်စီးသည်ဟု မြင်မက်ပါက သင့်အိမ်တွင် ဥပဒ်အန္တရာယ်ရှိသည်။

ပျော်ပွဲရွှင်ပွဲ။ ။ ပျော်ပွဲရွှင်ပွဲတစ်ခုသို့ ရောက်နေသည်ဟုမြင်မက်လျှင် ပျော်ရွှင်မှုအချိန်များ ရောက်လာမည့်သင်္ကေတ ဖြစ်သည်။

ပေါက်ကွဲသည်။ ။ ပေါက်ကွဲမှုမြင်ကွင်းကိုမြင်မက်လျှင် သင် ချစ်ခင်နေသူသည် သစ္စာရှိသူမဟုတ်။ မကြာမီ တစ်ဦးနှင့်တစ်ဦး ပြတ်စဲကင်းကွာမည်။

ပြေးလွှားသည်။ ။ ပြေးလွှားနေသည်ဟုမြင်မက်လျှင် အောင်မြင်မှုရမည်။ ပြေးရင်း လဲကျသည်ဟုမြင်မက်လျှင် အောင်မြင်မှု နှောင့်နှေးကြန့်ကြာမည်။

ပျံသန်းသည်။ ။ မိုးပေါ်သို့ ပျံတက်နေသည်၊ စီးနင်းပျံသန်းရသည်ဟု မြင်မက်လျှင် အချစ်ရေးနှင့် ဘဝတိုးတက်မှု ရမည်။ မြင့်မြင့်ပျံနိုင်လျှင် ပိုကောင်းသည်။

ပျံသန်းရင်း နိမ့်ကျလာသည်ဟု မြင်မက်လျှင် နှောင့်နှေးကြန့်ကြာမည်။



www.burmeseclassic.com

www.burmeseclassic.com



ပြက္ခဒိန်။ ။ ပြက္ခဒိန်ကြည့်ရသည်ဟုမြင်မက်လျှင် ပြီးခဲ့သည့် အကြောင်းကိစ္စတစ်ခုနှင့် ငွေရမည်။ နောက်တစ်နေ့မှာ ကြည့်ရသည်ဟု မြင်မက်လျှင် အမွေအနှစ်ငွေကြေး ရမည်။

ပန်းပွင့်(ပန်းအိုး)။ ။ ထိုအရာများမြင်ရလျှင် အချစ်ရေးအတွက် အလွန်ကောင်းသည်ဟု မှတ်ရမည်။

ပင်လယ်။ ။ ငြိမ်သက်သောပင်လယ်ကို မြင်မက်လျှင် အလွန်ကောင်း၏။ မုန်တိုင်းကျလှိုင်းထနေသည်ဟု မြင်မက်လျှင် ဒုက္ခနှင့်တွေ့မည်။

လှေနှင့် အခက်အခဲမရှိဖြတ်သန်းရသည်ဟု မြင်မက်လျှင် လိုအင်ဆန္ဒ အလျှင်အမြန် ပြည့်စုံသည်။

လှေနှင့် ခက်ခဲစွာဖြတ်သန်းရသည်ဟု မြင်မက်သော် နှောင့်နှေးကြန့်ကြာမည့်နိမိတ် ဖြစ်သော်လည်း နောက်ဆုံး အောင်မြင်မည်။

ပန်းခြံ ။ ပန်းခြံတွင် လျှောက်လည်ရသည်ဟုမြင်မက်လျှင် ကျန်းမာခြင်းနှင့် ပျော်ရွှင်မှု ရမည်။

ပုပ်ပွ ။ ပုပ်ပွနေသောအလောင်းကောင်ကို မြင်မက်လျှင် ငွေကြေးအတွက် ကံကောင်းမည်။

ဖ

ဖယောင်းတိုင်။ ။ မီးထွန်းထားသည့်ဖယောင်းတိုင်ကို မြင်မက်လျှင် ကံကောင်းမည်။ မီးငြိမ်းသွားသည်ကို မြင်မက်လျှင် တစ်စုံတစ်ဦး ဖျားနာကြောင်း သံတင်းကြားရမည်။

ဖယောင်းတိုင် ထွန်းညှိ သည်ဟု မြင်မက်လျှင် အချစ်တွင်ဖြစ်စေ၊ အလုပ်အကိုင်တွင် ဖြစ်စေ အောင်မြင်မည်။





တစ်စုံတစ်ဦး ဖယောင်းတိုင်ထွန်းညှိသည်ဟု မြင်မက်လျှင် အောင်မြင်မှုသည် သင့်မိတ်ဆွေအတွက် ဖြစ်မည်။

ဖြူကောင်။ ။ ပျောက်ဆုံးနေသည့်မိတ်ဆွေနှင့် ပြန်တွေ့မည်။

ဗ

ဗာဒံပင်။ (ဗာဒံသီး) ။ အသီးစားရသည်ဟု မြင်မက်လျှင် စိတ်ပျက်စရာ ကိစ္စရပ်နှင့် ကြုံတွေ့မည်။ ဗာဒံပင်ကို မြင်မက်လျှင် ဥစ္စာပစ္စည်း ပျောက်မည်။ လူလိမ်လူညာနှင့် တွေ့မည်။

ဘ

ဘုရင်။ ။ ဘုရင်တစ်ပါးအားမြင်မက်လျှင် စိတ်ပျက်စရာ ကြုံတွေ့မည်။

သေချာစွာ နီးနီးကပ်ကပ် တွေ့သည်ဟု မြင်မက်လျှင် လိုအင်ဆန္ဒများ ပျက်စီးမည်။

ဘုရင်မ။ ။ ဘုရင်မကို တွေ့ရသည်ဟုမြင်မက်လျှင် အောင်မြင်မည်။ စကားပြောရသည်ဟုမြင်မက်လျှင် ကြိုးစားမှုကြောင့် အရာရာအောင်မြင်မည်။

ဘီလူး။ ။ ဘီလူးကဲ့သို့သော လူကို မြင်လျှင် နောက်ကွယ်၌ မကောင်းကြံသူ ရှိနေမည်။

ဘီလူးကအန္တရာယ်ပြုသည်ဟု မြင်မက်လျှင် အလုပ်အကိုင် ဖျက်စီးခံရမည်။ ကူညီသည်ဟု မြင်မက်လျှင် ရုတ်တရက် မမျှော်လင့်ဘဲအောင်မြင်မည်။

ဘုန်းကြီးကျောင်း။ ။ ဘုန်းကြီးကျောင်းကို မြင်ခြင်း, သွားသည်ဟု မြင်မက်ခြင်းသည် ကောင်းမွန်၏။ မိတ်ဆွေသင်္ဂဟ၏ချစ်ခင်မှု ခံစားရမည်။



www.burmeseclassic.com

www.burmeseclassic.com

ဘင်ခရာတီးဝိုင်း။ ။ ဘင်ခရာတီးဝိုင်းတစ်ခု တီးမှုတ်သံကို ကြားရလျှင် ချမ်းသာပျော်ရွှင်မှုကို ရမည်။

တီးမှုတ်သံကြောင့် နားငြီးနေလျှင် စိတ်ပျက်စရာအကြောင်းနှင့် ရင်ဆိုင်ရမည်။ ပျော်ရွှင်စွာ တီးမှုတ်ကခုန်နေလျှင် သာယာသောအိမ်ထောင်ရေးကို ဖန်တီးရမည်။

ဘုရားရှိခိုးကျောင်း။ ။ အင်္ဂလိပ်ဘုရားရှိခိုးကျောင်းကို အဝေးမှမြင် တွေ့ရလျှင် သင်၏ချစ်သူက သင့်အား အမြန်လက်ထပ်နိုင်း လိမ့်မည်။

ဘုရားရှိခိုးကျောင်း သွားသည်ဟု မြင်မက်လျှင် ချစ်သူနှင့် အမြန်လက်ထပ်ရမည်။

မ

မီး, မီးဖို။ ။ မီးလင်းလက်နေသည်ကို မြင်မက်လျှင် လက်ထပ်ရမည်။ မတောက်တစ်ချက်တောက်တစ်ချက်ဖြစ်နေလျှင် စိတ်ညစ်စရာပြဿနာနှင့် ကြုံမည်။

အဖိုးတန်ပစ္စည်းများ မီးလောင်သည်မြင်လျှင် ငွေကြေးပျောက်ဆုံး နစ်နာမည်။ ဥစ္စာပစ္စည်း ပျက်စီးမည်။

မီးမရှိသော မီးဖိုကိုမြင်လျှင် သာယာပျော်ရွှင်ခြင်း ကင်းမဲ့မည်။ ဝမ်းနည်းကြေကွဲမှု ကြုံမည်။

မီးတောင်။ ။ မီးတောင်ကိုမြင်မက်လျှင် မမျှော်လင့်သောငွေကြေး ဝင်မည်။ အလွန် ကံကောင်းမည်။

မီးခွက်။ ။ ထွန်းလင်းတောက်ပသည့်မီးခွက်ကို မြင်မက်လျှင် အချစ်ရေးကံကောင်းမည်။ ချမ်းသာကြွယ်ဝသူနှင့် ချစ်ကြိုက် ရမည်။

မီးခွက်မှ မီးငြိမ်းသွားလျှင် ကံဆိုးမည်။ ချစ်သူအတွက် ကြေကွဲဖွယ်သတင်း ကြားရမည်။

မီးခွက်ထွန်းညှိသည် မြင်မက်သော် အချစ်သစ်ဖန်တီးမည်။ ခင်မင်ရင်းနှီးသူဘဝမှ ချစ်သူဖြစ်မည်။





မီးခွက်မီး ငြိမ်းသွားသည်ကိုမြင်မက်သော် ချစ်သူတွင် ထိခိုက်အန္တရာယ် ရှိမည်။ မလိုမုန်းထားသူ၏ စော်ကားခြင်း ခံရမည်။

မွေးဖွားသည်။ ။ ကလေးမွေးဖွားသည်ဟု မြင်မက်သော် နိမိတ်ကောင်းသည်။ ကောင်းသောကံတရားကြောင့် ငွေများ ရှာရမည်။

မွေးဖွားခြင်းနှင့်ပတ်သက်သည့် သတင်းစကားကြားရသည်ဟုမြင်မက်လျှင် အလုပ်အကိုင်ရာထူး တက်မည်။ ကြံစည်ရည်ရွယ်ချက် အောင်မြင်မည်။

တိရစ္ဆာန်မွေးဖွားသည်ဟုမြင်မက်လျှင် အောင်မြင်မှုတွေ့သော်လည်း ခက်ခဲပြီးမှအောင်မြင်မည်။

မီးလောင်သည်။ ။ ရပ်ကွက်, နေအိမ် မီးလောင်သည်ဟုမြင်မက်လျှင် ရုတ်တရက် ကျရောက်မည့်အန္တရာယ်ကို သတိပေးခြင်းဖြစ်သည်။

သစ်ပင်ချုံပုတ် မီးလောင်သည်ဟုမြင်မက်လျှင် ခင်မင်ရင်းနှီးသူတို့၌ အန္တရာယ်တစ်စုံတစ်ရာ ရှိသည်။

မီးပြတိုက်။ ။ မီးပြတိုက်ကိုမြင်မက်သော် သင့်ချစ်သူနှင့် မကြာမီလက်ထပ်ရမည်။

မီးပြတိုက်ပေါ် တက်ရသည်၊ မီးပြတိုက်သို့ရောက်နေသည်ဟုမြင်မက်သော် ချစ်သူ၏ထောက်ပံ့ကူညီမှု ရမည်။

မြက်ခင်းပြင်။ ။ စိမ်းလန်းသော မြက်ခင်းပြင်ကိုမြင်မက်လျှင် ကောင်းသည်။ ခြောက်သွေ့သော မြက်ခင်းကိုမြင်ရလျှင်မူ မကောင်းချေ။ စိတ်ညစ်စရာ ကြုံရမည်။

မုန်တိုင်း။ ။ မုန်တိုင်းကျနေသည်ဟု မြင်မက်လျှင် မမျှော်လင့်ဘဲ တိုးတက်အောင်မြင်မှုရမည်။ အကြံအစည်သစ်များဖြင့် အောင်မြင်မည်။



www.burmeseclassic.com

www.burmeseclassic.com

မုန့်တိုင်းကြောင့် သင်နေထိုင်ရာ အိုးအိမ်ပျက်စီးသည်ဟု မြင်မက်လျှင် သင့်လုပ်ငန်း ပထမခက်ခဲပြီး နောက်ဆုံး အောင်မြင်မည်။

မုန့်တိုင်းကျပြီး ငြိမ်သက်နေသည်ဟု မြင်မက်လျှင် အဘက်ဘက်မှတိုးတက်အောင်မြင်မည်။

## ယ

**ယဇ်ပလ္လင်။** ။ ယဇ်ပလ္လင်နှင့်ပတ်သက်သည့် အိပ်မက်သည် ဒုက္ခ၊ ခက်ခဲခြင်း၊ ပင်ပန်းခြင်း၊ ရဲရင့်မှုဖြင့်လွန်မြောက်ခြင်း နိမိတ် ဖြစ်သည်။

**ယပ်တောင်။** ။ ယပ်တောင်နှင့်ပတ်သက်သည့် အိပ်မက်တွင် အဓိပ္ပာယ် ၂ မျိုး ထွက်၏။

တစ်မျိုးမှာ အချစ်ရေးနှင့်ပတ်သက်သည့် ပြိုင်ဖက်ဖြစ်ပြီး၊ တစ်မျိုးမှာ ပျော်ရွှင်မှုလွန်ခြင်းနှင့် ချစ်သူအပေါ် ပေါ့ပြက်ခြင်း ဖြစ်၏။

## ရ

**ရှုးသွပ်ခြင်း။** ။ ရူးနေသူတစ်ဦးဦးအား မြင်တွေ့ရခြင်းသည် မကောင်းချေ။ အဆင်မပြေခြင်း၊ အခက်အခဲနှင့်ရင်ဆိုင်ရခြင်း၊ ကံကြမ္မာ၏လှည့်ချော်ခြင်း ဖြစ်သည်။

အရူး၏ ရန်ပြုမှုခံရသည်ဟုမြင်မက်လျှင် သင့်လုပ်ငန်းအား လုပ်ကြံဖျက်ဆီးမည့်ရန်သူ ရှိသည်။ မနာလိုသူက ပျက်စီးရာပျက်စီးကြောင်း ကြံစည်မည်။

**ရန်ပွဲ။** ။ ရန်ပွဲကို မြင်တွေ့ရသည်ဟု မက်သော် သင့်အိမ်တွင်းရေး၌ မကျေနပ်စရာတစ်ခုခု တွေ့မည်။





## လ

**လိပ်ပြာ။** ။ ရောင်စုံလိပ်ပြာကို မြင်မက်ပါက ပျော်ရွှင်မှုရမည်။ ချစ်သူနှင့် သာယာပျော်ရွှင်သောခရီးကို သွားရမည်။ အချစ်ရေးတွင် ကံကောင်းသောအမှတ်အသား ဖြစ်၏။

လိပ်ပြာအသေကို မြင်လျှင် မကောင်းချေ။ ချစ်သူ ၂ ဦး အကြား ကြမ္မာဆိုးဝင်မည်။ ကွဲကွာနေရမည်။ အချစ်ရေး၊ အိမ်ထောင်ရေးအတွက် မကောင်းသောနိမိတ် ဖြစ်၏။

**လိမ့်ကျသည်။** ။ အိမ်၊ သစ်ပင်၊ အမြင့်တစ်ခုခုမှလိမ့်ကျသည်ဟု မြင်မက်လျှင် ပစ္စည်းဥစ္စာ ဆုံးရှုံးပျက်စီးမည်။

**လျှာဒါန်းခြင်း။** ။ လျှာဒါန်းခြင်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမဆို ကောင်း၏။

**လှောင်အိမ်။** ။ လှောင်အိမ်ကို မြင်မက်ရာ၌ လှောင်အိမ်သက်သက် ဘာမျှ မပါသော် ကောင်း၏။ သင်၏ လွတ်လပ်ပျော်ရွှင်မှု အခြေအနေတို့ကောင်းမည်။

လှောင်အိမ်တွင်း၌ ကျေးငှက် စသည့်တို့ရှိပြီး သေဆုံးနေသည်ဟုမြင်မက်လျှင် သင်၏မိတ်ဆွေ သို့မဟုတ် ချစ်ခင်သူမှ ဒုက္ခပေးမည့် နိမိတ်ပင်။

လှောင်အိမ်မှ လွတ်မြောက်ထွက်ပြေးသည်ဟု မြင်မက်လျှင် ချစ်သူနှင့်ပတ်သက်သောစိုးရိမ်စိတ်များ မကြာမီ ပျောက်ကင်းပြီး ပျော်ရွှင်ကြည်နူးရလိမ့်မည်။

**လူပြက်။** ။ သင့်တွင် ရန်သူရှိနေခြင်းနိမိတ် အိပ်မက်ပင်။

**လက်ဝါးကပ်တိုင်။** ။ လက်ဝါးကပ်တိုင်အား မြင်မက်ခြင်းသည် သင်မျှော်လင့်ထားသည့်အရာများ ပျက်စီးဆုံးရှုံးရန် နိမိတ်ပင်။ အထူးသဖြင့် အချစ်ရေးတွင် ဝမ်းနည်းဆုံးရှုံးမှုနှင့် ရင်ဆိုင်ရမည့်နိမိတ်။


www.burmeseclassic.com

www.burmeseclassic.com

လွတ်မြောက်ခြင်း။ ။ သင့်အိပ်မက်တွင် ရန်သူလက်မှဖြစ်စေ၊ တစ်စုံတစ်ခုသော ဘေးဥပဒ်အန္တရာယ်မှဖြစ်စေ လွတ်မြောက်သည်ဟု မြင်မက်ပါက ကောင်းသည်။ ကံကြမ္မာက အမြဲတမ်း အထောက်အကူ ပေးလိမ့်မည်။

လေပွေ။ ။ လေပွေတိုက်ခတ်ခြင်း မြင်မက်လျှင် တစ်စုံတစ်ရာသော အန္တရာယ်နှင့် နီးကပ်နေပြီဟု ညွှန်းဆိုသည့်နိမိတ် ဖြစ်သည်။

လှေကားထစ်။ ။ သင် လှေကားအထက်သို့ တက်ရသည်ဟုမြင်မက်လျှင် အချစ်ရေးနှင့် အလုပ်အကိုင် အောင်မြင်မည်။

ဆင်းရသည်ဟု မြင်မက်လျှင် မကောင်းချေ။ စိတ်ပျက်စရာနှင့် ကြုံရမည်။

လျှပ်စီး။ ။ ကောင်းကင်၌ လျှပ်စီးလက်သည်ဟု မြင်မက်လျှင် အလွန်ကောင်း၏။ သင့်တိုးတက်အောင်မြင်မှုအတွက် များစွာကံကောင်းသည့် အိပ်မက်ပင်။

လက်ထပ်ခြင်း။ ။ လက်ထပ်ခြင်းနှင့်ပတ်သက်၍ မြင်မက်သမျှအိပ်မက်တို့သည် သတင်းဆိုးများကြားရမည့် နိမိတ်အဓိပ္ပာယ်ပင်။

လက်ဆောင်။ ။ လက်ဆောင်ပစ္စည်းရသည်ဟု မြင်မက်ပါက ကံကောင်းထောက်မမှု ရလိမ့်မည်။

သင်က လက်ဆောင်ပေးရသည်ဟု မြင်မက်လျှင် ကျန်းမာရေး ချို့ယွင်းမည်။

လက်ထိပ်။ ။ သင့်လက်တွင် လက်ထိပ်ခတ်သည်ဟု မြင်မက်လျှင် သင်၏ မဆင်မခြင်လုပ်မှုကြောင့် သင်၏ပေါင်းသင်းဆက်ဆံရေးနှင့် စီးပွားရေးလုပ်ငန်းများတွင် များစွာနစ်နာမည်။





ဝ

ဝမ်းသာခြင်း, ဝမ်းနည်းခြင်း ။ ။ ထူးခြားစွာ ဝမ်းသာရသည်ဟုမြင်မက်လျှင် စီမံကိန်းပျက်စီးမည်။ ဝမ်းနည်းမှု ကြုံရမည်။

သင် ဝမ်းနည်းစိတ်ဆင်းရဲသည်ဟု မြင်မက်လျှင် အထူးကောင်းမွန်သောသတင်း မကြာမီကြားလိမ့်မည်။

ဝတ်လစ်စလစ်။ ။ သိက္ခာမဲ့ရှင်းနီးသူဖြစ်ပါက စိတ်ဆွဲလန်း၍ ဖြစ်နိုင်သည်။

သိက္ခာမဲ့ခြင်း မရှိသူ, မမြင်ဘူးသူဖြစ်လျှင် သတိချပ်ရမည်။ အချစ်ရေး, အိမ်ထောင်ရေးနှင့်ပတ်သက်၍ ခိုက်ရန်ဖြစ်ပွားမည်။ `

ယောကျ်ားတစ်ဦးဦး အဝတ်အစားကင်းမဲ့နေသည်ကို တွေ့မြင်ရလျှင် ခန္ဓာကိုယ် ထိခိုက်ဒဏ်ရာ ကြီးစွာရမည်။ ချစ်ခင်သူတစ်ယောက် ဘေးအန္တရာယ်ကျရောက်မည်။

သင်ကိုယ်တိုင် ဝတ်လစ်စလစ်ဖြစ်နေလျှင် ဖျားနာရောဂါတစ်ရပ်ရပ် ကြုံရမည်။

မိန်းမပျိုတစ်ဦးအနေဖြင့် အိပ်မက်တွင် မိန်းမတစ်ဦး ဝတ်လစ်စလစ်ဖြစ်နေလျှင် မကောင်းချေ။ နာမည်ဆိုးထွက်မည်။ မလိုမုန်းထားသည့်မိန်းမ၏ စော်ကား, သတင်းဖြန့်ခြင်းခံရမည်။

သ

သရဲ။ ။ သရဲတစ္ဆေကို မြင်ရလျှင် သင့်တွင် ချစ်သူရှိပါက ချစ်သူ၏ ပြင်းထန်သည့်ခိုက်ရန်ဖြစ်ပွားမှု ဖြစ်ပေါ်မည်။ ချစ်သူ အမုန်းခံရမည်။ ငွေကြေးများစွာ ဆုံးရှုံးမည်။

သင့်အိပ်မက်၌ မြင်ရသည့် မကောင်းဆိုးဝါးသည် သင့်ထံမှ ထွက်ပြေးလျှင် စိုးရိမ်စရာ မလိုချေ။



www.burmeseclassic.com

www.burmeseclassic.com

သီချင်းဆိုသည်။ ။ ပျော်ရွှင်စွာသီချင်းဆိုနေရသည်ဟု မြင်မက်လျှင် ကောင်း၏။ မည်သည့်ကိစ္စမဆို ကံကောင်းမည်။

သီချင်းဆိုနေသူကို မြင်မက်လျှင်လည်း အလားတူနိမိတ်ကောက်ရမည်။

သဲကန္တာရ။ ။ ပူပြင်းသောသဲကန္တာရကို ဖြတ်ရသည်ဟုမြင်မက်လျှင် အခက်အခဲတစ်ရပ်ရပ်နှင့် ကြုံနိုင်၏။

သဲကန္တာရအတွင်း ညဘက် အေးချမ်းစွာသွားနေရသည်ဟု မြင်မက်လျှင် သင့် လုပ်ငန်းများ အောင်မြင်ချောမွေ့မည်။

သစ်ပင်တက်သည်။ ။ အကိုင်းအခက်များနှင့် သစ်ပင်ပေါ်သို့ လွယ်ကူစွာ တက်ရသည်ဟု မြင်မက်ပါက အချစ်ရေးတွင် ကံကောင်းမည်။

သစ်ပင်သို့ ခဲယဉ်းစွာတက်ရပါက အရာရာ နှောင့်နှေးကြန့်ကြာမည်။

သတ်ဖြတ်သည်။ ။ လူကိုဖြစ်စေ၊ တိရစ္ဆာန်ကိုဖြစ်စေ ရက်စက်စွာသတ်ဖြတ်ရသည်ဟု မြင်မက်လျှင် ကံဆိုးခြင်းအထိမ်းအမှတ်ပင်။ မတော်တဆမှုကြောင့် သေဆုံးသည်ဆိုသော် အရေးမကြီးချေ။

သင်မဟုတ်ဘဲ တခြားသူသတ်ဖြတ်နေသည်ကို မြင်ရသည်ရှိသော် သင့်စီးပွားရေးလုပ်ငန်းအတွက် အန္တရာယ်ရှိသည်။

သွေး။ ။ သွေးကွက် သို့မဟုတ် သွေးယိုစီးကျနေသည်ကို မြင်မက်သော် သင့်မိသားစု ခိုက်ရန်ဖြစ်ပွားနေသည်ကို မြင်ရမည်။

မည်သည့်ပုံသဏ္ဌာန်နှင့်ဖြစ်စေ သွေးကိုမြင်ပါက ကံမကောင်းခြင်း၊ မပျော်ရွှင်ခြင်းနိမိတ်ပင်။

သုဘရာဇာ။ ။ သုဘရာဇာကိုမြင်မက်ပါက သင် ဖျားနာခြင်းမရှိဘဲ ကျန်းမာနေပါလျှင် 'သတိပေးခြင်း' မှတ်ပါ။ ပြင်းထန်စွာဖျားနာလိမ့်မည်။





(ထို့အတူ ထိုအိပ်မက်သည် အတွင်းစိတ်ကြောက်ရွံ့မှုကြောင့်ဖြစ်ပါက မည်သည့်ထူးခြားသည့်အဓိပ္ပာယ်မျှ ဖြစ်မည်မဟုတ်ချေ။)

သတို့သမီး၊ သတို့သား ။ ။ သင်သည် သတို့သား အဖြစ်လည်းကောင်း၊ သတို့သမီးအဖြစ်လည်းကောင်း မြင်မက်ပါက မကောင်းချေ။ စိတ်ပျက်စရာပြဿနာများနှင့် ကြုံရမည်။

သတို့သမီးနှင့် စကားပြောရသည်ဟုမြင်မက်သော် သင့်ချစ်သူ၌ စိတ်ပျက်စရာ ကျရောက်မည်။

သားလိုးစား။ ။ သားလိုးစားကို မြင်မက်ခြင်းသည် မကောင်းသောနိမိတ်သာဖြစ်၏။ အချစ်ရေး ကံမကောင်းချေ။

သားလိုးစားနှင့် ထိရှမိမည်ဆိုလျှင် ကံကြမ္မာဆိုးကြောင့် ဝမ်းနည်းကြေကွဲစရာနှင့် ရင်ဆိုင်ရမည်။

## အ

အမှောင်။ ။ အမှောင်တွင် စမ်းတဝါးဝါးသွားနေသည်ဟု မြင်မက်လျှင် ငွေကြေး ဆုံးရှုံးနစ်နာမည်။ သို့မဟုတ် မိတ်ဆွေတစ်ဦးနှင့် ခိုက်ရန်ဖြစ်ပွား စကားများပြီး ကင်းကွာသွားမည်။

အမှောင်ထဲမှထွက်ပြီး လိုရာသွားနိုင်သည်ဆိုလျှင် ကောင်း၏။ အခြေအနေအားလုံးအတွက် ကောင်းသောနိမိတ်ပင်။

အဆောက်အအုံ။ ။ ထူးဆန်းသောအဆောက်အအုံကို မြင်မက်လျှင် အိုးအိမ်ပြောင်းရွှေ့ရမည်။ အထူးသဖြင့် ပင်လယ်ရပ်ခြားသို့ ပြောင်းရွှေ့ရမည်။ တောက်ပသောနေရောင်အောင်၌ ခံ့ညားကြီးမားသည့်အဆောက်အအုံအား မြင်ရလျှင် များစွာအကျိုးကျေးဇူး ရှိလာမည်။

အစုအဝေး။ ။ လူစုလူဝေးကိုမြင်ရလျှင် လုပ်ငန်းများ မမျှော်လင့်ဘဲ ရပ်ဆိုင်းသွားလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

**အလှူအတန်း။** ။ အလှူအတန်းအား ငြင်းပယ်လျှင် အကျိုးပေးကောင်းမည် မဟုတ်။

လှူဒါန်းရသည်ဟု မြင်မက်လျှင် အကျိုးပေးကောင်းမွန်မည်။ ချစ်သူတစ်ဦး တွေ့မည်။

အလှူအတန်းသို့သွားရခြင်း၊ တွေ့မြင်ခြင်းသည် ငွေကြေးနှင့် အဖိုးတန်ပစ္စည်း ဝင်မည့်နိမိတ် ဖြစ်သည်။

**အလံ။** ။ လေတွင် အလံလွင့်ယမ်းနေသည်ကို မြင်လျှင် ရန်သူတစ်ဦးဦး၏အန္တရာယ်ကို သတိပြုရမည်။

အလံကို တစ်စုံတစ်ဦး သယ်သွားသည်ဟု မြင်လျှင် သင်ချစ်သောသူ၏ ချီးမွမ်းခြင်းကို ခံရမည်။

ချီတက်ခြင်းကို မြင်မက်ပါက ထင်ရှားကျော်ကြားသူတို့နှင့် ချစ်ကျွမ်းဝင်ရမည်။

**အမဲလိုက်ခြင်း။** ။ အမဲလိုက်ရသည်ဟု မြင်မက်လျှင် ကံမကောင်းချေ။ အမဲကောင်ပစ်ရသည်ဟု မြင်မက်လျှင် ရန်သူရှိခြင်း နိမိတ်ပင်။ သင့်အား နှောင့်ယှက်မည့်သူများ ပေါ်ပေါက်လာမည်ကို သတိပြုပါ။

**ဩဘာလက်ခုပ်သံ။** ။ ဩဘာလက်ခုပ်သံ ကြားရခြင်း၊ ဩဘာပေးခြင်း ခံရသည်ဟုမြင်မက်လျှင် သင့်အား ဒုက္ခပေးမည့်သူကို သတိပြုပါ။

**အိပ်မက်။** ။ သင့်အိပ်မက်၌ အိပ်မက်မြင်မက်လျက်ရှိသည်ကို မြင်မက်လျှင် မတွေ့ကြုံဘူးသည့်အဖြစ်အပျက် တွေ့ကြုံမည်။

**အပြစ်ပေးခြင်း။** ။ ၎င်းအိပ်မက်သည် ကံမကောင်းခြင်းနိမိတ် ဖြစ်သည်။

**အပျက်အစီး။** ။ အပျက်အစီး အကျိုးအပဲ့နှင့် ပတ်သက်သည့်အိပ်မက်သည် ပင်ပန်းမှုကို ဖော်ပြ၏။





သင် အပျက်အစီးဖြစ်၍ စိတ်ပျက်နေလျှင် သင့်အလုပ်အကိုင်တွင် ပင်ပန်းမှုကြောင့် ဖျားနာခြင်း ဖြစ်မည်။

ဧ

**ဧည့်သည်။** ။ ဧည့်သည်ကို ပြုစုရသည်ဟုမြင်မက်လျှင် ရက်ရောသူတစ်ဦးနှင့် တွေ့ရလိမ့်မည်။

ဉ

**ဦးထုပ်။** ။ ဦးထုပ်ဆောင်းထားသူအား မြင်မက်လျှင် အောင်မြင်မှုရလိမ့်မည်။

သင် ဦးထုပ်ဆောင်းရသည်ဟု မြင်မက်လျှင် အောင်မြင်မှုရနိုင်သည်။

ဦးခေါင်းနှင့်သင့်တော်သည့် ဦးထုပ်ကို ဆောင်းရသည် မြင်မက်သော် တစ်စုံတစ်ဦးအပေါ် ချစ်ကျွမ်းဝင်မှုဖြစ်မည်။

**ဥယျာဉ်။** ။ ပန်းများနှင့်ပြည့်သည့် ဥယျာဉ်တွင်းသို့ ရောက်ရှိနေသည်ဟု မြင်မက်ပါက သင့်ကံကြမ္မာ အထူးကောင်းမွန်နေမည်။ ဥယျာဉ်တွင် ပေါင်းမြက်များနှင့် ပြည့်နေသည်ဟု မြင်မက်ပါက သင့်လုပ်ငန်းတစ်ခု အောင်မြင်လိမ့်မည်။ ထိုလုပ်ငန်းသည် သင့် စီးပွားရေးအခြေအနေ ထိခိုက်ကျဆင်း ဒုက္ခရောက်မည်။



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း ၄
# အစ္စလာမ် လောကီအိပ်မက်နိမိတ်ကျမ်း



www.burmeseclassic.com

www.burmeseclassic.com



## ၁၉- အိပ်မက်မှန်ရာ၊ မမှန်ရာ နေ့ရက်များ

ကျမ်း၏အဆိုအရ အိပ်မက်မှန်ခြင်း၊ မမှန်ခြင်းကို အိပ်မက်မက်သည့် နေ့ရက်များအရ မှတ်ယူရမည်ဟု ပြဆို၏။

နေ့ရက်များအရ အိပ်မက်မှန်ခြင်း၊ မမှန်ခြင်းသည် ဖြစ်သည်ဟု ဆို၏။

အနွလမ်ကျမ်းအဆိုအရ အိပ်မက်မှန်သောနေ့ရက်များအဖြစ် 'ဟန္နကပြီ လဆန်း ၆-၇-၈-၉-၁၀-၁၅-၁၇-၁၉-၂၂-၂၇-၃၀ စသည့် ရက်များတွင် မြင်မက်သည့်အိပ်မက်များသည် အမှန်ဖြစ်သည်' ဟုပြဆို၏။

ထို့အတူ ၄င်းလဆန်း ၄-၅-၁၁-၁၂-၁၆-၁၇ ရက်များတွင် မြင်မက်သည့် အိပ်မက်များသည် မြန်လည်းမြန်တတ်သလို ကြာလည်းကြာတတ်၏။ ကျမ်း၌ အလတ်စားအဖြစ် ပြဆို၏။

၄င်းလဆန်း ၁၃-၁၄-၂၀-၂၁-၂၅-၂၆-၂၈-၂၉ စသည့်ရက်များ၌ မြင်မက်သည့် အိပ်မက်များသည် မှန်ကန်မှုမရှိသောအိပ်မက်များ ဟုကျမ်းက ပြဆို၏။

၄င်းလဆန်း ၂-၃-၂၃-၂၄ စသည့်ရက်များ၌ မြင်မက်သော အိပ်မက်ကိုမူ အိပ်မက်စဉ်အတိုင်းမစဉ်းစားဘဲ ပြောင်းပြန်ကောက်ယူပါဟု ကျမ်းကပြဆိုသည်။ ၄င်းလဆန်း ၂၂ ရက်နေ့မြင်မက်သော အိပ်မက်ကိုမူ အကောင်းမက်လျှင် အဆိုးမှတ်ယူပါ ဟုပြဆိုထားသည်ကို တွေ့ရ၏။ အကောင်းမက်လျှင် အဆိုးဖြစ်သည်ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com

၁ - **ကောင်းကင်နှင့်ဆိုင်သည့် အိပ်မက်အဖွင့်**

၁ - မိုးပေါ်သို့တက်ရသည်ဟု မက်မူ တန်ခိုးကြီးသူဖြစ်မည်။ ၂ ဘဝ ကောင်းမည်။

၂ - မိုးကောင်းကင်ကို မြင်မက်မူ ဂုဏ်ထူးရအံ့။ သားရအံ့။

၃ - မိုးကောင်းကင်မှကျသည်ဟု မြင်မက်မူ မကောင်းပါ။

၄ - မိုးကောင်းကင်သို့ပျံတက်သည်ဟု မြင်မက်မူ ခရီးများအံ့။

၅ - မိုးတိမ်ကို မြင်မက်မူ လူချစ်လူခင်များမည်။ ကျော်စောထင်ရှားမည်။

၆ - မိုးသားတက်လာသည်၊ မိုးအုံ့ဆိုင်းသည်ကို မြင်မက်မူ စိတ်ဒုက္ခများအံ့။

၇ - မိုးတိမ် မြင်မက်မူ အစိုးရနှင့်ပတ်သက်၍ အကျိုးရှိမည်။

၈ - မိုးရွာသည်မက်မူ အကျိုးရအံ့။

၉ - မိုးကြက်ကျားရွာသည် မက်မူ စိတ်ပင်ပန်းရအံ့။

၁၀ - မိမိကိုယ်ပေါ် ကြက်၍ရွာမူ ကောင်းမှုပြုပါ။

၁၁ - မကျန်းမာသူက မိုးရွာ၊လျှပ်လက်သည်မြင်မက်မူ ကောင်း၏။ မကျန်းမာသူ ကျန်းမာလာမည်။

၁၂ - မိုးမှောင်ကျပြီး မိုးခြိမ်းသံကြားရသည်ဟု မြင်မက်မူ အစိုးရအပြစ် ကျရောက်နိုင်၏။

၁၃ - သက်တန့်ကို မြင်မူ ကောင်း၏။

၁၄ - နေကိုကိုင်ရသည်ဟုမြင်မက်မူ ဘုရင်ဖြစ်အံ့။

၁၅ - နေရောင် ကိုယ်ပေါ်ကျသည်ဟု မြင်မက်မူ အောင်မြင်မည်။

၁၆ - နေကြွတ်သည်ဟု မြင်မက်မူ အစိုးရ (ဘုရင်) နှင့်ဆိုင်၏။ သို့မဟုတ် မိဘနှင့် ဆိုင်၏။

၁၇ - အိမ်တွင် နေထွက်သည်ဟုမြင်မက်မူ အောင်မြင်အံ့။

၁၈ - နေထွက်သည်ကို မြင်သည်ဟုမက်မူ မိန်းမဖြစ်က သားကောင်းရမည်။

၁၉ - နေကဲ့သို့ မျက်နှာရှိသည်မက်မူ အောင်မြင်မည်။ ကျန်းမာမည်။





၂၀ - အရောင်မည်းသည့်နေကို မြင်မူ ပူပင်သောက များမည်။

၂၁ - လကို ဆုပ်ကိုင်ရသည်ဟု မြင်မက်မူ ကောင်း၏။ မင်းစိုးရာဇာ ဖြစ်မည်။

၂၂ - လကို ချီပွေ့ရသည်ဟုမြင်မက်မူ အကျိုးပေးမည်။ သားကောင်းရမည်။

၂၃ - လ အိမ်တွင်းရောက်လာသည်ဟု လည်းကောင်း၊ အိပ်ရာတွင်း ရောက်လာ သည်ဟု လည်းကောင်း မြင်မက်မူ ယောကျ်ားမက်လျှင် မိန်းမချောရမည်။မိန်းမမက်မူ ခင်ပွန်းကောင်းရမည်။

၂၄ - ဆန်းစလခြမ်း မြင်မက်မူ သားသမီးရတနာ ရမည်။ မင်း ချီးမြှောက် ခံရမည်။

၂၅ - ကြယ်ကိုမြင်မက်မူ အစိုးရနှင့်ပတ်သက်၍ အကျိုးထူးခံစားရမည်။ (ကြယ်သည် သူတော်ကောင်း၊ လူကြီးလူကောင်းနှင့် ဆိုင်၏။)

၂၆ - ကြယ်ကို ကိုင်ရသည်ဟုမြင်မက်မူ အကြီးအကဲဖြစ်မည်။

၂၇ - ကြယ်ကို စားရသည်ဟုမြင်မက်မူ ဥစ္စာပေါများအံ့။

၂၈ - ကြယ်ကြွေသည် မြင်မက်မူ အပူများမည်။

၂၉ - ကြယ် လက်ဝယ်ရသည်ဟု မက်မူ သားရအံ့။

၃၀ - ကြယ်များ မငြိမ်မသက်သွားနေသည်ဟု မြင်မက်မူ ဆင်းရဲပျက်စီးအံ့။

၂ - **မြေပြင်နှင့်ဆိုင်သည့် အိပ်မက်အဖွင့်**

၃၁ - မြေက စကားပြောသည် မြင်မက်မူ ကောင်း၏။

၃၂ - မြေကိုလျှိုးရသည် မြင်မက်မူ ဆင်းရဲအံ့။

၃၃ - မြေကို တူး၍စားရသည်မြင်မက်မူ ဆင်းရဲအံ့။ လိမ်လည်၍ ဥစ္စာရပြီး ဒုက္ခမကင်းဖြစ်မည်။

၃၄ - မိမိကို မြေမြှုပ်ခံရသည်ဟု မက်မူ ဒုက္ခကင်းမည်။

၃၅ - မြေတူး၍ ရေထွက်သည်ကို မြင်မက်မူ ဥစ္စာပစ္စည်းတိုးပွားမည်။

၃၆ - လျောင်လှုပ်သည်ဟု မြင်မက်လျှင် ပူပန်ရအံ့။ ကိုယ်ဝန်သည်က မက်မူ သားလျှော၊ သားပျက်ဖြစ်မည်။


www.burmeseclassic.com

www.burmeseclassic.com

၃၇ - မြေတွင် ပြေးရသည်မက်မူ ခရီးရှည်အံ့။

၃၈ - မြေမှုန့်စားရသည် မက်မူ ဥစ္စာပစ္စည်း တိုးမည်။

၃၉ - တောတွင်း စားသောက်ရသည် မြင်မက်မူ ၂ ဘ၀ အကျိုးရှိမည်။

၄၀ - စိမ်းစိုသည့်တောကို မြင်မက်မူ ရန်အောင်မည်။

၄၁ - တောတောင်ခြောက်သွေ့သည်ဟုမက်မူ မကောင်း။

၄၂ - တောင်ကုန်းများကို မြင်မက်မူ ဂုဏ်သတင်းတင့်မည်။

၄၃ - ကျောက်တုံးများ သယ်ပိုးရသည် မြင်မက်မူ ခက်ခဲသည့်အလုပ် လုပ်ရမည်။

၄၄ - ကျောက်ခဲ ပစ်ရသည် မက်မူ စွပ်စွဲခံရမည်။

## ၃ - ရေနှင့်ဆိုင်သည့် အိပ်မက်အဖွင့်

၄၅ - သောက်ရသည်ဟုမြင်မက်မူ အကြီးအကဲ ဖြစ်မည်။

၄၆ - ရေများများသောက်ရသည်ဟု မက်မူ ချမ်းသာအံ့။

၄၇ - မှောင်သောပင်လယ်ကို မြင်မက်မူ ဒုက္ခအပူ များအံ့။

၄၈ - ရေပေါ် လျှောက်သွားရသည်မြင်မက်မူ ဘုန်းတန်ခိုး ကြီးအံ့။

၄၉ - ရေကြည်လင်ရာသို့ကျသည် မက်မူ မင်း၏မြှောက်စားခြင်း ခံရမည်။ ရေ မသန့်မကြည်မူ ပျက်စီးမည်။

၅၀ - ရေကိုခပ်ရသည် မြင်မက်မူ အစိုးရနှင့်ပတ်သက်၍ အကျိုးရှိမည်။ အကြီးအကဲဖြစ်မည်။

၅၁ - ရေမြောင်းကို မြင်မက်မူ ရန်ရှိ၏။

၅၂ - ရေမြောင်းတွင် မိုးရေကျနေသည်ကို မြင်မက်မူ ကောင်း၏။ ရွှံ့ညွှန်ပါသည်ဟုမက်မူ အပူရှိမည်။ ရေကြည်နေသည်၊ သောက်ရသည်ဟု မက်မူ ကောင်း၏။

၅၃ - ချောင်းရေချိုးရသည်မက်မူ ကျန်းမာချမ်းသာမည်။





၅၄ - ရေတွင်းတူးရာ ရေပန်းထွက်သည် မြင်မက်မူ ဥစ္စာတိုးမည်။ ရေမထွက်လျှင် မကောင်း ဟုမှတ်။

၅၅ - ရေတွင်းထဲ ပုံး ပြုတ်ကျသည်မက်မူ မိတ်ဆွေနှင့် စိတ်ဝမ်းကွဲမည်။

၅၆ - ရေတွင်းထဲ ကျသည်၊ ဆင်းရသည် မက်မူ ဒုက္ခနှင့်ကြုံပြီးမှ အောင်မြင်မည်။

၅၇ - သစ်ပင်ရေလောင်းရင်း အသီးအရွက်ထွက်သည်ဟု မြင်မက်သော် သားသမီးရတနာ ရမည်။

၅၈ - ဖန်ခွက်, ဖလားနှင့် ရေသောက်ရသည်ဟု မြင်မက်မူ သားမယား ရမည်။ ချစ်သူနှင့် စုံဆည်းမည်။

## ၄ - မြို့ရွာအဆောက်အအုံနှင့်ဆိုင်သည့် အိပ်မက်အဖွင့်

၅၉ - တံတိုင်းကို မြင်မက်မူ ကောင်း၏။

၆၀ - တိုက်အိမ်ကျယ်ကျယ်ကို မြင်မက်မူ ကောင်း၏။

၆၁ - အိမ်တွင်း တံမြက်လှည်းရသည်ကို မြင်မက်မူ ဆုံးရှုံးရမည်။ ဆင်းရဲမည်။

၆၂ - အိမ်သစ်ကို မြင်မက်လျှင် အိမ်ထောင်ကျအံ့။

၆၃ - တံခါးအကျိုးအပျက်ကို မြင်မက်မူ အိမ်နှင့်နိုက်မည်။ အတွင်းတံခါးပျက်သည်ဟုမက်မူ မိန်းမနိုက်မည်။

၆၄ - အိမ်မီးလောင်သည်ဟုမက်မူ ဒုက္ခကြုံရအံ့။

၆၅ - တံခါးပြိုလဲကျသည်ဟု မြင်မက်မူ ကျန်းမာရေးချို့တဲ့မည်။

၆၆ - ပြတင်းတံခါးကို မက်ခြင်းသည် သားသမီးနှင့် ဆိုင်သည်။

၆၇ - အိမ်တံခါးပိတ်ရသည်ကိုမက်မူ မိန်းမနှင့်ပြဿနာရှိ၏။

၆၈ - စာသင်ကျောင်းကို မြင်မက်မူ အစပိုင်း ဒုက္ခနှင့်ကြုံပြီး နောက်ပိုင်း ကောင်း၏။

၆၉ - ကျယ်ဝန်းသည့်အဆောင်ကို မြင်မက်မူ အလိုပြည့်မည်။


www.burmeseclassic.com

www.burmeseclassic.com

၇၀ - ရွှေအိမ်ကို မြင်မက်မှု သတိပြုပါ။ မီးအန္တရာယ် ရှိ၏။

၇၁ - ရတနာစီခြယ်သည့်အိမ်ကို မြင်မက်မှု အသက်ရှည်၍ချမ်းသာမည်။

၇၂ - အိမ်တွင်း၌ မီးဖိုထားသည်ဟုမြင်မက်သော် အစိုးရနှင့် အကျိုးပေးမည်။

## ၅ - သစ်ပင်၊ အသီးအပွင့်နှင့်ဆိုင်သည့် အိပ်မက်အဖွင့်

၇၃ - ဆူးရှိသော သစ်ပင်ကို မြင်မက်လျှင် ပူပန်သောကရောက်မည်။

၇၄ - ခူးရဆွတ်ရသည်ဟု မြင်မက်သော် ဥစ္စာပစ္စည်းရမည်။

၇၅ - သစ်တော်သီးကို မြင်မက်မှု အရောင်းအဝယ်ဖြစ်ထွန်းအံ့။

၇၆ - သစ်သီးကို ဘုရင်စားနေသည်ဟု မြင်မက်သော် နိုင်ငံကျယ်ဝန်းအံ့။

၇၇ - သဖန်းသီးကို မြင်မက်မှု စိတ်ပျက်စရာကြုံရမည်။

၇၈ - အသီးမသီးသည့်သစ်ပင်ကို မြင်မက်မှု အကျိုးမရှိ။

၇၉ - လယ်ယာမြေကို မြင်မက်မှု ကောင်း၏။ ရိတ်ဖြတ်ရသည်ဟု မြင်မက်မှု မကောင်း။

၈၀ - ဖြူသောပန်း၊ နီသောပန်းကို မြင်မက်လျှင် စုတ်၊ လာဘ်ဝင်မည်။ ချမ်းသာရမည်။

၈၁ - သဖန်းပင်ကိုမြင်မက်မှု ပစ္စည်းဥစ္စာရမည်။

၈၂ - နှင်းဆီပန်းကိုမြင်မက်မှု တန်ခိုးကြီး၍ ဥစ္စာရမည်။

၈၃ - တမာရွက်စားရသည်ဟု မက်မှု ချမ်းသာမှုရမည်။

၈၄ - တမာရိပ်၌ ခိုရသည်ဟုမက်မှု လူကြီးမိဘများအရိပ်ခိုရပြီး ပံ့ပိုးမှုခံရမည်။

၈၅ - သစ်ပင်ထက်သို့တက်ရသည်ဟုမက်သော် အကြောက်ကင်းသည့်ဘဝ ရမည်။

## ၆ - ကုန်းတိရစ္ဆာန်နှင့်ဆိုင်သည့် အိပ်မက်အဖွင့်

၈၆ - မြင်းကို မက်မှု ဘုန်းတန်ခိုးရအံ့။

၈၇ - မြင်းနက်ကို မက်မှု ဥစ္စာရအံ့။

၈၈ - မြင်းဖြူကို မက်မှု ကျော်စောမည်။ ငွေဝင်မည်။





၈၉ - မြင်းနီကို မက်မှု ကောင်း၏။

၉၀ - ကုလားအုတ်ကို မက်မှု စုတ်၊ လာဘ်များစွာဝင်မည်။

၉၁ - မြည်းကိုမြင်မက်လျှင် ကောင်း၏။
အားအင်မရှိ ပိန်နေသောမြည်းကို မြင်မက်လျှင် မကောင်းချေ။

၉၂ - နွားအများကို ပိုင်ဆိုင်သည်ဟု မက်မှု ဥစ္စာရမည်။

၉၃ - အိုးကို မြင်မက်မှု လူလိမ်နှင့် တွေ့မည်။

၉၄ - မျောက်ကိုက်သည်ဟု မြင်မက်သော် လာဘ်တိတ်မည်။

၉၅ - ဝက်ဝံကို မြင်မက်လျှင် ရန်သူနှင့်တွေ့မည်။

၉၆ - ကျားကို မြင်မက်မှု အကြီးအကဲဖြစ်မည်။

၉၇ - ကျားကြောက်၍ ပြေးရသည်ဟု မက်မှု ချမ်းသာရအံ့။

၉၈ - ခွေးကိုက်သည်ဟု မက်မှု ရန်ရှိ၏။

၉၉ - မိမိ ဆင်ဦးစီးဖြစ်သည်ဟု မြင်မက်လျှင် ကျော်စောထင်ရှားသူ ဖြစ်မည်။

၁၀၀ - ဆင်သေကို မြင်မက်မည်၊ အရိုးအရေယူရသည်ဟု မက်မည်ဆိုလျှင် စစ် အောင်နိုင်သူ ဖြစ်အံ့။

## ၇ - ရတနာနှင့်ဆိုင်သည့် အိပ်မက်အဖွင့်

၁၀၁ - ပုလဲရတနာကို မြင်မက်မှု မိန်းမလှလှရမည်။

၁၀၂ - ရွှေထည်၊ ငွေထည် ရတနာစီခြယ်ရသည်ဟု မြင်မက်မှု အကျိုးထူး ခံစားရမည်။

၁၀၃ - ရတနာစီခြယ်သည့်ခါးစည်းကို ပတ်ရသည်ဟုမြင်မက်သော် ကျော်စော ထင်ရှားမည်။ အကြီးအကဲဖြစ်မည်။

၁၀၄ - ရတနာစီခြယ်သည့်မကိုဋ်ကို ဆောင်းရမှု ကြီးမားသောအကျိုးထူး ခံစားရမည်။

၁၀၅ - လက်စွပ်ဝတ်ရသည်ဟု မြင်မက်မှု အကြီးအကဲဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com

## ၈ - အိမ်ထောင်မှုပစ္စည်းနှင့်ဆိုင်သည့် အိပ်မက်အဖွင့်

၁၀၆ - မှန်ကြည့်ရသည်ဟု မက်မူ သားသမီးရတနာရမည်။
၁၀၇ - အဝတ်ချုပ်ရသည်ဟု မြင်မက်မူ အလိုပြည့်စုံမည်။
၁၀၈ - အမြိတ်ပါသည့်စောင်ကို မြင်မက်မူ စိတ်ပျော်ရွှင်ရမည်။ သတင်းကောင်း ကြားရမည်။
၁၀၉ - ကြေးအိုး၊ ဒယ်အိုးမြင်မက်လျှင် စုတ်၊ လာဘ်ဝင်မည်။
၁၁၀ - ရေပုံးကို မြင်မက်လျှင် ရေပါလျှင် ကောင်း၏။ ရေမပါလျှင် မကောင်းပါ။
၁၁၁ - စောင်ကိုမြင်မက်မူ ပျော်ရွှင်ချမ်းသာအံ့။ မိန်းမကောင်းရမည့် နိမိတ်ပင်။
၁၁၂ - ကြိုးကိုမြင်မက်မူ ချမ်းသာခြင်း ရမည်။
၁၁၃ - ကြိုးနှင့် ကိုယ်ကိုပတ်သည်ဟု မြင်မက်မူ အများအကျိုးဆောင်ရမည်။
၁၁၄ - စာရွက်များကို မြင်မက်မူ ဉာဏ်ပညာတိုးပွားမည်။
၁၁၅ - ကလောင်တံကို မြင်မက်မူ ဉာဏ်ပညာကြီးအံ့။ အကြီးအကဲ ဖြစ်အံ့။
၁၁၆ - မှန်အိမ်မီး ထွန်းရသည်ဟုမြင်မက်သော် စိတ်ပျော်ရွှင်ရမည်။ သားကောင်း ရမည်။
၁၁၇ - ဘောလ်ပင်ကိုမြင်မက်မူ ပျောက်သောပစ္စည်း ပြန်ရမည်။ သတင်းကောင်း ကြားရမည်။
၁၁၈ - ကလောင်တံထည့်သည့် သေတ္တာကို မြင်မက်လျှင် မိန်းမကောင်းရ၍ ပျော်ရွှင် ရမည်။
၁၁၉ - သော့ကို မြင်မက်မူ ဥစ္စာရှင် ဖြစ်မည်။
၁၂၀ - သေတ္တာ မြင်မက်မူ တပည့်ကောင်း ရအံ့။

## ၉ - စားခြင်းသောက်ခြင်းနှင့်ဆိုင်သည့် အိပ်မက်အဖွင့်

၁၂၁ - နို့သောက်ရမူ ကောင်း၏။
၁၂၂ - အရက်သောက်ရသည်ဟု မြင်မက်မူ ရန်ရှိမည်ဟုမှတ်။





၁၂၃ - မူးယစ်စေသောအရည်များ သောက်ရသည်ဟု မြင်မက်လျှင် စိတ်ပူပန် သောကဖြစ်ရမည်။
၁၂၄ - ပျားရည်ကို မြင်မက်မူ ကျန်းမာအံ့။
၁၂၅ - မုန့်ညင်းစိမ်းစားရသည်ဟု မက်မူ မကောင်း။ ကံဆိုးမည်။
၁၂၆ - အစားစားရသည် မက်မူ ဘုန်းတန်ခိုးရှိမည်။
၁၂၇ - အစားပုတ်သည် မြင်မက်မူ ရောဂါရမည်။
၁၂၈ - မြင်းနို့သောက်ရသည် မြင်မက်မူ ရောဂါဘယရှိပြီး ပစ္စည်းအများရမည်။
၁၂၉ - ကြောင်သားစားရသည်၊ ကြောင်လက်မှ လုစားသည် ဟုမြင်မက်လျှင် ပျောက်သောပစ္စည်း ပြန်ရအံ့။
၁၃၀ - မြွေကို သတ်စားရသည်ဟုမြင်မက်လျှင် ရန်သူ၏ ဖုံးကွယ်ထားသည့် စကားများ သိရမည်။
(အဆိပ်ရှိသောသတ္တဝါများနှင့်ပတ်သက်၍ ဤသို့ ကောက်ရမည်။)
၁၃၁ - ကျားသားစားရမူ ဥစ္စာရှင်ဖြစ်မည်။
၁၃၂ - စာကလေးသား စားရသည်ဟုမက်လျှင် ရောဂါကင်းပမည်။
၁၃၃ - ဆင်သား စားရသည်မက်သော် ဥစ္စာပစ္စည်း ရအံ့။ များများစားရသည်ဟု မက်မူ များများရအံ့။
၁၃၄ - ဆိတ်ခြေ၊ လက်သား စားရသည်မက်မူ ဆွေမျိုးများနှင့်ပတ်သက်၍ အန္တရာယ်ရှိသည်။
၁၃၅ - ခွေးသားစားရသည် မက်မူ ရန်သူ့လက်မှ ပစ္စည်းရမည်။

## ၁၀ - အထွေထွေအိပ်မက်များအဖွင့်

၁၃၆ - ကိုယ့်ကိုကိုယ် သတ်သည်ဟု မက်မူ ကောင်းမှုရမည်။ လမ်းကောင်းများ ကို တွေ့ရမည်။
၁၃၇ - လူတစ်ဦးကို သတ်ရသည်မက်မူ ကျန်းမာ၍ အသက်ရှည်မည်။
၁၃၈ - နဲ့မှုတ်ရသည်ဟု မြင်မက်လျှင် စိတ်ဒုက္ခရောက်မည်။

www.burmeseclassic.com



၁၃၉ - မိမိကိုယ်ကို နားပင်းသည်ဟုမြင်မက်မူ မကောင်းသတင်းကြားရမည်။

၁၄၀ - မကျန်းမာသူ၊ သေသူကိုမြင်မက်မူ ကျန်းမာမည်။ အပျော်ကို တွေ့ရမည်။

၁၄၁ - မိုးကြိုးပစ်၍ အိမ်ပြိုသည်ဟုမြင်မက်မူ ပစ္စည်းထွက်မည်။ ရောဂါရမည်။

၁၄၂ - အနာပေါက်သည်ဟု မြင်မက်မူ စုတ်ဝင်မည်။

၁၄၃ - ရန်ဖြစ်သည်ဟု မြင်မက်မူ အပြောအဆိုဆင်ခြင်ရမည်။

၁၄၄ - ယောက်ျားကနို့တိုက်ရသည်ဟုမြင်မက်မူ နို့စို့ရသူ ထောင်တန်းကျမည်။

၁၄၅ - မိမိသေသည်ဟု မြင်မက်မူ ခရီးရှည်သွားရမည်။

၁၄၆ - အိမ်အမိုးမှ မြွေကျလာသည်ဟု မြင်မက်မူ အပူဒုက္ခ တွေ့ရမည်။

၁၄၇ - ဦးခေါင်းပြတ်ကျသွားသည်ဟု မြင်မက်မူ ဆုံးရှုံးမှုများစွာ ရင်ဆိုင်ရမည်။

၁၄၈ - ဦးခေါင်း ဆီလိမ်းရသည်ဟု မြင်မက်မူ စိတ်ပူပန်သောက ရှိမည်။

၁၄၉ - မုတ်ဆိတ်ဖြူနှင့်လူကို မြင်မက်မူ ဂုဏ်သရေတိုးမည်။ အများကို စောင့်ရှောက်ရမည်။

၁၅၀ - လူတစ်ဦး၏ဦးနှောက်ကိုစားရသည်ဟု မြင်မက်မူ မမျှော်လင့်ဘဲ ပစ္စည်းရမည်။

၁၅၁ - အူထွက်သည်ဟု မြင်မက်မူ အိမ်ထောင်ပစ္စည်း တိုးပွားမည်။

၁၅၂ - လက်ပြတ်သွားသည်ဟု မြင်မက်မူ မိမိထက်အငယ် နိုက်မည်။

၁၅၃ - သဘော်စီးရသည်ဟု မြင်မက်မူ ချမ်းသာခြင်း၊ ဘေးရန်ကင်းခြင်း နိမိတ်ဖြစ်သည်။

၁၅၄ - အစိုးရနှင့် စာရင်းရှင်းရသည်ဟု မြင်မက်မူ အကျိုးရှိမည်။

၁၅၅ - ကျားစီးရသည်ဟု မြင်မက်မူ ရန်အောင်မည်။ ဂုဏ်တင့်မည်။

၁၅၆ - မီးတောက်မီးလျှံကို မက်မူ အစိုးရအပြစ်ဒဏ် ရှိ၏။

၁၅၇ - မီးလောင်သည်ဟု မြင်မက်မူ ရန်ရှိသည်။ အနည်းဆုံး ခွန်းကြီးခွန်းငယ် စကားများရမည်။





၁၅၈ - မိမိကိုယ်ကို လည်းကောင်း၊ အဝတ်ကို လည်းကောင်း မီးလောင်သည် မြင်မက်မူ ဥပဒ်အန္တရာယ် ရှိ၏။

၁၅၉ - မီးခိုးကိုမြင်မက်မူ မကောင်းဘေးရန် ရှိသည်။

၁၆၀ - နေ၊ လ အိမ်ဖွဲ့သည်ဟု မြင်မက်မူ အိုးအိမ်ရမည်။

၁၆၁ - အရက်မူးသည်ဟု အိပ်မက်သော် ပစ္စည်းဥစ္စာ ရမည်။

၁၆၂ - အလောင်းအစားပြုရသည်ဟု မြင်မက်လျှင် မကောင်း။ အန္တရာယ်ရှိ၏။

၁၆၃ - တောင်တက်ရသည်ဟု မြင်မက်သော် အကြီးအကဲဖြစ်အံ့။

၁၆၄ - ရေစုတ်ရသည်ဟု မြင်မက်မူ စိတ်ပျော်ရွှင်ရမည်။ ကျန်းမာမည်။

၁၆၅ - အဝတ်လျှော်ဖွပ်ရသည်ဟု မြင်မက်သော် အပူအပင်ကင်းမည်။

၁၆၆ - ကျေးငှက်တို့ လူစကားပြောသည်ဟု မြင်မက်မူ အမွေပစ္စည်း ရမည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## ၂၀ - အိပ်မက်နှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများ

၁ - စွန့်ပလ္လံမြင်မက်မှု ဥစ္စာနှင့် ဆိုင်၏။
၂ - သဘော်သည် ချမ်းသာခြင်းနှင့် ဆိုင်၏။
၃ - မိမိရှာသို့ ဘုရင်လာခြင်းမက်မှု ရပ်ရွာပျက်စီးခြင်းနှင့် သက်ဆိုင်၏။
၄ - အဝတ်အထည်မက်မှု မိန်းမနှင့် ဆိုင်၏။

မှတ်ချက်။

- ကျီးကန်းကို မြင်မက်မှု လူဆိုးဟု အနက်ကောက်ရမည်။
- ကြွက်သည် မိန်းမဆိုး ဖြစ်၏။
- အိပ်မက်မှန်ရာအချိန်အခါကို အထူးသတိထားရမည်။
  အေးသောရာသီ၌မက်သော အိပ်မက်များသည် မမှန်သည်က များ၏။
- အိပ်မက်မှန်ရန်ကား-
  အိပ်သူသည် ညာဘက်သို့စောင်း၍ အိပ်စဉ်မက်ခြင်း၊ စကားအမှန်ပြောသူ မက်ခြင်း စသည်ကား အိပ်မက်မှန်၏။
  ထိုသူ၏အိပ်မက်သည် ရက်'၄၀'အတွင်း၊ '၇'ရက်အတွင်း ဖြစ်ပျက်ရန် တင်ကြိုမြင်မက်ခြင်းဖြစ်သည်။ (အိပ်မက်ကြောင့် တရေးနိုးလျှင် ဆုတောင်း မေတ္တာပို့ပြီး ပြန်အိပ်စဉ်မက်ခြင်းသည် ပို၍မှန်၏။)
  အထူးသတိချပ်ရန်ကား မိမိကိုယ်တိုင် 'အိပ်မက်မကောင်း' ဟုယူဆလျှင် မည်သူကိုမျှ မပြောရ။

စာဖတ်သူများရဲ့
အောင်မြတ်ဦး





ကျမ်းကိုးစာရင်း

၁။ အိပ်မက်တိတ္ထုံကျမ်း (ဆရာဖြိုး)
၂။ ခေတ်သစ်အိပ်မက်များ (ဒေါက်တာ မောင်မောင်ညို)
၃။ လောကီပညာညွှန့်ပေါင်းကျမ်း (မှုဟောင်း)
၄။ စိတ်ပညာရှင်များ၏ အိပ်မက်သုတေသနများ (သုတေသနစာစဉ်)
၅။ ဣန္ဒိတပုရာဏ် ခေါ် ခါးပိုက်ဆောင်ကျမ်း
အယူတော်မင်္ဂလာကြီး (ဗန္ဓုလဂျာနယ်)
၆။ အဓိပ္ပာယ်ရှိသော ဖြစ်ရပ်ဆန်းအိပ်မက်များ (မင်းဇော်)
၇။ အံ့ဘွယ်နိမိတ်၊ တဘောင်နှင့် အိပ်မက်နိမိတ်များ (အောင်မြတ်ဦး)
၈။ ဘိုဓိတအဘိုဓိဟော့ဟာကျမ်း
အေမံဂျာဖရ်ဆွာဒစ်သခင်ကျမ်း
ကာရေမွှလ်အစ္စရာကျမ်း
နာဖဲခဘာယဇာကျမ်း
(မိုဟာမွဒ်အစ္စနေစိုက်ယက်သခင် (ပြုစုသည်။))
၉။ ရှေးပညာရှိကြီးများ၏ အိပ်မက်နိမိတ်အဖွင့် (သုတေသနစာတမ်း)
၁၀။ မဟာဗုဒ္ဓဝင် (မင်းကွန်းဆရာတော်ဘုရားကြီး)
၁၁။ ဇိနတ္ထပကာသနီကျမ်း (ကျီးသဲလေးထပ်ဆရာတော်)
၁၂။ ဇာတ်ကြီးဆယ်ဘွဲ့ အဖွင့် (ဒဂုန်ဦးထွန်းမြင့်)
၁၃။ မဟောသဓာဇာတ်တော်ကြီး (မင်းဘူးဦးသြဘာသ)
၁၄။ မြန်မာမင်းများ၏ အိပ်မက်များ (သိန်းသန်းထွန်း)
၁၅။ မဟာရာဇဝင်ကြီး (ဦးကုလား)
၁၆။ The DREAMS
၁၇။ Dreams and Their Meanings



www.burmeseclassic.com